စိတ်ကူးချိုချိုအနုပညာ

mgype.com



# ဂျာနယ်ကျော် အမြင်၊ အတွေး၊ အရေး

ဂျာနယ်ကျော် ဦးချစ်မောင်

ဂျာနယ်ကျော် မမလေး

mgype.com

mgyoe.com

ဂျာနယ်ကျော်စာစောင်များမှ
ပြန်လည်စုစည်းသော ဂျာနယ်ကျော်မောင်နံ့၏
စာပေလက်ရာများဖြစ်ပါသည်။
ပြည်တွင်းနှင့်
နိုင်ငံတကာအဖြစ်အပျက်များအပေါ်
သတင်းအမြင် အရေးအသားများ၊
စာပေနှင့် လူမှုရေးရာ အတွေးအမြင်ဆောင်းပါးများ စသည်ဖြင့်
လေ့လာဖတ်ရှုနိုင်ကြရန် စုစည်းစီစဉ်လိုက်ပါသည်။

ဂျာနယ်ကျော်
THE WEEKLY THUNDERER

**ဂျာနယ်ကျော့် အမြင်၊ အတွေး၊ အရေး**

ဂျာနယ်ကျော် ဦးချစ်မောင်
ဂျာနယ်ကျော် မမလေး

ISBN9789997118295
MML42
9 789997 118295
4,300.00KS

mgyoe.com

ဂျာနယ်ကျော်အမြင်၊ အတွေး၊ အရေး၊ ဂျာနယ်ကျော်ဦးချစ်မောင်၊ ဂျာနယ်ကျော်မမလေး
မျက်နှာဖုံးပန်းချီ - စိုးဝင်းငြိမ်း
စာမျက်နှာ ၃၁၇ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၄ ၃ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ဂျာနယ်ကျော်အမြင်၊ အတွေး၊ အရေး ဂျာနယ်ကျော်ဦးချစ်မောင် ဂျာနယ်ကျော်မမလေး

[ ဂျာနယ်ကျော်စာစောင်များမှ သူတို့၏လက်ရာများ စုစည်းခြင်း ]

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

## ပြည်တွင်းအရေး


၁။ လူကြီးများ လူကြီးပီပီ တရားသဖြင့်လုပ်ကြ ၁

၂။ ဝန်ကြီးများ တိုင်းပြည်ကို ပမာမခန့် မပြောနှင့် ၄

၃။ လာဘ်မစားအောင် မလုပ်နိုင်ကြဘူးလား ၈

၄။ အစိုးရတို့ ဖိနှိပ်လျှင် မှားလိမ့်မည် ၁၃

၅။ အာဇာနည်သူရဲကောင်းတို့အဖို့ ပန်းကုံး ၁၆

၆။ ဦးစောအစိုးရ တိုင်းပြည်ကို ဖွင့်ပြောလော့ ၁၉

၇။ ဂျပန် – အောင်ဆန်း ခေါ်လာသည် ဆိုသော
စွပ်စွဲချက်မှာ မှန်သလား၊ မှားသလား ၂၃

၈။ လယ်သမားများကို ယခုလို တရားစွဲ အရေးယူနေလျှင်
ယခုနှစ် လယ်လုပ်နိုင်ကြပါဦးမလား မှားနေပြီ–မှားနေပြီ ၃၁

၉။ ကျောင်းသားခေါင်းဆောင်များ မိန်းမရကုန်ပြီ ၃၆


## သတင်းဆောင်းပါး


၁။ တံစိုးလက်ဆောင်ပေးယူခြင်းနှင့် ဂတိလိုက်ခြင်းများ ၄၁


mgyoe.com

mgyoe.com

၂။ ပစ်တိုင်းထောင် စာရေးဆရာကြီး ၄၅
၃။ ထောင်ထဲရောက်နေသူများကို သနားလျှင် အကျဉ်းထောင် အုပ်ချုပ်မှု စုံစမ်းရေးကော်မတီကို ကူလော့ ၅၂
၄။ ဝွသမားကြီး ခေါင်းဖော်နိုင်ပါဦးမည်လော ၅၆
၅။ အာဏာရှင်များ၏ ဇက်ကို ဆွဲနေသူများ ၆၂
၆။ ဝွသမားကြီး ဤတစ်ပွဲတွင် ရှုံးလေပြီလော ၆၆
၇။ မြုပ်နေသော မင်းသားကြီး ၆၉
၈။ ဟစ်တလာ၏ အခါပေး ဂျာမန် ဦးပုည ၇၈
၉။ ဂျာမန်ဖိုးသမားများလက်ချက် ဒုက္ခဖြစ်ရပုံ သိရှိလိုသလား ၈၂
၁၀။ အမျိုးသမီး သန်း ၅၀ ကျော်၏ ခေါင်းဆောင် ၉၄
၁၁။ အနောက်နိုင်ငံနှင့် အဆင့်အတန်းချင်း ကွာလှသော မြန်မာလယ်သမားများ ၁၀၀
၁၂။ ကမ္ဘာ့ငြိမ်းချမ်းရေး စခန်းကြီးဆီသို့ ချီတက်နေသည့် ခြေလှမ်းကြီး ၁၁၀
၁၃။ ငြိမ်းချမ်းရေး တည်မြဲရန် ကမ္ဘာ့အလုပ်သမားများ ညီညွတ်သွေးစည်းကြ ၁၁၅

## စာပေရေးရာ

၁။ သတင်းစာအယ်ဒီတာဘဝကား မည်သို့နည်း ၁၂၁
၂။ ဘာကြောင့် ဂျာနယ်ကျော်သည် ၃ နှစ်ကျော်ကျော် မထွက်ဘဲနေခဲ့၍ ယခုအချိန်တွင်မှ ထွက်ပေါ်လာရသနည်း ၁၂၄
၃။ အခု ရေစက် ၁၂၇
၄။ ဂျာနယ်ကျော်၏ နေ့စဉ်မှတ်တမ်း ၁၃၇
၅။ ဂျာနယ်ကျော်၏ နေ့စဉ်မှတ်တမ်း ၁၄၁
၆။ ဒဂုန်တာရာ၏ (မေ) နှင့် စာအုပ်ထင်မြင်ချက် ၁၄၅
၇။ အယ်ဒီတာ ၁၄၈

mgyoe.com

mgyoe.com

လူမှုရေးရာ

၁။ မင်္ဂလာဆောင်ဖို့တောင် ကြော်ငြာပြီးပြီ
ခုနေ နောက်ဆုတ်လို့ ဖြစ်နိုင်ပါဦးမလား ၁၆၃
၂။ အိမ်ရှင်သက်လယ် မှတ်သားဖွယ် ၁၆၇
၃။ ဤလင်ဤမယား ဤစကားကိုဆိုလျှင် ဤလို ရန်စစ်
အမှန်ဖြစ်မည် ၁၆၉
၄။ အိမ်ရှင်သက်လယ် မှတ်သားဖွယ် ၁၇၃
၅။ အိမ်ရှင်သက်လယ် မှတ်သားဖွယ် ၁၇၅

နိုင်ငံတကာဖြစ်ရပ်များ

၁။ လင်ရွေးပွဲကို ကြံကြံစည်စည် ထွင်သူကလေး ၁၇၉
၂။ ကြက်ဥပေါင်၌ နဖူးစာရေးလိုက်သော မိန်းမပျို ၁၈၅
၃။ အာလူးနှင့်မှျားပြီး ဘဝသစ်သို့ ပို့ခဲ့ရှာသူ ၁၉၂
၄။ လက်ရေးရှင် ၁၉၇
၅။ ကမ္ဘာကျော် မိန်းမသူလျှို ၂၀၂
၆။ ယောကျ်ားနှင့်မိန်းမ တကယ်တမ်းပြိုင်လျှင် ၂၀၉
၇။ သမီးကို သေနတ်ပြောင်းဝသို့ပို့သော အချစ်မှား ၂၁၇
၈။ ဖွဲကောင်းလှသော ရှေ့နေစုံထောက်ဒေါ်စံရှား ၂၂၄
၉။ နာရီဝက်ဇာတ်လမ်း အဖြစ်ဆန်း ၂၃၀
၁၀။ မျက်နှာဖုံးကြီးနှင့် အနှစ် ၃၀ လုံးလုံးနေခဲ့ရသူ ၂၃၇
၁၁။ မသေမိသေသူ ၂၄၄
၁၂။ တွေ့ရာသချိုင်း ၂၅၁
၁၃။ တစ္ဆေခြောက်သော အိမ်ကြီး ၂၅၈
၁၄။ မမေ့နိုင်သော ဟိုနေ့ည ၂၆၄
၁၅။ လူမှားလို့ ၂၇၀
၁၆။ ကျွန်တော်တွေ့ဆုံခဲ့ရဖူးသော လူဆိုးကြီးတစ်ဦး ၂၇၆
၁၇။ ခြေပြတ်လက်ပြတ်နှင့် လောကကြီးထဲရောက်သူ ၂၈၁
၁၈။ တူတူပုန်းရင်း ကွဲသွားကြသော မောင်နှံ ၂၈၈

mgyoe.com

mgyoe.com

၁၉။ ဂျာမန်အာဏာရှင် ဟစ်တလာ၏ လမ်း ၄ သွယ် ၂၉၂
၂၀။ လူသားစား စုန်းမဂူ ၂၉၅
၂၁။ ရင်ဆိုင်တွေ့သော မိတ်ဆွေနှစ်ဦး ၃၀၀
၂၂။ လူ့သွေးဖြင့် နေ့တိုင်းရေချိုးလာခဲ့သော မိန်းမ ၃၀၆
၂၃။ တရုတ်တို့၏ ရန်သူ မင်းသမီး သူလျှို ၃၁၁

❐

mgyoe.com

mgyoe.com



# လူကြီးများ လူကြီးပီပီ တရားသဖြင့်လုပ်ကြ

*ဒေသန္တရအဖွဲ့တစ်ခု၏ အအုပ်အချုပ် ညံ့ဖျင်းခြင်း၊ ၎င်းအဖွဲ့၏ လုပ်ကိုင်ဆောင်ရွက်ချက်များ မှားယွင်းချွတ်ချော် မလျော်မကန်ခြင်းများမှာ အများအားဖြင့် ၎င်းအဖွဲ့ဝင်လူကြီးများ မသိနားမလည်သဖြင့် ရိုးသားစွာ မှားယွင်းကြခြင်းထက် သိလျက်နှင့် တမင်သက်သက် မိမိတစ်ကိုယ်တည်း အကျိုး၊ ဆွေမျိုးသားချင်းအကျိုး၊ ပါတီအကျိုး စသည်တို့ကို ငဲ့ညှာထောက်ထားကာ အမှားမှားအယွင်းယွင်း လုပ်ကိုင်ခြင်းကြောင့်ဖြစ်သည်က များလေသည်။*

မြန်မာပြည်တွင် မြူနီစီပယ် ဒိစတြိတ်ကောင်စီ၊ ဒိစတြိတ်စကူးဘုတ် စသည့်အဖွဲ့များကို ဒေသန္တရ ကိုယ်ပိုင်အုပ်ချုပ်ရေး ၁၉၂၁ ခုနှစ်ကစ၍ တီထွင်ပေးအပ်ခဲ့ရာယခုဆိုလျှင် ၁၈ နှစ်ခန့်မျှပင်ရှိပြီဖြစ်သော်လည်း တချို့မြူနီစီပယ် ဒိစတြိတ်ကောင်စီ ဒိစတြိတ်စကူးဘုတ်များကို အအုပ်အချုပ် ညံ့ဖျင်းသည်ဆိုပြီး အစိုးရက ပြန်လည်သိမ်းပိုက်ခြင်းများကို တွေ့ရှိနေရသဖြင့် များစွာ စိတ်ပျက်ဝမ်းနည်းဖွယ် ကောင်းလေသည်။

ဤကဲ့သို့ အစိုးရက ပြန်လည်သိမ်းပိုက်ခြင်းများကို ကျွန်ုပ်တို့ အနည်းငယ်မျှသဘောမတူနိုင်သော်လည်း ထိုပြန်လည်သိမ်းပိုက်ခြင်းခံရသည့် အဖွဲ့များကို စီမံအုပ်ချုပ်လုပ်ကိုင်လျက်ရှိသော လူကြီးများကိုကား လုံးဝ အပြစ်ကင်းသည် ဟူ၍မဆိုနိုင်ပေ။

mgyoe.com

ဒေသန္တရအဖွဲ့တစ်ခု၏ အအုပ်အချုပ် ညံ့ဖျင်းခြင်း၊ ၎င်းအဖွဲ့၏ လုပ်ကိုင်ဆောင်ရွက်ချက်များ မှားယွင်းချွတ်ချော် မလျော်ကန်ခြင်းများမှာ အများအားဖြင့် ၎င်းအဖွဲ့ဝင်လူကြီးများ မသိနားမလည်သဖြင့် ရိုးသားစွာ မှားယွင်းကြခြင်းထက် သိလျက်နှင့် တမင်သက်သက် မိမိတစ်ကိုယ်တည်းအကျိုး၊ မိမိဆွေမျိုးသားချင်းအကျိုး၊ မိမိပါတီအကျိုး စသည်တို့ကို ငဲ့ညှာထောက်ထားကာ အမှားမှားအယွင်းယွင်း လုပ်ကိုင်လျက်ရှိခြင်းကြောင့် ဖြစ်သည်က များပြားလေသည်။

ထိုလူကြီးများ ထိုကဲ့သို့ မရိုးမဖြောင့် လုပ်ကိုင်ခြင်းများကို အံ့ဩဖွယ်မရှိပေ။ အဘယ်ကြောင့်ဆိုသော် ထိုလူကြီးများမှာ မူလအစ ဒေသန္တရအဖွဲ့လူကြီးအဖြစ် အရွေးခံစဉ်ကပင် မြို့စိတ်ရွာစိတ်ရှိပြီး မြို့ရေးရွာရေးတို့ကို စေတနာရိုးဖြင့် ကိုယ်ကျိုးမပါ ဗလာသက်သက် ဆောင်ရွက်လိုလှ၍ မဟုတ်။ မြို့ရေးရွာရေးကို ဟန်ပြကာ ဂုဏ်ပကာသနကို မက်မော၍ လည်းကောင်း၊ အဖွဲ့ဝင်လူကြီးအဖြစ်နှင့် ရရှိသော အခွင့်အာဏာကို အလွဲသုံးစားပြုကာ ကိုယ်ကျိုးအတွက် ဆောင်ရွက်လိုကြခြင်းကြောင့် ၎င်းအဖွဲ့ဝင်လူကြီးအဖြစ် အရွေးခံခဲ့ခြင်းက များသည်ဟုဆိုလျှင် မှားမည် မဟုတ်ပေ။

ထိုကဲ့သို့ မရိုးဖြောင့်သောစိတ် အရင်းခံ၍ လုပ်ကိုင်ခြင်းကြောင့်ပင် တချို့နေရာများ၌ အလုပ်ကိစ္စတစ်ခုကို မြို့ရွာ၌ အမှန်အကျိုးရှိမည်ကိုသိလျက် လုံးဝ မဆောင်ရွက်ဘဲ နေခြင်း၊ မလွဲသာ၍ ဆောင်ရွက်ပြန်လျှင်လည်း သာမန်ကာလျှံကာ ဖြစ်ကတတ်ဆန်း လုပ်ကိုင်ခြင်းများ ဖြစ်နေကြလေသည်။ တစ်ခါတစ်ရံ မိမိအထက်က လူကြီးများ လုပ်ကိုင်၍သွားခဲ့သော အလုပ်ကိစ္စများကိုပင် မိမိတို့နှင့် ပါတီချင်းမတူ အယူဝါဒကွဲပြားခဲ့လျှင် မုန်းတီးသောစိတ်နှင့် မြို့သူမြို့သား၊ ရွာသူရွာသားများ၏ အကျိုးကိုမျှ မထောက် ခေါက်ခေါက်ရက်ရက် ဖျက်ဆီး၍ ပစ်တတ်ကြလေသည်။ ကျွဲနှစ်ကောင်ခတ်ရာတွင် မြေဇာပင်မခံနိုင်ဆိုသကဲ့သို့ အဖွဲ့ဝင်လူကြီးများ တစ်ဦးနှင့်တစ်ဦး အတိုက်အခံဖြစ်ကာ တစ်ဦးလုပ်ပြီးသား အလုပ်ကို တစ်ဦးက ဖျက်ဆီးခြင်း၊ တစ်ဦးလုပ်ရမည့် အလုပ်ကို တစ်ဦးက နှောင့်ယှက်ခြင်းပြုနေကြရာ ကြားထဲမှ မြို့သူမြို့သား ရွာသူရွာသားမှာ အကြောင်းမဲ့ အနစ်နာခံ၍ နေကြရလေသည်။

အထက်၌ဖော်ပြသကဲ့သို့ ကိုယ်ကျိုးကိုယ်တွက်တာ ကိုယ့်ဆွေမျိုးသားချင်းများ၏ အကျိုး၊ ကိုယ့်ပါတီအကျိုးအတွက် မြို့သူမြို့သား ရွာသူရွာသားများ၏ ငွေကို သုံးဖြုန်းခြင်း မပြုပြန်လျှင်လည်း မိမိတို့အလိုကို မလွန်ဆန်နိုင်။ မိမိတို့ အာဏာစက်ရိပ် မကင်းကြသည့် သမီးအရွယ် နှမအရွယ်မျှလောက်သော ဆရာမကလေးများကို ခွေး

mgyoe.com

mgyoe.com

ဆောင်ဖြားယောင်း၍ ပေါင်းသင်းလေ့ရှိသော လူကြီးတချို့ပင်ရှိသေးရာ များစွာ စက်ဆုပ်ရွံရှာဖွယ် ကောင်းလေတော့သည်။

ရပ်သူရွာသားများက လူကြီးဟူ၍ တင်မြှောက်ထားသော လူကြီးတချို့တို့၏ အထက်ပါ အပြုအမူ အကျင့်အကြံတို့မှာ ၎င်းတို့ကိုချည်း ထိခိုက်သည် မဟုတ်။ မြန်မာလူမျိုးတစ်မျိုးလုံးကိုလည်း အထင်အမြင်သေးစေ၍ ဤမျှသေးငယ်သော ဒေသန္တရအဖွဲ့ကလေးကိုပင် ကောင်းမွန်စွာ မအုပ်ချုပ်နိုင်။ မစီမံ မခန့်ခွဲနိုင်သေးသော လူမျိုးကို မည်ကဲ့သို့ တိုင်းပြည်အုပ်ချုပ်ရေး ပေးအပ်နိုင်ပါမည်နည်းဟု ပြောစရာဖြစ်အောင် လုပ်နေသည်နှင့် တူလှချေသည်။

ထို့ကြောင့် ထိုအဖွဲ့များတွင် လုပ်ကိုင်လျက်ရှိသော လူကြီးများသည် မိမိတို့ နယ်ပယ်မြို့ရွာ၏ အရေးကိစ္စကို ဆောင်ရွက်ရာတွင် မြန်မာပြည် တစ်ပြည်လုံးရှိ မြန်မာလူမျိုးတို့၏ မျက်နှာကို ထောက်ထားကာ ဆောင်ရွက်ဖို့သင့်လေသည်။ မိမိတို့ နယ်ပယ်အတွက် မိမိတို့ လက်ဝယ်ရရှိသော အခွင့်အရေးများမှာ မသေးငယ်လှပေ။ နိုင်ငံထူထောင်ရေးဖြစ်သော ပညာရေး၊ ကျန်းမာရေးများကို ထိုက်သင့်သလောက် လက်ဝယ်ရရှိထားပြီးဖြစ်ရာ ထိုအခွင့်အရေးများ၏ အကျိုးခံစားထိုက်သမျှကို မြို့သူမြို့သား၊ ရွာသူရွာသားများ ခံစားရလေအောင် အရေးပိုင်၊ ခရိုင်ဝန်တို့နှင့် အတိုက်အခံ လုပ်လျက်ပင်ဖြစ်စေ ကြိုးစားဆောင်ရွက်အပ်လှပြီဖြစ်ကြောင်း သတိပေး ရေးသားရသတည်း။ ။

ဂျာနယ်ကျော်၊
စက်တင်ဘာ ၂၊ ၁၉၃၉။

mgyoe.com

mgyoe.com

## ဝန်ကြီးများ တိုင်းပြည်ကို ပမာမခန့် မပြောနှင့်

*လွှတ်တော်ဥက္ကဋ္ဌကြီးကလည်း လွှတ်တော်ပွဲကျရုံ မပြောထိုက်။ ။ ရဟန်းတော်များ ကိစ္စကို ပုံတော်မူခါနီးမှ အရေးကြီးသည်ဟု ဝန်ကြီးများနှင့် ဥက္ကဋ္ဌက ထင်မြင်သလော။*

### လွှတ်တော် အစည်းအဝေးကား စခဲ့ပြီ

အငှားမော်တော်ကားမောင်းသမားများ၊ ဟိုတယ်ဆိုင်ရှင်များ၊ နိုင်ငံရေး ပွဲစားများနှင့် အကြွေးရှင်များ အထူးမျှော်လင့်တောင့်တနေခဲ့ကြသော အောက်လွှတ်တော် အစည်းအဝေးကြီးသည် ဩဂုတ်လ ၂၈ ရက်နေ့တွင် စတင် ဖွင့်လှစ်ခဲ့လေပြီ။

ထိုသို့ စတင် ဖွင့်လှစ်သည့်နေ့က ၂ နာရီကျော်ကျော်မျှသာ စည်းဝေးပြီး ထိုနေ့အဖို့ ပြီးသွား၏။ အရေးကြီးပါသည်ဟု ပြောဆိုတင်သွင်းသော ရေဘေးကိစ္စ ဆွေးနွေးရေး အဆိုကို နောက်တစ်နေ့ညနေသို့ ချိန်းဆိုလိုက်၏။ နောက်တစ်နေ့တွင် ဆွေးနွေးရာ၌လည်း စကားကြောရှည်နေ၍ မျောသွားတော့၏။ ထိုနေ့ညဘက်တွင် အစိုးရဘက်သား အမတ်များက တစ်နေရာ။ အတိုက်အခံ ဘက်သားများက တစ်နေရာ။ ကိုယ်စီကိုယ်င ကိုယ့်လိုဘ ပြည့်ဖို့အတွက် ထုံးစံအတိုင်း စိုင်းပြင်းကြရာ နောက်တစ်နေ့ထုတ် ဗန္ဓုလသတင်းစာက (အစိုးရဘက်တွင် ဗမာတိုင်းရင်းသား မဲများ ကမ်းပြိုသလို ထောက်ခံသောမဲတွေ ပြိုကျ၍နေကြောင်း၊ အစိုးရဘက်က ပြိုကျလာသမျှ မဲများမှ အတိုက်အခံဘက်သို့ အင်အားကြီးမားသည်ထက် ကြီးမားတိုးတက်လျက်

mgyoe.com

mgyoe.com
နေရာ အစိုးရဘက်တွင် အင်အားမရှိ ဖြစ်နေကြောင်း၊ ဖြုတ်ချရေးအဆို မတင်ရဘဲနှင့်ပင် အစိုးရအဖွဲ့ပျက်ဖို့ များနေကြောင်း) နှင့် ရေးလိုက်၏။

သူရိယကလည်း (လက်ရှိအစိုးရကမူ အကြမ်းအားဖြင့်ပင် မဲ ၇၀ မှာ သေချာနေသည်ဆိုပြီး အယုံအကြည်မရှိ အဆိုကို အရေးမလုပ်သည့် ဟန်ဖြင့် အေးအေးပင်ရှိနေကြောင်း၊ ဒေါက်တာ၏ အယုံအကြည်မရှိအဆိုမှာ အောင်မြင်ကောင်း အောင်မြင်ဦးမလို၊ ထင်စားဖွယ်ရာရှိသည်ဟု အတွင်းရေး မသိသူတို့က ကုလားထိုင်ပေါ်မှ ထိုင်ရင်း ရေးသားပြောဆိုနေကြကြောင်း) ဖြင့် ရေးလိုက်သည်ကို တွေ့ရှိရ၏။ မြန်မာ့အလင်းတွင်မူ အခြေအနေ ကြည့်ရခြင်းအားဖြင့် အတိုက်အခံဘက်က အင်အားမည့်လှဟူ၍သာ ဖော်ပြထားသည်ကို တွေ့ရ၏။ မှုချပင် တင်သွင်းခြင်း၊ ပြုလတ္တံ့သော၊ အယုံအကြည်မရှိအဆို မဲခွဲသည့်နေ့မှပင် မည်သူအမှန် ဖြစ်ကြောင်း၊ ကောင်းကောင်းကြီး သိရတော့မည် ဖြစ်၏။

## မညီညွတ်သော ညီညွတ်ရေး

ညီညွတ်ရေး ငါးပွင့်ဆိုင်ဘက်တွင်လည်း ညီညွတ်ရေးစကားကို ပြောရာမှ မညီမညွတ်ဖြစ်ကာ ညီညွတ်ရေးလုပ်ငန်းလုပ်ဖို့ တာဝန်လွှဲအပ်ခြင်းခံရသူ ဦးဘရွှေသည် စိတ်တိုတိုဖြင့် အစည်းအဝေးမှ ထွက်သွားခြင်း ပြုခဲ့၏။

ထိုအစည်းအဝေးတွင် ပြောကြားကြသော စကားရပ်များသည် ပြောကြားသူတို့၏ စိတ်နေသဘောထားအမှန်ကို ပြသသောကြောင့် တိုင်းပြည်က အထူးမှတ်သားထားဖွယ်ကောင်း၏။

## ပမာမခန့်ပြောသော ဝန်ကြီးများ

အောက်လွှတ်တော်တွင် တချို့သော တာဝန်ခံ ဝန်ကြီးတို့ ပြောကြားသောစကားများမှာ အလွန်ရာဇဂုဏ်မောက်သဖြင့် များစွာ မကျေနပ်ဖွယ် ဖြစ်နေချေသည်။ ဝန်ကြီးဆိုသည်ကား တိုင်းပြည်၏ မဲဖြင့် အမတ်ဖြစ်ပြီး မိမိ၏ ပရိယာယ် ဝေဝုစ်ဉာဏ်ဖြင့် အဖွဲ့အစည်းအရုံး တည်ထောင်ကာ အခြားအဖွဲ့များနှင့် ပေါင်းစပ်နိုင်မှ ရာထူးကိုလက်ခံလုပ်ကိုင်ရသောသူပင် ဖြစ်လေရာ မိမိတို့ကိုယ်ကို အစိုးရဟု ထင်မှတ်ပြီး ရာဇသံနှင့် အာခံပြောဆိုခြင်းမှာ တိုင်းပြည်၏ ကျေးဇူးကို ကောင်းကောင်းကြီး ကန်းခြင်းဖြစ်သဖြင့် အလွန် စက်ဆုပ်ဖွယ် ကောင်းလှလေသည်။
mgyoe.com

 mgyoe.com


ကျွန်ုပ်တို့ ထုတ်ဆောင်ခြင်းပြုရမည့် သာဓက တစ်ရပ်ကား၊ ဦးဘလှိုင်က ရဟန်းတော်များ ထောင်ထဲ၌ အစာငတ်ခံနေသည့် ကိစ္စကို ဆွေးနွေးလို၍ အစည်းအဝေး ရွှေ့ဆိုင်းပေးရန် အဆိုတင်သွင်းသည်တွင် ပြည်ထဲရေးဝန်ကြီး ဦးဘဘေက ပြန်လှန်ပြောကြားသော စကားများပင် ဖြစ်ပေ၏။

ဦးဘဘေ၏ စကားရပ်များအနက် ယခု အဆိုတင်ခွင့်တောင်းခြင်းကို ကန့်ကွက်ရသဖြင့် အားနာကြောင်း၊ ယခု အစာမစားဘဲနေသော ဘုန်းကြီးခုနစ်ပါးသည် ရာဇဝတ်ပြစ်မှုကြီးများ ကျူးလွန်သဖြင့် ထောင်ဒဏ် နှစ်နှစ်မှ ၂၅ နှစ်အထိ အကျဉ်းခံနေရသူများ ဖြစ်ကြောင်း၊ ထောင်ထဲ၌ ဘုန်းကြီး အကျဉ်းသမားပေါင်း ၄၈ ယောက်ရှိရာ ပြစ်မှုများမှာ အလွန်ဆိုးဝါးကြောင်း၊ ဘုန်းကြီးအကျဉ်းသမားများအား ထောင်တစ်ခုမှာ စုရုံးထားဖို့ မိမိ စဉ်းစားပါသေးကြောင်း၊ သို့ရာတွင် ထောင်ဒဏ်နှစ်တိုးသော အကျဉ်းသားအား ထောင်ပြောင်းခြင်း မပြုရဟု ဥပဒေက ဆိုထားပြန်ကြောင်း၊ ယခုကိစ္စမှာ ရုတ်တရက် ရှောင်တခင် နိုင်ငံရေး ရည်ရွယ်ချက်နှင့် ဖြစ်ပေါ်လာခြင်း ဖြစ်သည်ဟု သိရကြောင်း၊ ဘာသာရေး မဟုတ်လှကြောင်း၊ ဦးဘလှိုင်သည် မေးခွန်း ဖြစ်စေ၊ အဆိုတစ်ခု ဖြစ်စေ တင်သွင်းလျှင် အစိုးရက အရေးယူမည် ဖြစ်ကြောင်း၊ ယခုကဲ့သို့ အစည်းအဝေး ရပ်ဆိုင်းရန် အဆိုကို တင်ဖို့မသင့်ကြောင်း၊ အစာမစားသော ဘုန်းကြီးများသည် ယခု ၁၀ ရက်လောက် ကြာပြီ ဖြစ်ကြောင်း၊ သူတို့၏ အလေးချိန်မှာလည်း အန္တရာယ် ဖြစ်လောက်အောင် မကျသေးကြောင်းနှင့် ပါရှိရာ အဘယ်မျှ ဆိုးဝါးသည်ကို ကျွန်ုပ်တို့ ညွှန်ပြနေရန်ပင် မလို။ စာဖတ်သူတိုင်း လွယ်လင့်တကူ သိရှိနိုင်ကြပေမည်။

## ဉက္ကဋ္ဌကြီးကတစ်မျိုးပြောင်

ထိုသို့ဖြစ်ရှိနေရသည့်အတွင်း ဥက္ကဋ္ဌကြီးက (ယခုအခါ မစားဘဲနေသော ဘုန်းကြီးများသည် ရုတ်တရက် ဘေးမရောက်နိုင်သေးကြောင်းနှင့် ပြည်ထဲရေးဝန်ကြီးက ပြောပြကြောင်း၊ ဦးဝိစာရပင် ရက်ပေါင်း ၁၆၀ ကျော်မှ ပျံလွန်တော်မူသည်ဖြစ်၍ ထိုဘုန်းကြီးများသည် ယခု လွှတ်တော် စည်းဝေးနေသည့် ရက်အတွင်းမှာ ပျံလွန်တော်မူနိုင်မည် မဟုတ်ကြောင်း၊ ယခု ဘုန်းကြီးများ အစာမစားဘဲနေသည်မှာ ၁၀ ရက်ကြာပြီဖြစ်၍ ယခု ဆွေးနွေးရန် အရေးမကြီးသဖြင့် အဆိုကို ခွင့်မပြုကြောင်း၊) နှင့် ပြောလိုက်ပြန်ရာ သာ၍ပင် ဆိုး၍ သွားတော့၏။ ဥက္ကဋ္ဌကြီး၏ အလုပ်ဝတ္တရားများ

mgyoe.com

ထဲတွင် နိမိတ်ဖတ်သော အလုပ်မပါရှိရာ မိမိ၏ အလုပ်ဝတ္တရားကိုသာ ကျေပွန်အောင် လုပ်ပါ။ လွှတ်တော်ပွဲကျရုံ မပြောပါနှင့်ဟု ကျွန်ုပ်တို့က သတိပေးလိုက်ရပေသည်။

အစာငတ်ခံနေကြသော ကိစ္စများသည် အခြားကိစ္စများကဲ့သို့ ရက်ကြာလျှင် အရေးကြီးမှု ယုတ်လျော့သွားသည် မဟုတ်ဘဲ ရက်ကြာလေလေ အရေးကြီးလာလေလေ ဖြစ်သည်ကိုလည်း ဥက္ကဋ္ဌကြီး သတိပြုသင့်ပေသည်။ ဦးဝိစာရ ပျံတော်မူရစဉ်က လည်း လွှတ်တော်၏ ယခုလို သဘောထားမှုကြောင့်ဖြစ်ခဲ့ရာ ယခုလည်း ပျံတော်မူမည့် အခြေအနေသို့ ရောက်မှပင် အရေးကြီးသည်ဟု ယူဆကာ အမတ်များအား ဆွေးနွေးခွင့် ပြုမည်ဟုဆိုရာ ရောက်သောကြောင့် တိုင်းပြည်က ပြင်းပြင်းထန်ထန် မိမိတို့ မကျေနပ် နိုင်သည့် ဆန္ဒကို ပြသကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ရပေသတည်း။ ။

ဂျာနယ်ကျော်၊ အုပ်တွဲ ၂၊
စက်တင်ဘာ ၂၊ ၁၉၃၉။

❒

mgyoe.com

# လာဘ်မစားအောင် မလုပ်နိုင်ကြဘူးလား

*အမှုထမ်းများ တံစိုးလက်ဆောင်စားမှု ပပျောက်ယုတ်လျော့ရေးအတွက် အစိုးရတို့၏ စုံစမ်းရေးကော်မတီသည် ထိရောက်စွာဖြစ်အောင် မည်သို့လုပ်မည်နည်း။*

လွန်ခဲ့သည့်အပတ် ဩဂုတ်လ အောက်လွှတ်တော် အစည်းအဝေးတွင် "အစိုးရအမှုထမ်းများ တံစိုးလက်ဆောင်စားမှု ပပျောက်ယုတ်လျော့ရေးအတွက် စုံစမ်းရေးကော်မတီ ခန့်ထားရန်သင့်ကြောင်းနှင့် အဆိုတစ်ခုတင်သွင်းရာ အစိုးရအဖွဲ့က လက်ခံသဖြင့် ယခုအခါ ထိုအဆိုနှင့် ပတ်သက်၍ စုံစမ်းရေးကော်မတီတစ်ခု မကြာမီ စတင်အလုပ်လုပ်တော့မည်ဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့ ကြားသိရသဖြင့် ထိုစုံစမ်းရေး ကော်မတီသည် ထိုကိစ္စကို အသေးအမွှား အောက်ခြေသိမ်းမကျန် စုံစမ်းသော်ကား မြန်မာပြည်၏ လာဘ်စားခြင်း အရေးကိစ္စမှာ အတော်အတန် ပပျောက်သွားနိုင်စရာ အကြောင်းရှိပေသည်။

မြန်မာပြည်တွင် ထိုကိစ္စနှင့် ပတ်သက်၍ စာနယ်ဇင်းများ၌ မကြာခဏ ရေးသားခဲ့ကြသည်များကို ကျွန်ုပ်တို့ အကြိမ်ကြိမ် တွေ့မြင်ဖတ်ရှုခဲ့ရဖူးသည်ဖြစ်သော်လည်း ယနေ့ထိကား ထိုကိစ္စမှာ ပပျောက်သွားရန်ထားဘိဦး အနည်းငယ်မျှ ယုတ်လျော့သွားသည်ဟူ၍ပင် မကြားရမတွေ့ရဘဲ လာဘ်ပေးခြင်းနှင့် လာဘ်စားခြင်း ကိစ္စမှာ လာဘ်ပေးသူ လာဘ်စားသူတို့၏ စိတ်တွင် ကမ္ဘာ့နိယာမ တရားကဲ့သို့ အယူမှားလျက် လုပ်ရိုးလုပ်စဉ် လုပ်ကောင်းသည့် အမှုတစ်ခုကဲ့သို့ ပြုလုပ်ကျင့်ကြံနေကြသည်များကိုသာ အဖန်တလဲလဲ ကြားသိနေရပေသည်။

mgyoe.com

mgyoe.com


လာဘ်ပေးခြင်း၊ လာဘ်စားခြင်း ဟူ၍ တံစိုးလက်ဆောင်စားမှုတွင် ပေးသူနှင့် ယူသူဟူ၍ နှစ်မျိုးရှိရာ လာဘ်ပေးသူကလည်း လာဘ်စားသူအား လာဘ်နှင့် ရှေ့မဆောင်သော် မိမိလိုရာခရီးမရောက်သည့်အတွက် ပေးရ၍ လာဘ်စားသူတွင်လည်း လောဘဇောတိုက်မှုကြောင့် သို့မဟုတ် ဆိုင်ရာမှပေးသည့် လခကြေးငွေ နည်းပါးမှုကြောင့် မယူဘဲ မနေနိုင်အောင် ဖြစ်ရခြင်းကြောင့် ပေးနေယူနေကြခြင်းမှာ ထင်ရှားလျက် ရှိလေသည်။

ထိုကြောင့်ပင် တံစိုးလက်ဆောင်စားမှုကိစ္စ၏ ရင်းမြစ်ကို ပြန်လှန်စိစစ်သော် တံစိုးလက်ဆောင်စားမှု တစ်နေ့တခြား ပွားများ၍ ထိုကိစ္စမှာ အစိုးရဌာန အသီးသီးတိုင်းလိုလိုတွင် ရှိနေသည်တို့မှာ အထက်ဖော်ပြခဲ့သည့်အတိုင်း လာဘ်ပေးသူနှင့် လာဘ်စားသူ နှစ်ဦးတို့၏ နှစ်ဦးစလုံးသော အပြစ်များ ဖြစ်ကြောင်းကို သိသာနိုင်ပေသည်။ တစ်ဖန် ထိုကိစ္စနှင့် ပတ်သက်၍ ပေးသူရှိသဖြင့် ယူသူရှိကြောင်း၊ ယူသူရှိသဖြင့် ပေးသူရှိကြောင်းဟူ၍ အခါများစွာ ပြောဆိုသံကို ကျွန်ုပ်တို့ ကြားရဖူးပေသည်။ သို့အတွက် နောက်ဆုံး ထိုသူနှစ်ဦးတို့အား အသီးသီး ပပျောက်အောင် မပြုလုပ်သမျှ ထိုကိစ္စအတွက် အောင်မြင်ထမြောက်ရန် လမ်းမှာ အဘယ်နည်းနှင့်မျှ ဖြစ်မြောက်နိုင်လိမ့်မည် မဟုတ်ပေ။

မြန်မာပြည်တွင် မည်သည့်အစိုးရဌာနတွင် ဖြစ်စေ ဤကိစ္စများ မလွတ်ကင်းကြချေ။ အနည်းနှင့်အများ ရှိကြသည်သာ ဖြစ်ကြသည်။ လခ ကြီးသူလည်း ကြီးသည့်အလျောက်၊ ငယ်သူလည်း ငယ်သည့်အလျောက်၊ အသီးသီး မိမိတို့ စားပေါက်နှင့်ကြုံလျှင် မည်သူမျှ အလွတ်မပေးဘဲ တချို့ အထက်နှင့်အောက် လူအချင်းချင်းပင်း၍ မိမိတို့စားလမ်းကို ဖွင့်ကြသူများလည်း ရှိတတ်သေးလေသည်။

တချို့ ထိုသို့ လာဘ်စားခြင်း၏ အဂတိဂုဏ်ကို ဂတိဂုဏ်အဖြစ်နှင့် (Outside Money) ဘေးကဘီကရတာနဲ့ဆိုရင် ဟူ၍ မိမိတို့ရသည့် လခနှင့် ထိုဘေးက လာဘ်စားသည့် ငွေကို ပေါင်းလျက် အသားယူပြောကြသည်များကိုလည်း ကျွန်ုပ်တို့ တွေ့ရဖူးပေသည်။

အထူးသဖြင့် ပုလိပ်ဌာနမှာ တိုင်းပြည်၏ မိတ်ဆွေ၊ တိုင်းပြည်၏ အကာအကွယ်၊ တိုင်းပြည်၏ ခံတပ် မုချဆက်ဆက် ဖြစ်သည်မှန်သော်လည်း မသမာသော အမှုထမ်းများ၏ လာဘ်လာဘကို လောဘဇောတိုက်မှုကြောင့် တိုင်းပြည်၏ ကြည်ညိုခြင်းကို မခံကြရဘဲ ပုလိပ်ဌာနကို သူများသားမယား မျက်ရည်ပေါက်ကျမှ ထမင်းဝ

mgyoe.com

mgyoe.com

သည် ဟူ၍ ပြောဆိုကာ ရွံမုန်းလျက်ရှိကြသည်ကို မြန်မာပြည်တွင် တွေ့မြင်ရလျက်ရှိချေတော့လေသည်။

တစ်ဖန် တရားစီရင်ရာ ရုံးများတွင်လည်း အမှုဟူ၍ဖြစ်လာက တရားလို၊ တရားခံ၊ တရားလိုပြသက်သေ တရားခံပြသက်သေ စသည်တို့ကို ထုံးစံအတိုင်း စစ်ဆေး၍ မှန်ကန်သည့်အမှုဖြစ်သော် ထိုက်သင့်ရာ အပြစ်ဒဏ်ပေး၍ မမှန်ကန်သည့်အမှုဖြစ်သော် မှန်ကန်သည့်အတိုင်း စီစဉ်ရန်၊ တရားရုံးဟူ၍ အခွင့်အာဏာ ပေးထားသည်ကို ရရှိသော်လည်း တံစိုးလက်ဆောင်စားခြင်း ကိစ္စများ တိုးပွားလာသည့်အတွက် ဥပဒေအပေါ်တွင် ငွေသည် လွှမ်းမိုးကာ ကြီးသည့်အမှု ငယ်၍ ငယ်သည့်အမှု ကြီးကာ နောက်ဆုံးတွင် တရားလမ်းမကျတော့ဘဲ တရားရုံးတော်ဟူသော ဂုဏ်ပုဒ်ကို ထိခိုက်သွားတတ်ကြလေသည်။

ဤတွင် ရုံးတော်နှင့်ဆိုင်ရာ စာရေးကြီး၊ စာရေးကလေးများတွင်ကား အထူးပြောဖွယ် မလိုတော့ပေ။

ဤအချက်နှင့် ပတ်သက်၍ မိတ်ဆွေ အကူစာရေးကလေး တစ်ယောက် ပြောဖူးသည်ကို အမှတ်ရမိ၏။ ၎င်းက မိမိတို့တွင် အကူစာရေးဘဝ၌ လခတစ်ပြားမျှ မရဘဲ လုပ်ကိုင်နေကြရသဖြင့် နေရေးထိုင်ရေး၊ စားရေးသောက်ရေး ကျပ်တည်းသည့်အတွက် ရုံးတွင် ဘေးက ရပေါက်များကို ထွင်၍ စားသောက်ရသောကြောင့် မိမိတို့အား အကူစာရေးဘဝတွင် ၆ နှစ် ၇ နှစ်ကျော်မျှ ဝအောင် စေခိုင်းသော အစိုးရသည် မိမိတို့ကို အကူစာရေး ကလေးဘဝကစ၍ လာဘ်စားခြင်း ပညာကို တစ်နည်းအားဖြင့် လမ်းပြနေသည်ဖြစ်ကြောင်းနှင့် ပြောဖူးသည်ကို ကြားရဖူးပေသည်။

ထိုမှ တစ်ပြားနှစ်ပြားမချန် တစ်ပဲတစ်မူးစမျှ မကျန်အောင် အောက်ခြေသိမ်းစားသည့်ဌာနကား မီးရထားဘက်ဌာန ဖြစ်သည်ဟု လူတကာများစွာ အပြောများသည်ကို ကျွန်ုပ်တို့ ကြားရဖူးပေသည်။ အထူးသဖြင့် ဘူတာများတွင် လက်မှတ်ရောင်းသည့်သူများမှာ တစ်ပြားနှစ်ပြားပင် ချမ်းသာမပေးဘဲ လက်မှတ်ရောင်းချိန်တွင် မိမိတို့၏ စားလမ်းများကို ဖွင့်ကြသည်မှာ အလွန် အရုပ်ဆိုးလှပေသည်။

ဤတွင် အခြားဌာန အသီးသီးတိုင်းတို့၏ စားလမ်းဖွင့်ပုံကို သိရသရွေ့ ရေးရသော် ဆုံးနိုင်မည် မဟုတ်။ ရှည်အံ့စိုး၍ မရေးလိုတော့ပေ။ သို့သော် အထက်ပါအကြောင်းများကား အောက်ခြေကို သိမ်း၍ မြန်မာပြည်နှင့် လာဘ်စားခြင်း အကြောင်းကို ထင်ရှားစေအံ့သောငှာ ဖော်ပြရခြင်း ဖြစ်ပေသည်။

mgyoe.com

မြန်မာပြည်တွင် အထူးသဖြင့် ဒေသန္တရအဖွဲ့များနှင့် လာဘ်ပေးလာဘ်ယူခြင်း ကိစ္စမှာ လင်နှင့် မယားကဲ့သို့ တွဲ၍နေသဖြင့် မြန်မာပြည် ကိုယ်ပိုင်အုပ်ချုပ်ရေး ရာဇဝင်တွင် ထိုကိစ္စသည် အဆိုးရွားဆုံးဖြစ်သည်ကို တွေ့ရှိရပေသည်။

မြို့ရွာ ကိုယ်ပိုင်အုပ်ချုပ်ရေးမှာ အရင်းစစ်လျှင် နိုင်ငံအုပ်ချုပ်ရေး၏ ပွဲဦးထွက်အုပ်ချုပ်ရေးမျိုးဖြစ်သဖြင့် ထိုကဲ့သို့သော မသမာလာဘ်စားမှုများ များပြားလေလေ မြန်မာတို့၏ ဂုဏ်သတင်းမှာ ညှိုးမှိန်လေလေ ဖြစ်ဖွယ်ရာသာ ရှိလေတော့၏။

ယခုအခါ မြန်မာပြည်ရှိ တချို့ မြူနီစီပယ်အဖွဲ့များကို အစိုးရ သိမ်းကြောင်း၊ ကျွန်ုပ်တို့ မကြာခဏ ကြားသိရသဖြင့် တိုင်းပြည်တွင်လည်း ဂုဏ်ပျက်လျက် တိုင်းသူပြည်သားတို့အားလည်း စင်စစ် ဧကန်အထင်သေးခြင်း မုချခံရမည်ကို ကျွန်ုပ်တို့ မြင်မိ၏။

သို့သော် ဒေသန္တရအဖွဲ့မှန်သမျှ မည်သည့်တိုင်းပြည်များတွင်မှ ရာလုံးပြည့် အဘက်ဘက်မှ ပြည့်စုံကောင်းမွန်သည်ကို ကျွန်ုပ်တို့ မကြားသိရချေ။ သို့ပင်ဖြစ်သော်လည်း အဖွဲ့ဝင်များ စိတ်ထားနှင့် တည်ကြည်ခြင်းတို့သည် အဖွဲ့၏ ကောင်းရာကောင်းကြောင်းကို ဖြစ်စေနိုင်ကြောင်းမှာ ထင်ရှားပေသည်။

ဤ လာဘ်ပေး လာဘ်ယူခြင်းကိစ္စနှင့် ပတ်သက်၍ မကြာမီက သတင်းစာတစ်စောင်တွင် မန္တလေးမြို့ မော်တော်ကားများ ရပ်နားသည့် (Motor Stand) ဌာန၌ စစ်ဆေးရာ ဒရိုင်ဘာ တစ်ယောက်တွင် လိုင်စင်မပါဘဲ မောင်းနှင်သည့် ကိစ္စနှင့် ပတ်သက်၍ မော်တော်ယာဉ်ဘက်ဆိုင်ရာ ဥပဒေအရ တရားစွဲဆိုတင်ပို့ရန် ဆိုင်ရာ အရာရှိက အကြောင်းကြားခဲ့ရာ တရားခံက ထိုအရာရှိအိမ်သို့ ကြိုတင်သွားရောက်၍ မိမိအား တရားမစွဲရန် ပြောဆိုသည်ဆိုကြောင်း၊ သို့သော် ဆိုင်ရာအရာရှိက ဥပဒေအတိုင်း ပြုလုပ်ပြီးကြောင်းနှင့် ဒရိုင်ဘာ၏အဆိုကို လက်မခံဘဲနေရာ နောက်ဆုံးတွင် ဒရိုင်ဘာက ငွေ ၃ိ ကို စီးကရက်ဘူးအတွင်းထည့်၍ ထားခဲ့ပြီး ပြန်သွားသည် ဆိုကြောင်း၊ ထိုနောက် အရာရှိက ထိုငွေ ၃ိ ကို တွေ့ရှိရာ ဆိုင်ရာ အထက်အရာရှိများသို့ တိုင်တန်းသည်ဟူ၍ ဖတ်လိုက်ရမိပေသည်။

ဤအချက်နှင့် ပတ်သက်၍ ပြဿနာတစ်ရပ် ထွက်ပေါ်လာသည်ကား မြန်မာပြည်တွင် လာဘ်စားမှုနှင့် ပတ်သက်၍ ဆိုခဲ့သည့်အတိုင်း ပေးသူနှင့် ခံယူရသူ ဟူ၍ နှစ်မျိုး နှစ်စားရှိရာ ခံယူရသူသည် ပေးသူပေးသည်ကို ဖော်ပြပါ အရာရှိကဲ့သို့ ဆိုင်ရာ အစိုးရအား မိမိအား ပေးသော လာဘ်လာဘသည် နည်းသည် ဖြစ်စေ၊ များသည်

mgyoe.com

mgyoe.com

ဖြစ်စေ တရားဥပဒေအတိုင်း တိုင်ကြားပြောဆိုသော အလေ့အထများ မကြာမကြာ ပေါ်ပေါက်လာလေက လာဘ်ပေးခြင်း ကိစ္စတွင် ပေးသူပေးဝံ့ဖို့ကို ထားဘိဦး၊ နှုတ်အားဖြင့်ပင် ပြောဝံ့တော့မည် မဟုတ်ချေ။ သို့သော် မတတ်သာ၍ မယူသာသဖြင့် အထက်သို့ တိုင်ကြားရခြင်း၊ ပေးသည့်လာဘ်မှာ ထင်ကြေးမကိုက်၍ အထက်လူကြီးသို့ တိုင်ကြားရခြင်း စသည့် စေတနာမှုမမှန်သည့် ကိစ္စများကား မကောင်းသည်မှန်သော်လည်း တစ်နည်းအားဖြင့် ဆိုင်ရာက သိရသဖြင့် အကျိုးရှိတန်သလောက် ရှိပေသည်။

သို့သော် ပေးသူ၏ ပေးခြင်းကို ခံယူရမည့်သူမှာ ဥပဒေအရ တရားသဖြင့် ဖြစ်စေလို၍ စိတ်ရင်းစေတနာကလည်း ထိုပေးသော လာဘ်ကို ခံယူလိုခြင်းမရှိဘဲ တရားသည့်အတိုင်း ဆိုင်ရာသို့ တိုင်ကြားပြောဆိုမည့်သူများ များပြားလာရန်ကား အလွန်အရေးကြီးပေသည်။ ထိုသို့ များပြားလာရန် ကိစ္စမှာလည်း ဆိုင်ရာအစိုးရက တစ်နည်းနည်းဖြင့် ချီးမြှင့်ရန် စီစဉ်ပေးမှသာ ဖြစ်မြောက်နိုင်ဖွယ်ရာအကြောင်း ရှိပေသည်။

ဤနည်းဖြင့် လာဘ်ပေးသူနှင့် လာဘ်ယူသူ နှစ်ဦးတို့ အရင်းခံဖြစ်သော ဤတံစိုးလက်ဆောင်စားခြင်း ယုတ်လျော့ရေး ကြံရွယ်သည့် ကိစ္စမှာ အောက်ခြေသိမ်းမှ ပြင်းပြင်းထန်ထန် နှိုက်နှိုက်ချွတ်ချွတ် အပြစ်မပေးဘဲ မစုံစမ်းသမျှ ထမြောက်အောင်မြင်နိုင်ရန် အကြောင်းမမြင်နိုင်ပေ။ လူ့စိတ်ဆိုသည် သူလိုငါလိုမျှသာ ဖြစ်ပေ၏။ ငွေဆိုသည်လည်း သည်းခြေကြိုက်သောအစာ ဖြစ်ခြင်းကြောင့် ငွေစားခြင်းနှင့် ပတ်သက်၍ ယူသူကလည်း လက်မနေးနိုင်ပေ။ အကြောင်းကား ပေးသူကလည်း ရှိပေသောကြောင့် ဖြစ်ကြောင်း ရေးသားဖော်ပြရပေသတည်း။ ။

[အထက်ပါဆောင်းပါးကို ကျွန်ုပ်တို့ဂျာနယ်တွင် မကြာခဏ ပါဝင်ရေးသားလျက်ရှိသော ညောင်လေးပင်ခင်မောင် အမည်ခံ ဆောင်းပါးရှင်က ပေးပို့လိုက်ရာ မျက်လုံးကြီးရေးမည့် အချက်များနှင့် တထေဝတူမျှနေသည်ဖြစ်၍ အားပေးသော သဘောဖြင့် ထိုဆောင်းပါးရှင်၏ ဆောင်းပါးကိုပင် ထည့်သွင်းဖော်ပြလိုက်ရပေကြောင်း။ ။အယ်ဒီတာ]

ဂျာနယ်ကျော်၊
ဒီဇင်ဘာ ၁၆၊ ၁၉၃၉။

mgyoe.com

❐

mgyoe.com

# အစိုးရတို့ ဖိနှိပ်လျှင် မှားလိမ့်မည်

များမကြာမီက သတင်းစာများနှင့် နိုင်ငံရေးပုဂ္ဂိုလ်များက အစိုးရသည် မြန်မာနိုင်ငံတော် ကာကွယ်ရေးအက်ဥပဒေနှင့် နည်းဥပဒေများကို တိုင်းသူပြည်သားများ၏ လွတ်လပ်ရေးများကို ချုပ်ချယ်ရန်အတွက် အသုံးပြုခဲ့လေဟန် ရေးသားပြောဆိုကြကြောင်း။

ထိုသို့ ရေးသားပြောဆိုချက်များမှာ မဟုတ်မှန်ကြောင်း။

စစ်ဖြစ်စမှစ၍ အဆိုပါ နည်းဥပဒေများအရ တော်လှန်မှု အလုပ်များကို လုပ်သဖြင့် အကျယ်ချုပ်နှင့်ထားသည်မှာ မြန်မာလူမျိုး တစ်ယောက်သာလျှင် ရှိသေးကြောင်း၊ ထိုမှတစ်ပါး အဆိုပါ နည်းဥပဒေများအရ သီးခြားပြစ်မှုများအတွက် လူ ၃၅ ယောက်ခန့်ကို တရားစွဲဆိုထားကြောင်း၊ ၎င်းတို့အနက် တချို့တို့ကို လူမျိုးအချင်းချင်း မသင့်မြတ်အောင် လှုံ့ဆော်မှုအတွက် လည်းကောင်း၊ တချို့ကို တိုင်းပြည်မငြိမ်မသက် ဖြစ်စေရန်နှင့် ပြည်သူပြည်သားများ ကျေးဇူးသစ္စာ ဖောက်ပြန်အောင် အားပေးလျက် ဟောပြောမှုများ၊ သို့မဟုတ် အမူအရာပြမှုများအတွက် လည်းကောင်း၊ တချို့ကို စစ်သားစုဆောင်းခြင်းကို အနှောင့်အယှက် ဖြစ်စေရန်နှင့် အစိုးရ စစ်အတွက် ဆောင်ရွက်ခြင်းကို အနှောင့်အယှက်ဖြစ်စေရန် ကြံစည်အားထုတ်ခြင်းကြောင့် တရားစွဲဆိုထားခြင်း ဖြစ်ကြောင်း။

mgyoe.com

မည်သည့်တိုင်းပြည်၌မဆို စစ်ဖြစ်နေသည့်အခါတွင် ဤသို့သော အပြုအမူများကို သည်းခံ၍ မနေနိုင်ချေ။ မြန်မာပြည်အစိုးရသည် တရားဥပဒေနှင့်အညီ အကျိုးအပြစ်ကို ပြဆိုခြင်း၊ တရားဥပဒေနှင့်အညီ နိုင်ငံရေးရည်မှန်း တောင့်တချက်များကို ပြောဆိုခြင်းများကို ချုပ်ချယ်ခြင်း တစ်စုံတစ်ရာ မပြုလုပ်ခဲ့ချေ။ သို့သော် စီရင်အုပ်ချုပ်ရေးကို အနှောင့်အယှက် ဖြစ်စေရန်နှင့် မြန်မာပြည်၏ အားအင်ဖြည့်တင်းမှု၊ စစ်ကို အားကြိုးမာန်တက် တိုက်ခိုက်မှုများနှင့် ပတ်သက်သည့် အရေးတကာတို့ထက် အရေးအကြီးဆုံးဖြစ်သော ရည်ရွယ်ချက်များကို ထိခိုက်နစ်နာစေအောင် ရည်ဆောင်၍ မည်သည့်နည်းမျိုးဖြင့်မဆို ပြုလုပ်သော တော်လှန်မှုများ ဖြစ်ပွားရင့်သန်ခြင်းကိုမူကား အရေးမယူဘဲ ခွင့်ပြုထားရန် ကြံရွယ်ချက် မရှိကြောင်း။

အထက်ပါတို့ကား မြန်မာပြည် ပြန်ကြားရေးဝန်ထံမှ ထုတ်ပြန်ကြေညာသော စကားရပ်များဖြစ်ရာ ၎င်းမှာ တစ်နည်းအားဖြင့် သတင်းစာများတွင် ဆက်ကာဆက်ကာ လိုပင် ဖော်ပြပါရှိနေသော ဖမ်းဆီးမှုများနှင့် စာအုပ်စာတမ်းများကို သိမ်းဆည်းနေမှုများအတွက် အစိုးရတို့က တိုင်းပြည်သို့ ထုတ်ပေးသော အကြောင်းပြချက် ဆင်ခြေပင် ဖြစ်ချေသည်။

ထိုထုတ်ပြန်ချက်သည် မည်သို့ ဆိုလိုသနည်း။ လွတ်လပ်ရေးအတွက် အကြမ်းမဖက် အနုသက်သက်ဖြင့် ဆောင်ရွက်ရန် ပြောဆိုကြစဉ် သူတို့အား မကြာမကြာ ဖမ်းဆီးခြင်း၊ စာအုပ်စာတမ်းတို့ကို သိမ်းဆည်းခြင်းတို့သည် မြန်မာပြည် ကာကွယ်ရေးအက်ဥပဒေနှင့် နည်းဥပဒေများအရ မဟုတ်။ တိုင်းသူပြည်သားများ၏ လွတ်လပ်ရေးများကို ချုပ်ချယ်ရန်အတွက် ထိုနည်းဥပဒေများကို အသုံးပြုခဲ့လေဟန် ရေးသားပြောဆိုခြင်းမှာ မဟုတ်မမှန်ဟု ဆိုလိုရာရောက်၏။ ဆိုလည်း ဆို၏။ မည်သည့် နည်းဥပဒေဖြင့် နှိပ်ကွပ်နှိပ်ကွပ်၊ နှိပ်ကွပ်ခြင်းသည် လိုအပ်သော အခြင်းအရာတစ်ရပ် မဟုတ်ဟု ကျွန်ုပ်တို့ ထင်မြင်ယူဆ၏။ ကမ္ဘာ တစ်ဖက်တွင် လွတ်လပ်ရေးအတွက် စစ်မက်ကြီး တစ်ခုကို တိုက်ခိုက်နေစဉ် ကမ္ဘာ ဤတစ်ဖက်၌ လွတ်လပ်ရေးအတွက် အားထုတ်နေကြမှုများကို နှိပ်ကွပ်ခြင်းသည် အလွန် အဆင်မပြေ ဖြစ်ခဲ့၏။ အင်္ဂလန်ပြည် အကျပ်အတည်း တွေ့ကြုံနေခိုက် အင်္ဂလန်ပြည်၏ လက်အောက်ခံ အဝေးနိုင်ငံများ ငြိမ်ဝပ်ပိပြားမှုရှိစေရန်အရေးသည် အလွန် အရေးကြီးကြောင်း မြန်မာပြည် အစိုးရများနားလည်သလို ကျွန်ုပ်တို့လည်း ကောင်းစွာ နားလည်၏။

အဝေးနိုင်ငံများ ငြိမ်ဝပ်ပိပြားမှုရှိစေရေးအတွက် ထိုနိုင်ငံများရှိ အစိုးရတို့သည် တာဝန်ခံဆောင်ရွက်ရာ၌ နှိပ်ကွပ်ချုပ်ချယ်သော စနစ်ကို လိုက်မည်ဆိုလျှင် ထိုသို့

mgyoe.com

လိုက်ခြင်းသည် အလွန်မှားယွင်းသည်သာမက အင်္ဂလန်ပြည်ကြီးက ကမ္ဘာအား တဖွဖွ တရွရွ ပြောနေသော လွတ်လပ်ရေး စကားတို့၏ အချည်းနှီးဖြစ်ခြင်းတို့သည် ထင်ရှား လာကာ အင်္ဂလန်ပြည်အပေါ်တွင်သာ၍ပင် ယုံမှားသံသယ ရှိကြလေရာ၏။

ကျွန်ုပ်တို့သည် နှိပ်ကွပ်ချုပ်ချယ်မှုဟူသမျှကို စက်ဆုပ်၏။ ရွံရှာ၏။ နှိပ်ကွပ် ချုပ်ချယ်မှုပြုမည့်အစား ယခုကဲ့သို့ ကမ္ဘာတစ်ဖက်တွင် စစ်ကြီးမက်ကြီး ဖြစ်ပွားနေခိုက် ပြည်သူနှင့် အစိုးရ ပိုမိုစည်းလုံးမိသည်ထက် စည်းလုံးကြစေရန် နေရာတကာတွင် တိုင်းပြည် ကျေနပ်ကြည်ဖြူ ငြိမ်ဝပ်ပိပြားဖို့ အေးချမ်းစွာ ဆောင်ရွက်ရန် ရှေးရှုခြင်း သာလျှင် လိမ္မာသောစနစ် ဖြစ်နိုင်၏။ ထိုစနစ်မျိုးကို အသုံးမပြုလျှင် ဉာဏ်အမြင် တိုရာ ကျမည် ဖြစ်၏။ တိုင်းပြည်၌ မဖြစ်ပေါ်သင့်သော မကျေနပ်မှုများကို ဖြစ်ပေါ်စေ အောင် လှုံ့ဆော်ပေးရာသာ ကျချေတော့မည် ဖြစ်၏။

ငြိမ်ဝပ်စေလိုသော် တိုင်းပြည်တစ်ပြည်ကို အတင်းဖိနှိပ်ထားခြင်း စနစ်သည် ရှေးအနှစ် ၅၀–၁၀၀ ခန့်က အသုံးဝင်၍ ထိရောက်ခဲ့ကောင်း ထိရောက်ခဲ့မည် ဖြစ်သော် လည်း ယခုကဲ့သို့ တိုင်းသူပြည်သားများနှင့်တကွ ကျန်ကမ္ဘာသူ ကမ္ဘာသားများပါ နိုးကြားချိန်တွင် ထိရောက်အောင်မြင်မည် မဟုတ်ပေ။

ငြိမ်ဝပ်စေလိုသော် အစိုးရတို့ကိုယ်တိုင်က တိုင်းပြည်ငြိမ်ဝပ်မှုကို ရှေးရှုလျက် ဖိနှိပ်မှုတို့ကို ဖယ်ရှားပြီးလျှင် ပြည်သူနှင့်အစိုးရ နှစ်ဝနှစ်ဦး မေတ္တာကူးလူး ဆက်ဆံ နိုင်ကြဖို့အတွက် တိုင်းပြည်၏ တရားသဖြင့် လိုလားချက်မှန်သမျှကို အမြန်အပ်နှင်း ပေးသင့်ကြောင်း ရေးသားဖော်ပြလိုက်ရပေသတည်း။

ဂျာနယ်ကျော်၊ အုပ်တွဲ (၅)၊ အမှတ် (၁၂)၊
ဇူလိုင် ၁၃၊ ၁၉၄၀။

❐

mgyoe.com

mgyoe.com

# အာဇာနည်သူရဲကောင်းတို့အဖို့ ပန်းကုံး

*အမိမြန်မာပြည်၏ နှောင်ကြိုးများကို ဖြတ်တောက်ပစ်နိုင်မည့် အာဇာနည် သူရဲကောင်းတို့၏ လည်ပင်းနှင့်မှသာ ထိုက်တန်သည့် ပန်းကုံးကို အမိမြန်မာ ပြည်သည် နေ့စဉ်နှင့်အမျှ လက်ဝယ်တွင် စွဲကိုင်လျက် စောင့်လင့်ခါ ရှိနေ၏။*

**ဝန်ကြီးချုပ်များ တိုင်းခန်းလှည့်ရာတွင် အစွပ်ခံရသည့် ပန်းကုံးမျိုးမဟုတ်**

တရုတ်တို့သည် ဂျပန်၏ ရန်ကို နှစ်ရှည်လများ တွန်းလှန်ဖယ်ရှား၍လာခဲ့ကြရာ ယခုလည်း ဖယ်ရှားရတုန်းပင် ရှိပေသည်။ တရုတ်တို့ မည်ရွေ့မည်မျှ မျိုးချစ်စိတ် ထက်သန် ပြင်းထန်သည်ကို ယခုအချိန်အထိ စိတ်အားမလျော့၊ လုံ့လမယုတ်၊ ကြိုး ထုတ်အံ့ခဲ၊ သဲသဲမဲမဲ၊ ရဲစွာသောသတ္တိဖြင့် ခုခံတိုက်ခိုက်မြဲ တိုက်ခိုက်နေသည်ကို တွေ့ရခြင်းဖြင့် သိသာနိုင်ပေသည်။

သို့စွမ်းစွမ်းတမံ တွန်းလှန်ဖြိုခွင်းလျက်ရှိရာ၌ စစ်ပွဲတွင် သေပွဲဝင်ခဲ့ကြသူတို့ လည်း ဝင်ခဲ့ရပေပြီ။ အသက်မသေ အရှင်လတ်လတ် ရန်သူ့လက်သို့ သုံ့ပန်းအဖြစ် လိုက်ပါသက်ရောက်သွားသူတို့လည်း လိုက်ပါသက်ရောက်ခဲ့ကြရလေပြီ။ သို့နှင့်လည်း တရုတ်တို့သည် ဆုတ်နစ်အားလျော့ခြင်း မရှိ။ ပကတိ ရဲစွမ်းသောသတ္တိ၊ ထက်သန် သော မျိုးချစ်စိတ်၊ အမျိုးပျောက်မည်ကို ထိတ်လန့်သော စိုးရိမ်ခြင်း၊ သူ့လက်အောက် သို့ ကျဆင်း၊ ကျွန်ဖြစ်ရမည့်အဖြစ်သို့ မရောက်လိုခြင်း အစရှိသော သူရဲကောင်း မျိုးချစ်ဇာနည်အစစ်တို့၏ စိတ်ဖြင့် ရန်သူကို ပြန်လည်တိုက်ခိုက် နှိမ်နင်း၍ နေကြလေသည်။

တစ်ခါတစ်ရံ မိမိတို့က အရေးနိမ့်၍ တပ်လန်ကာ ဖရိုဖရဲ ဖြစ်ကြရ၏။ တစ်ခါ တစ်ရံ မိမိတို့က အရေးသာလိုက်ကြ၏။ တစ်ခါတစ်ရံ မိမိတို့ တစ်တပ်လုံးပင် ရန်သူ့

mgyoe.com

လက်ချက်ဖြင့် တိတိကျကျ အသက်ထွက်ကြရ၏။ ထိုအခါ ရန်သူကို မုန်းတီး စက်ဆုပ်သော စိတ်သည် ပို၍ ပြင်းပြလာကြ၏။ ထိုအခါ ရှိသမျှလက်နက်ဖြင့် အသက်ကိုစွန့်ကာ အမျိုးမပြုတ်ဖို့ ကြိုးထုတ်စွန့်စားကြလေသည်။

ဤသို့ အမျိုးမပြုတ်ရန် အသက်စွန့်ကြရသည့် အလုပ်ကြီးကို တရုတ်အမျိုး သမီးများသည်လည်း တစ်ဖက်တစ်လမ်းမှ အားပေးကူညီ မျိုးချစ်တရုတ် အာဇာနည် တို့နှင့် ဦး–ပဲ့ထမ်းကာ တချို့လည်း သေနတ်ဆွဲ၍ စစ်မြေပြင်သို့ထိ လိုက်ပါပစ်ခတ် တိုက်ခိုက်ကြ၏။ တချို့လည်း တစ်နည်းတစ်ဖုံ ကူညီကြ၏။



ဤစာမျက်နှာတွင် ပါရှိသော ဓာတ်ပုံများအနက် အပေါ်ပုံမှာ တရုတ်မျိုးချစ် အမျိုးသမီးများက မျိုးချစ်စစ်သားများအား အာဇာနည် သူရဲကောင်းများအဖြစ်ဖြင့် အသိအမှတ်ပြုနေပုံ ဖြစ်၏။ ဒုတိယပုံမှာ ရန်သူ ဂျပန်တို့၏ လက်ဝယ်သို့ သုံ့ပန်း အဖြစ်ဖြင့် သက်ဆင်းကျရောက်သွားရရှာသော တရုတ်မျိုးချစ် စစ်သားများ၏ ပုံပင် ဖြစ်လျက် ထိုပုံတွင် နှောင်ကြိုးတည်းကာ ရန်သူတို့၏ ခေါ်ဆောင်ရာသို့ လိုက်ပါ သွားကြရသည်ကို မြင်နိုင်၏။

mgyoe.com

mgyoe.com



ဤသည်တို့ကား သူရဲကောင်းတို့ လွဲရှောင်တိမ်းဖယ်၍ မရသော အောင်မြင်ခြင်း၊ ဆုံးရှုံးခြင်းများသာ ဖြစ်ချေ၏။ အမိတိုင်းပြည်ကြီးကို ကွယ်ကာစောင့်ရှောက်ရန် ဝတ္တရားမှာ မျိုးချစ်သူရဲကောင်းတို့၏ လက်ဝယ်၌ တည်ရှိ၏။ မျိုးချစ်သူရဲကောင်းတို့၏ နာမည်သည် မည်သည့်အခါမျှ မှိန်ပျောက်မည် မဟုတ်ချေ။ ၎င်းတို့၏ ဖွဲ့သတ္တိသည် ကမ္ဘာကြေသော်လည်း ရာဇဝင်တည်ရစ်မည်သာ ဖြစ်ချေသည်။ ၎င်းတို့၏ ရနံ့သည် တလှိုင်လှိုင်၊ တကြိုင်ကြိုင် မွှေးကြူပျံ့သင်း၍သာ နေပေမည်။

အမိမြန်မာပြည်သည် ထိုသားကောင်းရတနာမျိုးကို စောင့်မျှော်၍ နေရှာ၏။ မွေးထုတ်လိုက်သော သားများ၏ အရိပ်အကဲကို မျှော်လင့်ခြင်းကြီးစွာဖြင့် စောင့်ကြည့်၍ နေခဲ့၏။ ၎င်း၏လက်ထဲတွင် အာဇာနည်မျိုးချစ် သူရဲကောင်းတို့၏ လည်ပင်းကို စွပ်ရန်အတွက် ပန်းကုံးကြီးများကို ဆွဲကိုင်၍ ထား၏။ ထိုပန်းကုံးမျိုးမှာ ဝန်ကြီးချုပ်များ တိုင်းခန်းလှည့်လည်ရာတွင် အစွပ်ခံရသည့် ပန်းကုံးမျိုး မဟုတ်ပေ။ ထိုပန်းကုံးမျိုးနှင့် ထိုက်တန်သည့် ယောကျ်ားမျိုးလည်း ယခုအချိန်အထိ မပေါ်ပေါက်လာသေးချေ။

ဂျာနယ်ကျော်၊ အုပ်တွဲ (၇)၊ အမှတ်(၇)၊
နိုဝင်ဘာ ၂၃၊ ၁၉၄၀။

❑

mgyoe.com

# ဦးစောအစိုးရ တိုင်းပြည်ကို ဖွင့်ပြောလော့

*လူဝင်လူထွက် ကန့်သတ်ရေး ပြဿနာမှာ တိုင်းပြည်တစ်ပြည်လုံး လူမျိုးတစ်မျိုးလုံး၏ အရေးကိစ္စကြီး ဖြစ်သည်။*

မြန်မာပြည်၏ အရေးအကြီးဆုံးသော ပြဿနာကြီး တစ်ရပ်ကို နန်းရင်းဝန်ကြီး ဦးစော၏ ရုံးခန်းထဲတွင် ဖြေရှင်းရန် ကြိုးစားနေကြလေပြီ။ နန်းရင်းဝန်ကြီးနှင့်တကွ နန်းရင်းဝန်ကြီးအား အကြံပေးဉာဏ်ပေး ပြုလုပ်ပေးနေသော ပုဂ္ဂိုလ်စုသည် ဤပြဿနာကို အမြန်ဆုံး ဖြေရှင်းလျက် မြန်မာပြည် မြန်မာနိုင်ငံသားတို့ အများဆုံး အကျိုးခံစားခွင့်ရရန် အလျင် စီစဉ်နိုင်ကြဖို့ မုချကြိုးစားလိမ့်မည်ဟု ကျွန်ုပ်တို့ ယုံကြည်ရင်း ရှိသော်လည်း မြန်မာပြည် စီးပွားရေး ပြဿနာကြီး တစ်ခုလုံး၏ အချက်အချာ အရင်းခံဖြစ်နေသော လူဝင်လူထွက် ပြဿနာကြီးကို အဘယ်မျှပင် တော်သင့်စေကာမူ လူတစ်ဦးတစ်ယောက် သို့မဟုတ် အစိုးရ တစ်စုတစ်ဖွဲ့အား လုံးဝ လွှဲအပ်လျက် စိတ်ချထားခြင်းငှာ မသင့်ရကား ကျွန်ုပ်တို့မှာ များစွာ စိတ်မချနိုင် ဖြစ်ရပေသည်။

မြန်မာပြည်သို့ အိန္ဒိယတိုင်းသားများ ဝင်ရောက်လာရေး၊ လူဝင်လူထွက် ပြဿနာကြီးကို မြန်မာပြည် အစိုးရတို့နှင့် ညှိနှိုင်းရန် အိန္ဒိယပြည် အစိုးရတို့က စေလွှတ်လိုက်သော အထူးကိုယ်စားလှယ်များအား ဇွန်လ ၁၈ ရက်နေ့က နှုတ်ဆက်စကား ပြောကြားရာတွင် နန်းရင်းဝန်ကြီးဦးစော ပြောသွားသော စကားရပ်များသည် မြန်မာတို့၏ ဆန္ဒကို ပေါ်လွင်စွာ ပြသသွားသည်မှန်လည်း "အိန္ဒိယတိုင်းသားများ မြန်မာပြည်သို့

mgyoe.com


ဝင်ရောက်လာရေး ပြဿနာ" ဟူသော စကားတွင် ကူလီအလုပ်သမား အိန္ဒိယတိုင်းသားနှင့် ကူလီမဟုတ်သော အိန္ဒိယတိုင်းသားဟူ၍ မူအားဖြင့် နှစ်မျိုး ခွဲခြားပြီးလျှင် နှစ်မျိုးစလုံးကိုပင် အကုန်အစင် ထည့်သွင်းစဉ်းစားမည်လော။ သို့မဟုတ် ကူလီအလုပ်သမား အိန္ဒိယ တိုင်းသားများ၏ အရေးပြဿနာကိုသာ အရင်းထား၍ စဉ်းစားမည်လောဟူ၍ ကျွန်ုပ်တို့မှာ သတင်းအစုံ မကြားမသိရတိုင်း တွေးတောပူပန်ကြောင့်ကြလျက် ရှိရချေသည်။

အကယ်၍ အစိုးရတို့ ကာလအတန်ကြာကပင် ဤအရေးအတွက် ခန့်ထားခြင်း ပြုခဲ့သော ဘက်စတာ ကော်မတီ၏ အစီရင်ခံစာကို ကျွန်ုပ်တို့ တိုင်းသူပြည်သားများ သိခွင့်ရခဲ့လျှင် ယခုကိစ္စတွင် အစိုးရတို့အား မိမိတို့၏ ထင်မြင်ချက် ဆန္ဒများဖြင့် ထိရောက်စွာ ကူညီရိုင်းပင်းနိုင်ကြပေလိမ့်မည်။ တိုင်းပြည်က ကူညီခြင်း၊ မကူညီခြင်းကို အပထားဘိဦး။ ဤအစီရင်ခံစာကို ယခုကဲ့သို့ နှစ်ပြည်ထောင်ချင်း ညှိနှိုင်းနေချိန်တွင် တိုင်းသိပြည်သိဖြစ်အောင် အစိုးရတို့က ထုတ်ပြန်ကြေညာပေးသင့်ပါလျက် ထိုဘက်တွင် အထင်အလင်း တာဝန်ပျက်ကွက်နေခြင်းမှာ အစိုးရတို့အပေါ် တာဝန်ဝတ္တရားပိုမိုကြီးမားဖို့ပင် ဖြစ်ချေသည်။

ဘက်စတာ ကော်မတီ အစီရင်ခံစာသည် လူဝင်လူထွက် ပြဿနာကို အတည်ဖြစ်စေသော အစီရင်ခံစာတစ်ရပ် မဟုတ်၍ ထုတ်ပြန်ခြင်း မပြု ဟူသော ဆင်ခြေကို အစိုးရတို့ သုံးလျှင် ထိုအစီရင်ခံစာသည် ထိုပြဿနာကို အတည်ဖြစ်စေသော အစီရင်ခံစာ မဟုတ်သေးသော အကြောင်းတရားကြောင့်ပင်လျှင် တိုင်းပြည်က အခြေခံ တစ်ခုသဖွယ် အမှတ်ထား၍ ဆင်ခြင်ပွားများ စိစစ်နိုင်ရန် သိခွင့်ရရှိထိုက်သည်ဟု ကျွန်ုပ်တို့က ဆိုရပေလိမ့်မည်။

နန်းရင်းဝန်ကြီး ပြောသွားသော စကားရပ်တို့သည် ယခု ဆွေးနွေးနေကြသော ပြဿနာ၏ အရေးအကြီးဆုံးသော အချက်တို့ကို အပြည့်အစုံ ဖော်ပြသော စကားရပ်များဖြစ်သည် ဟူ၍ ယူဆရလျှင် ကူလီအလုပ်သမား မဟုတ်သော အိန္ဒိယ တိုင်းသားများ၏ ဝင်ရောက်မှုကို ယခု ဆွေးနွေးရာတွင် လိုအပ်သည့်အတိုင်း ထိရောက်စွာ စဉ်းစားခြင်း ပြုမှုပြုကြပါမည်လောဟု တွေးတောကြောင့်ကြဖွယ် ဖြစ်နေပေသည်။ နန်းရင်းဝန်ကြီးက "... မြန်မာလူမျိုးများအနက် အချို့တို့မှာ လယ်ယာလုပ်ငန်းတွင်သော် လည်းကောင်း၊ စက်မှုလက်မှုလုပ်ငန်းတွင်သော် လည်းကောင်း၊ မြန်မာလူမျိုးမဟုတ်သော ကူလီလုပ်သားများက ယှဉ်ပြိုင်ဝင်ရောက် လုပ်ကိုင်ကြသောကြောင့်

mgyoe.com

mgyoe.com

အလုပ်လက်မဲ့အခြေသို့ ရောက်နေသည်ကို တွေ့ရပါကြောင်း၊ မြန်မာပြည်အတွင်းသို့ မြန်မာလူမျိုးမဟုတ်သော ကူလီလုပ်သားများ အရှိန်မပျက် ဝင်လာသောကြောင့် ဝပြော သာယာစွာ နေထိုင်ကြရသော မြန်မာလူမျိုးတို့မှာ မိမိတို့ အနေအထိုင် အဆင့်အတန်း ပျက်ပြားလျော့ကျသွားမည့် အရေးနှင့် တွေ့ကြုံနေရသည့်ပြင် အလုပ်အကိုင် အခြေ အနေတွင်လည်း မြန်မာပြည်ထက် လူနေပြည့်ကျပ်ပါလျက် မြန်မာပြည်လောက် သဘာဝစမ္ပအတိုင်း မြေဆီသြဇာ ပြည့်စုံခြင်းမရှိသော အရှေ့တိုင်းပြည်များ၏ အခြေ အနေမျိုးနှင့် တွေ့ကြုံရတော့မည်ကဲ့သို့ ဖြစ်နေပါကြောင်း၊ အခြား တိုင်းနိုင်ငံများမှ လာရောက်ကြသော လုပ်သားများကို စည်းကမ်းသတ်မထားဘဲ အရှည်သဖြင့် ဆက် လက် ဝင်ရောက်ခွင့် မပြုနိုင်သည်မှာ ထင်ရှားပါကြောင်း" ဖြင့် ပြောဆိုသွားသည့် အတွက် ထိုအရေးသာလျှင် ယခု ဆွေးနွေးနေကြသော အရေးတစ်ခုလုံး ဖြစ်သည်ဟု ဆိုလျှင် အားရဖွယ်မရှိသေး ဟူ၍ ဆိုရပေမည်။

နန်းရင်းဝန်ကြီးက "ဤကိစ္စမှာ အထူးပင် ရှုပ်ထွေးခက်ခဲသော ကိစ္စ ဖြစ်ပါ ကြောင်း... ကျွန်ုပ်တို့၏ တာဝန်မှာ ကျွန်ုပ်တို့အား ကိုယ်စားလှယ်အဖြစ်ဖြင့် တင်မြှောက် လိုက်၍ ကျွန်ုပ်တို့က အကျိုးဆောင်ပေးရသော မြန်မာလူမျိုးတို့က လက်ခံနိုင်မည့် ဖြေရှင်းချက်ကိုရအောင် ရှာကြံဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း" ဖြင့် ပြောဆို သွားခြင်းကို ထောက်လျှင် နန်းရင်းဝန်ကြီးလည်း ဤကိစ္စ၏ ရှုပ်ထွေးအရေးကြီးခြင်း ကို အသိအမှတ်ပြုပြီး ဝန်ခံပြီး ဖြစ်နေရုံမျှမက မြန်မာများက လက်ခံနိုင်မည့် ဖြေရှင်း ချက်ကိုရအောင် ဆောင်ရွက်ပေးမည့် တာဝန်ဝတ္တရားကိုလည်း သိရှိရှေးရှုပြီး ဖြစ် ကြောင်း ထင်ရှားနေရကား မိမိတို့ အစိုးရ တစ်ဖွဲ့တည်း၏ သဘောဖြင့် ဆောင်ရွက် သွားခြင်းထက် ယခု ဆွေးနွေးရသည့် အဆင့်တိုင်း အဆင့်တိုင်းတွင် တိုင်းပြည်အား အသိပေးသွားကာ ဆောင်ရွက်ခြင်းက ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်းကို အထူး သတိ ပြုထိုက်ပေသည်။

ဆုံးဖြတ်ချက်များ ချမှတ်သည့် စခန်းသို့ ဆိုက်ရောက်ကာမှ တိုင်းပြည်အား အကုန်ဖွင့်၍ ပြောပြခြင်း ပြုလျှင် တိုင်းပြည်က တိုင်းပြည်အတွက် မုချလိုလားအပ် သော အချက်ဟူသမျှကို အချိန်ရှိခိုက် မဆွေးနွေး မညှိနှိုင်းလိုက်ရခြင်းအတွက် နောင် သောအခါ ကျေနပ်နှစ်ခြိုက်နိုင်ပါမည်လော။ ဤအတွက် အစိုးရတို့ လုံးဝ တာဝန်ခံယူ နိုင်ပါမည်လော။

အစိုးရတို့က တာဝန်ခံယူနိုင်ပါသည်ဟု ဆိုစေကာမူ စင်စစ်အားဖြင့် အစိုးရတို့ အား လုံးဝ တာဝန်ခံယူခွင့်ကို တိုင်းပြည်က မပေးထိုက်ပေ။ ဤကိစ္စမှာ အခွန်ကောက်
mgyoe.com

mgyoe.com

ယူရေး ကုန်သွယ်ရေး စသော အစိုးရတို့၏ သာမန်အားဖြင့် ပြုလုပ်သော အရေးများနှင့် မတူ၊ ထိုအရေးများမှာ အစိုးရတို့ သဘောကျ တိုင်းပြည်အတွက် ကိုယ်စားလှယ် ပြုလုပ်ဆောင်ရွက်သွားနိုင်သော အရေးများ ဖြစ်သော်လည်း ယခု အရေးမှာမူ တစ်ပြည်လုံး၏ စီးပွားရေးအခြေခံ ပြဿနာကြီးတွင် အကျုံးဝင်လျက် ရစ်ပတ်ငြိတွယ်နေသော နှယ်ငန်းကြီးသဖွယ် ဖြစ်နေရကား တိုင်းပြည်အား အစွမ်းကုန် အသိပေး၍ ဆောင်ရွက်ထိုက်သော တာဝန်ဝတ္တရား ရှိပေသည်။ နန်းရင်းဝန် တစ်ဦးတစ်ယောက် သို့မဟုတ် အစိုးရ တစ်စုံတစ်ဖွဲ့၏ လေးဘက်လေးတန်သော နံရံများအတွင်း၌သာ လျှို့ဝှက်၍ စဉ်းစားဆွေးနွေးသင့်သော ကိစ္စ မဟုတ်ပေ။

"မိမိတို့၏ တာဝန်မှာ မိမိတို့အား ကိုယ်စားလှယ်အဖြစ်ဖြင့် တင်မြှောက်လိုက်၍ မိမိတို့က အကျိုးဆောင်ပေးရသော မြန်မာလူမျိုးတို့က လက်ခံနိုင်မည့် ဖြေရှင်းချက်ကို ရအောင် ရှာကြံပေးရမည်" ဟူ၍ တာဝန်သိကြောင်း ထုတ်ဖော်ပြောဆိုပြီးဖြစ်သော နန်းရင်းဝန်၏ အစိုးရသည် ဤကိစ္စ၌ ညှိနှိုင်းစေ့စပ်ရသော အဆင့်တိုင်း အဆင့်တိုင်းတွင် တိုင်းပြည်အား အသိပေးရန် ဝန်မလေးသင့်ပေ။ ထို့ပြင် မြန်မာပြည်နှင့် အိန္ဒိယပြည်အစိုးရတို့ စဉ်းစားခွင့်ရပြီးကြပြီဖြစ်သော ဘက်စတာ ကော်မတီ အစီရင်ခံစာကိုလည်း အလျင်အမြန် ထုတ်ပြန်ကြေညာလိုက်သည် ဖြစ်ကြောင်း ကောင်းမြတ်သော သဘောထားနှင့် အကြံပေးစကား ရေးသားဖော်ပြလိုက်ရပေသတည်း။

ဂျာနယ်ကျော်၊
ဇွန် ၂၁၊ ၁၉၄၁။

❐

mgyoe.com

mgyoe.com

# ဂျပန် - အောင်ဆန်းခေါ်လာသည်ဆိုသော စွပ်စွဲချက်မှာ မှန်သလား မှားသလား

စက္ကူဖြူစိမ်ကိန်းအတိုင်း မြန်မာပြည် တည်တံ့စေလိုသော နိုင်ငံရေးသမားများ၊ နိုင်ငံရေးဂိုဏ်းများသည် လွန်ခဲ့သော သုံးနှစ်အတွင်း မြန်မာပြည် အလူးအလဲ ခံလိုက်ရခြင်းမှာ ဂျပန်ကို အောင်ဆန်း ခေါ်လာခဲ့သောကြောင့် ဖြစ်သည်ဟူ၍ ဆိုပြောနေကြ၏။

လာမည့် ရွေးကောက်ပွဲတွင် ဤစကားကို သုံးစွဲခြင်းဖြင့် စက္ကူဖြူစိမ်ကိန်း အတည်ဖြစ်အောင် လုပ်ဆောင်နိုင်ဖို့ မဲတောင်းမဲဆွယ်လျက် ဖဆပလကို အခြေမှ ဖြိုဖျက်မည် ကြံစည်စိုင်းပြင်းလျက် ရှိနေကြ၏။

ဤစကားကို ဆိုသူများသည် ဖဆပလနှင့် ဗိုလ်ချုပ်အောင်ဆန်းကို ဖြိုနှိမ်ဖို့ အတွက် သုံးသည်လည်း ဖြစ်ရ၏။ သူတို့ကိုယ်တိုင်ကပင် နိုင်ငံရေးကို ကောင်းစွာ နားမလည်၊ မကျွမ်းကျင်၊ အမြင်မမှန်၊ အမြင်မသန်၍ပင် သုံးသည်လည်း ဖြစ်ပေရာ၏။

မည်သည့်အတွက်ပင်ဖြစ်စေ၊ ဤစကားသည် မှန်၏၊ မမှန်၏ကို စစ်ဆေးကြည့်ရှုကြရန် လိုအပ်လာ၏။ ဂျပန်ကို အောင်ဆန်းခေါ်ဆောင်လာခြင်း ဟုတ်သည်၊ မဟုတ်သည်ကို စိစစ်ရန် ရှိလာ၏။

ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်ကို ခေါ်ဆောင်လာခဲ့သဖြင့် မြန်မာပြည်သို့ ဂျပန်ရောက်ရသည်ဆိုလျှင် ထိုအပြစ်၏ တာဝန်ကို ဗိုလ်ချုပ်အောင်ဆန်းထက် သခင်ထွန်းအုပ်က ပိုမိုခံယူသင့်၏။ သခင်ထွန်းအုပ်ရေးသည့် "ကျွန်ုပ်၏ စွန့်စားခန်း" စာအုပ်သည် သခင်ထွန်းအုပ်၏ အလုပ်နှင့်အယူကို သက်သေခံလျက် ရှိ၏။

mgyoe.com

 mgyoe.com 

ယခုသော် စက္ကူဖြူသမား နိုင်ငံရေးဂိုဏ်းများသည် ဗိုလ်ချုပ်အောင်ဆန်း တစ်ဦးတည်းကိုသာ ကွက်၍ သူ့ကြောင့် ဂျပန့်လက်ဝယ် မြန်မာပြည် ကြေပျက်ရသည်ဟု စွပ်စွဲချက်တင်နေခြင်းမှာ သူတို့၏ စေတနာ ဘယ်ပုံရှိသည် ထင်ရှားလှချေ၏။

## တရားခံအစစ်များ

မည်သို့ပင်ဖြစ်စေ၊ ဂျပန်အား မြန်မာပြည်သို့ရောက်အောင် ခေါ်ဆောင်လာသော တရားခံအစစ်ကို ကျွန်ုပ်တို့သည် ကမ္ဘာ့နိုင်ငံရေးကို နားလည်သောအားဖြင့် ဆွဲထုတ်၍ ပြသရပေအံ့။

ကျွန်ုပ်တို့သည် ဂျပန်များ မြန်မာပြည်သို့ ရောက်အောင် ခေါ်ဆောင်လာသော တရားခံအစစ်ကို အင်္ဂလိပ်များ၏ မနေ့ရှင်စနစ်တွင် သွား၍ ရှာဖွေတွေ့ရှိရ၏။

အင်္ဂလိပ်တို့သာလျှင် တရားခံများ ဖြစ်ကြ၏။

အင်္ဂလိပ်ဟုဆိုရာ၌ အင်္ဂလိပ် ပြည်သူပြည်သား လူအများကို မဆိုလို၊ အင်္ဂလိပ်ပြည်သူပြည်သား လူအများအပေါ်တွင် အုပ်ချုပ်လျက်ရှိခဲ့သော ဘိလပ်အစိုးရတို့နှင့် ၎င်းတို့၏ ဝါဒစနစ် ကျင့်ထုံးကျင့်နည်းကို အထူးအားဖြင့် ဆိုလို၏။

ဂျပန်တို့ မြန်မာပြည်ထဲသို့ ဝင်ရောက်မွှေနှောက်သည့် အခြေသို့ ရောက်ခြင်းအတွက် တရားခံများကို ရှာဖွေလျှင်လည်း ပထမ ဘိလပ်အစိုးရကိုပင် တွေ့မြင်ရလျက် ဒုတိယတွင် မြန်မာပြည်ရှိ အင်္ဂလိပ်ဘုရင်ခံအစိုးရတို့ကို တွေ့မြင်ရ၏။ ဤသူ ဤသူတို့သာလျှင် တရားခံအစစ် ဖြစ်ကြီး ဖြစ်ကြ၏။

ဤစကားများကို ပေါ့တန်စွာ ပြောဆိုခြင်းမဟုတ်၊ ရာဇဝင်သဘောဖြင့် အထပ်ထပ် စောကြောပြောဆိုခြင်းသာ ဖြစ်၏။ ၁၉၄၂ ခုနှစ်တွင် ဂျပန်တို့ မြန်မာပြည်သို့ ဝင်ရောက်၍ မွှေနှောက်ချောက်ချားနိုင်ခြင်းမှာ လွန်ခဲ့သည့် အနှစ် ၅၀ အတွင်းက အင်္ဂလိပ်တို့၏ စနစ်ကြောင့်ပင် ဖြစ်၏။ ထိုစနစ်၏ ဆိုးပြစ်ဟူသမျှကို မြန်မာပြည်သည် ကုန်း၍ ခံလိုက်ရခြင်းမျှသာ ဖြစ်ချေ၏။

## အင်္ဂလိပ်အနေကျုံ့လာခြင်း

ရှင်းဦးအံ့။ သက္ကရာဇ် ၁၉၀၀ ပြည့်နှစ်မတိုင်မီအထိ အင်္ဂလိပ်တို့သာလျှင် ပစိဖိတ်သမုဒ္ဒရာနှင့် ကမ္ဘာ့အရှေ့ဖျားတွင် စိုးမိုးမင်းမူနိုင်ခဲ့ကြ၏။ တရုတ်ပြည်ကြီးမှာ ဘိန်းစစ်များ ဖြစ်ပွားပြီးသည်ကစ၍ အင်္ဂလိပ်တို့၏အောက်တွင် စင်းစင်းခံလျက်

mgyoe.com

mgyoe.com

နေခဲ့ရ၏။ တရုတ်ပြည်၏ စီးပွားရေး တစ်ခုလုံးပင် အင်္ဂလိပ်တို့ ခြယ်လှယ်သလို ဖြစ်နေခဲ့၏။ [ မှတ်ချက်။ ။ ၁၉၁၃ ခုနှစ် ယခင် ပထမကမ္ဘာစစ်ကြီး မဖြစ်ပွားမီကပင် တရုတ်ပြည်အတွင်း တင်သွင်းသော ဝင်ကုန်အားလုံး၏ တစ်ဝက်ကို အင်္ဂလိပ်တို့က သွင်း၍ ၅ ပုံ ၁ ပုံကို ဂျပန်က၊ ၁၆ ပုံ ၁ ပုံကို အမေရိကန်က တင်သွင်းနေကြ၏ ] တရုတ်ပြည်မှာ အင်္ဂလိပ်ခေါင်းဆောင်သည့် ဥရောပနိုင်ငံများ၏ စီးပိုးခြင်းကို ခံယူလျက် ရှိနေခဲ့ရ၏။ သက္ကရာဇ် ၁၉၀၀ သို့ ရောက်တော့မည်ဆိုလျှင်ပင် အင်္ဂလိပ်၏ အရှေ့တိုင်းဖျား ရာဇပလ္လင်မှာ တုန်လှုပ်လာ၏။ ၁၈၉၈ ခုနှစ်တွင် အမေရိကန်က ဖိလစ်ပိုင်ကို သိမ်းခြင်းဖြင့် ထိုအခြင်းအရာသည် သိလာ၏။ ၁၈၉၉ ခုနှစ်တွင် အမေရိကန် ပြည်ထဲရေးဝန် ဌှန်ဟေးက တရုတ်ပြည်သည် မည်သည့် နိုင်ငံခြား တစ်ခုကို မျှကာသာခွင့် ထူးထူးခြားခြား မပေးရ၊ ကုန်ကူးလိုသော နိုင်ငံများတိုင်းသို့ တံခါးဖွင့်ပေး ထားရမည်ဟု တောင်းဆိုလိုက်၏။ ၁၈၉၈ ခုနှစ်တွင်ပင် ဂျာမနီက ကွေ့ချောင်း ပင်လယ်အော်ကို ရုရှားက ပို့အာသာဆိပ်ကမ်းကို၊ ပြင်သစ်က ကွမ်ချောင် ပင်လယ်အော်ကို တရုတ်တို့ထံမှ မရအရ ယူ၍ ငှားကြ၏။ ဤသို့ငှားပြီးလျှင် ရေတပ် စခန်းချဖို့ လုပ်လာကြ၏။ ဤတွင် ထိုသူတို့၏ အစီအမံကို ကာကွယ်ရန် သဘောဖြင့် အင်္ဂလိပ်ကလည်း ဝေဟိုင်းဝေးကို ငှားရ၏။ ၁၉၀၀ ပြည့်နှစ်တွင် ဂျာမနီက ရေတပ်ချဲ့ ထွင်ဖို့ ဥပဒေပြုလုပ်လိုက်ရာ အင်္ဂလိပ်တို့မှာ ဥရောပတိုက် မြောက်ပိုင်းပင်လယ်၌ ရေကြောင်းရန် ခုခံဖို့ တိုးချဲ့ပြင်ဆင်ရပြန်၏။ အရှေ့တိုင်းမှာရော အနောက်တိုင်းမှာပါ အင်္ဂလိပ်တို့၏ စားကျက်အနေကျုံ့လာခြင်းကို သတိပြုကြဖို့ ဖြစ်၏။

အရှေ့တိုင်းတွင် အခြား ဥရောပနိုင်ငံကြီးများက အသီးသီး ပြင်ဆင်လာကြသောအခါ အင်္ဂလိပ်တို့သည် ၁၉၄၂ ခုနှစ်တွင် ကျွန်ုပ်တို့ မြန်မာပြည် ထွားထွားညက်ကျအောင် နှောက်မွှေချောက်ချားစေနိုင်မည့် အာနိသင်ရှိသော အလုပ်ကို စတင်လုပ်လိုက်၏။ ၁၈၉၄ ခုနှစ်တွင် ထိုစဉ်က ထိုနေရာ၌ ဒုတိယတန်းစားမျှလောက်သာ ရှိသေးသည့် ဂျပန်ပြည်နှင့် တိုက်ရိုက် မဟာမိတ် ဆက်သွယ်ပူးပေါင်းသည့် စာချုပ်ကို ချုပ်ဆိုလိုက်၏။ ဂျပန်ရေတပ်ကို တည်ပေး၏။ ပစ္စည်းရှာပေး၏။ သင်ကြားပြသပေး၏ ။

စာချုပ်ချုပ်၍ ၁၄ ရက်မျှသာ ရသေးစဉ် ဂျပန်သည် အင်္ဂလိပ် အားကိုးရပြီဖြစ်၍ တရုတ်ပြည်ကို ပထမဆုံးအကြိမ် တိုက်လေတော့၏။ ဤစစ်ကား ပထမ တရုတ် ဂျပန်စစ် ၁၈၉၄–၉၅ ခုနှစ် စစ်ဖြစ်၏။ ဤစစ်တွင် ဂျပန်သည် တရုတ်ပြည်မှ ကိုရီးယား

mgyoe.com

ပြည်ကို ခွဲထုတ်နိုင်ခဲ့၏။ (မှတ်ချက်။ ။ ဤကိုရီးယားပြည်ကို နောက်သောအခါ ဂျပန်သည် သိမ်းပိုက်ယူငင်လိုက်၏။) လို့ချင်တန်းအငှားကို တရုတ်က ဂျပန်သို့ ပေးလိုက်ရ၏။ ဤကဲ့သို့ ဖြစ်သောအခါ ရုရှား၊ ဂျာမနီနှင့် ပြင်သစ်တို့က ထိုသို့ တရုတ်ထံမှ အနိုင်ရသော နယ်တို့ကို ပြန်၍ ပေးအပ်ရန် ပူးပေါင်းတောင်းဆိုကြ၏။ အင်္ဂလိပ်က မပူးပေါင်းဘဲ သင်းခွဲနေခဲ့၏။ နောက်ဆုံး၌ ဂျပန်သည် တောင်းဆိုချက်အတိုင်း ပြန်ပေးလိုက်ရ၏။

၁၉၀၂ ခုနှစ်တွင် အင်္ဂလိပ် ဂျပန်စာချုပ် ထပ်မံ ချုပ်ဆိုကြပြန်၏။

၁၉၀၄–၀၅ ခုနှစ်တွင် ဂျပန်သည် ရုရှားကို ချ၍ ရုရှား လက်ထဲမှ ပို့အာသာ သင်္ဘောဆိပ်စခန်းနှင့်တကွ ပထမတစ်ကြိမ်က ရပြီးမှ ပြန်ပေးလိုက်ရသော လို့ချင်တန်းအငှားကို သိမ်းပိုက်လိုက်၏။ ထို့ပြင် မန်ချူးရီးယားပြည်တောင်ပိုင်းအပေါ်တွင်လည်း ခြယ်လှယ်လွှမ်းမိုး ဩဇာတိုးလာခဲ့၏။

၁၉၀၅ ခုနှစ်တွင် အင်္ဂလိပ် ဂျပန်သည် ပို၍ တိုးတက်ချစ်ကြည်ရေး လုပ်ကြပြန်၏။ စာချုပ်ချုပ်ကြပြန်၏။ ထိုစာချုပ်တွင် မြန်မာပြည် အပါအဝင်ဖြစ်သော အိန္ဒိယပြည်၌ အင်္ဂလိပ်တို့ ဆက်လက် အုပ်ချုပ် လွှမ်းမိုးနေနိုင်ရန်အတွက် ဂျပန်က ကူပံ့ဖို့ပင် အချက်တစ်ချက် ပါရှိချေသေး၏။ အခြား တိုင်းပြည်ကြီး တစ်ပြည်တည်းဖြင့် စစ်ဖြစ်လျှင် တစ်ယောက်ကို တစ်ယောက် ကူစတမ်းဟူ၍လည်း ပါရှိလေသေး၏။ ဤနည်းဖြင့် ဒုတိယတန်းစား ဂျပန်သည် အင်္ဂလိပ်၏ အကူကို မှီကာ တက်ကြွတောင့်တင်း နယ်ချဲ့ခြင်း ပြုလာနိုင်ခဲ့၏။ ၁၉၁၄ ခုနှစ် ဥရောပတိုက်၌ စစ်ကြီးဖြစ်နေ၍ မည်သည့် ဥရောပတိုက်ရှိ နိုင်ငံကမျှ လာရောက် မစွက်ဖက်နိုင်ကြောင်း သိရသောအခါ ၁၉၁၅– ခုနှစ်တွင် ဂျပန်သည် တရုတ်ပြည်က လိုက်နာရမည်ဆိုသော ၂၁ ရပ်သော တောင်းဆိုချက်ကို တရုတ်ပြည် အစိုးရထံမှ တောင်းဆိုလေတော့၏။ ထို့နောက် ရှံတုံ၊ ဖူကီယင်၊ မန်ချူးရီးယားနှင့် အတွင်း မွန်ဂိုလီယာပြည် အပြင် ဆိုက်ဘေးရီယား အရှေ့ဖျား တစ်ခွင်ကိုပင် ယူငင်သိမ်းပိုက်လိုက်လေတော့၏။

၁၉၁၄–၁၈ ခုနှစ် ပထမကမ္ဘာစစ်ကြီး ပြီးသွားသောအခါ ဂျပန် အချောင် အနိုင်ကျင့် ရယူထားသဖြင့် တောင့်တင်းနေသော အခြေအနေကို အမေရိကန်က ကန့်ကွက်၏။ ပါရီမြို့တွင် ငြိမ်းချမ်းရေး ကွန်ဖရင့် ကျင်းပသည့်အခါ ထိုသို့ ဂျပန်ရ၍ ထားပြီးဖြစ်သော နယ်များကို ပြန်ပေးဖို့ အမေရိကန်က တောင်း၏။ ဂျပန်က မပေးရဖို့ ကြိုးစား၏။ ထိုသို့ ဂျပန်ကြိုးစားမှုကို အင်္ဂလိပ်က ထောက်ခံ၏။ အမေရိကန်က

mgyoe.com

နယ်များကို အားလုံး လက်လွှတ်ပစ်ဖို့ အတင်းတောင်း၏။ နောက်ဆုံးတွင် ဂျပန်၏ လက်ဝယ် ရှိတံ့ကို ထားဦးတော့ဟု သဘောတူလျက် ကျန်နယ်အများကို ပြန်လည်၍ ပိုနေမြဲ ကျားနေမြဲ ဖြစ်စေခဲ့၏။ ဝါရှင်တန်တွင် ရေကြောင်းစာချုပ် ချုပ်ဆိုသောအခါ ပါရီကွန်ဖရင့်က ရခဲ့သော ရှိတံ့ပင်လျှင် လက်လွှတ်၍ ယူထားသော နယ်အားလုံးကို ပြန်၍ ပေးလိုက်ရ၏။ အင်္ဂလိပ် ဂျပန် ချုပ်ဆိုထားသော စာချုပ်ကိုလည်း ဖျက်သိမ်းခိုင်း၏။ စစ်သင်္ဘောကြီးများကို အင်္ဂလိပ် အမေရိကန် အရေအတွက် တူညီစွာ ထားကြရန်၊ တရုတ်ပြည်၏ ပြည်တွင်း တည်မြဲမှုကို အာမခံ၍ တံခါးမရှိ ပွင့်လင်းစွာ ကုန်သွယ်ခွင့် နိုင်ငံတိုင်းက ရရန်တို့ကိုလည်း သဘောတူရ၏။ ယခင် စစ်ကြီးအပြီးတွင် အမေရိကန်၏ အခြေအနေမှာ ခိုင်မာတောင့်တင်း၍ ဤကဲ့သို့ ဖြို့ခွင်းကာ မိမိအလိုကျ လုပ်ကိုင်နိုင်ခဲ့ခြင်း ဖြစ်၏။ ၁၉၁၃ ခုနှစ်တွင် အမေရိကန်က တရုတ်ပြည်အတွင်းသို့ တရုတ်ပြည်ဝင်ကုန်အားလုံး၏ ၆ ရာခိုင်နှုန်းသာ တင်သွင်းနိုင်ခဲ့ရာမှ ၁၅ ရာခိုင်နှုန်း တင်သွင်းနိုင်လာ၏။ အင်္ဂလိပ်က ၄၆ ရာခိုင်နှုန်းမှ ၂၈ ရာခိုင်နှုန်းသို့ လျော့ကျသွား၏။

အင်္ဂလိပ် ဂျပန် စာချုပ်ကို ဖျက်သိမ်းလိုက်ရသော်လည်း ဝါရှင်တန် စာချုပ်အရ အင်္ဂလိပ်ရော ဂျပန်ပါ နစ်နာနေကြသဖြင့် အတူတူပင် ပူးပေါင်းလုပ်ကိုင်နေခဲ့ကြ၏။ ၁၉၂၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် လန်ဒန်မြို့ရှိ ဂျပန်သံအမတ် ဘယ်ရွန်ဟာယာရှိအား နှုတ်ဆက် ညစာစားပွဲ၌ ယခု ဆင္ဒမမြောက် ဂျော့ဘုရင် ဖြစ်နေသော ထိုစဉ်က ယောက်မြို့စားမင်းသားက "ကမ္ဘာက တစ်ပြည်နှင့် တစ်ပြည် စစ်ရေးစစ်ရာ မဟာမိတ်ပေါင်းဖွဲ့မှုကို သဘောမတူလိုကြရာ ဂျပန်နှင့် ကျွန်ုပ်တို့၏ မဟာမိတ်ဆက်သွယ်မှုမှာလည်း ပစိဖိတ်သမုဒ္ဒရာတွင် အခြေစိုက်ထားသည့် နိုင်ငံများ အဝင်အပါ ငြိမ်းချမ်းရာ ငြိမ်းချမ်းကြောင်း ပူးပေါင်းသည့် မဟာမိတ်အဖြစ်သို့ ရောက်သွားပေပြီ။ သို့သော် အင်္ဂလိပ်နှင့် ဂျပန်တို့၏ ချစ်ကြည်မှုကား အရှေ့ဖျား၏ ငြိမ်းချမ်းရေး တည်တံ့ရာ ပလ္လင်ခံကြီး တစ်ခု ဖြစ်လည်းဖြစ်ခဲ့၍ ဖြစ်လည်း ဖြစ်ဆဲပင်" ဟူ၍ မိန့်ကြားခဲ့သေး၏။

ဤနည်းအားဖြင့် ၁၈၉၄ ခုနှစ်က စတင် ချုပ်ဆိုထားသော ဂျပန် အင်္ဂလိပ် ပူးပေါင်းမှုသည် ဝါရှင်တန် စာချုပ်အရ အတိအလင်း ပယ်ဖျက်သည့်အချိန်မတိုင်မီ အထိသာ တည်ရှိသော်လည်း ထို့နောက်တွင်လည်း တည်တံ့မြဲမြဲလျက်ပင် ရှိ၏။ ဤအကြောင်းကြောင့်ပင် အင်္ဂလိပ်နှင့် အမေရိကန် အစေးမကပ်မှုသည် ဖြစ်ပေါ်လာ၏။ အကြိတ်အခဲ ဖြစ်လာ၏။ ၁၉၃၁ ခုနှစ်တွင် အမေရိကန်နှင့် အနောက်နိုင်ငံများပါ

mgyaw.com

mgyoe.com

စီးပွားရေး ကျပ်တည်းမှုကြီး၏ ဒဏ်ကို လိုမ့်ပြီး ခံယူနေရ၍ အသက်ရှူရကျပ်နေကြစဉ် ဂျပန်သည် မန်ချူးရီးယားကို ဝင်၍ တိုက်တော့၏။ ၁၉၃၂ ခုနှစ်တွင် မန်ချူးရီးယားသည် ဂျပန့်လက်အောက်တွင် မန်ချူကော ဟူ၍ ရုပ်သေးအစိုးရနှင့်တကွ ဖြစ်လာ၏။ ၁၉၃၃ ခုနှစ် ဂျီဟိုနယ်ကို ဂျပန်သိမ်းပိုက်၏။ ထိုနှစ်တွင် နိုင်ငံပေါင်းချုပ် အသင်းကြီးမှ ဂျပန် နုတ်ထွက်၏။ ၁၉၃၄ ခုနှစ် ဧပြီလတွင် ဂျပန်က ၉ ပြည်ထောင် အစိုးရ ဝါရှင်တန်စာချုပ် မရှိတော့ပြီ။ အရှေ့ဘက်တိုင်းများတွင်သာဖြစ်နေသည်ကို မသိနိုင်သော အမေရိကန်နှင့် အနောက်နိုင်ငံ တိုင်းပြည်အားလုံးပင် တရုတ်ပြည် ကိစ္စတွင် ဝင်မရှုပ်သင့်ဘဲ ဘေးသို့ ဖယ်နေကြလော့" ဟူ၍ ဂျပန်စစ်ရုံးမှ တစ်ဆင့် ကြေညာလိုက်၏။

၁၉၃၅–၃၆ ခုနှစ်တွင် အတွင်းမွန်ဂိုလီယာနှင့် မြောက်ပိုင်းတရုတ်ပြည် တစ်ခုလုံးကို သိမ်းယူလိုက်၏။

ဤကဲ့သို့ ဂျပန် ဝင့်ကျယ်လာစဉ် အင်္ဂလိပ်နှင့် (အင်္ဂလိပ် ကြိုးဆွဲတိုင်း ကနေသော) ပြင်သစ်တို့က ထိရောက်စွာ ကူညီခဲ့ကြ၏။ အမေရိကန်ကို ဆန့်ကျင်ဆီးဆို့လို၍လည်း ကူ၏။ ရုရှားကို ဆန့်ကျင်ဆီးဆို့လို၍လည်း ကူ၏။

၁၉၃၁–၃၂ ခုနှစ် မန်ချူးရီးယားကို ဂျပန်တိုက်သည်တွင် အမေရိကန်က အင်္ဂလိပ်အား မိမိနှင့် ပူးပေါင်း၍ ဂျပန်ကို အရေးယူရန် အတန်တန် ပြောဆို၏။ အင်္ဂလိပ်က သဘောမတူခဲ့။ ၁၉၃၃ ခုနှစ် တရုတ်ပြည်၏ တိုင်တန်းချက်အရ ဂျပန် အပေါ်တွင် ဝိုင်း၍ အရေးယူရန် နိုင်ငံပေါင်းချုပ်၌ သဲသဲမဲမဲ ဆွေးနွေးစဉ်က အင်္ဂလိပ် နိုင်ငံခြားဝန်ကြီး ဆာဂျွန်ဆိုင်မွန်က ဂျပန်ရှေ့နေကြီးအဖြစ် နိုင်နိုင်နင်းနင်း ဆောင်ရွက်ခဲ့ရာ ဂျပန်ကိုယ်စားလှယ် မတ်ဆူးအိုကာကပင် အတိအလင်း ချီးကျူးခဲ့ရ၏။

မြောက်ပိုင်း တရုတ်ပြည်ကို ရပြီးသည့်အခါ ဂျပန်တို့သည် တရုတ်ပြည် ကမ်းရိုးတန်းမြို့များကို မဲပြီး သိမ်းယူလာကြ၏။ ရှန်ဟဲကိုပါ သိမ်းပြီး အင်္ဂလိပ်တို့ကို အဝတ်အစားချွတ်၍ ရှာဖွေသည့် အခြေအထိ ရောက်လာ၏။ တရုတ်ပြည်၏ ဆိပ်ကမ်းအားလုံးပင် ဂျပန့်လက်သို့ ရောက်သောအခါ တရုတ်အစိုးရတို့၏ ပူဆာတောင်းဆိုချက်အရ အမေရိကန်၏ အကူဖြင့် မြန်မာပြည်မှ တရုတ်ဗမာ လမ်းမကြီး ဖောက်ပေးပြီး တရုတ်ပြည်ကို အသက်ဆက်နေသည့် အကြားမှာပင် ၁၉၄၀ ခုနှစ်၌ ဂျပန်က ထိုလမ်းမကြီးကို မြန်မာပြည်ဘက်မှ ပိတ်ပေးရမည်ဟု တောင်းဆိုသောအခါ အင်္ဂလိပ်အစိုးရက ပိတ်ပေးလိုက်သေး၏။ အမေရိကန်နှင့် တရုတ်တို့က အတင်း

mgyoe.com

အကျပ် တိုက်တွန်းမှ ပြန်ဖွင့်ပေး၏။ မိုးကြောင့် ပိတ်သည်ဟု ဆင်ခြေပေးလိုက်သေး၏။

၁၉၄၁ ခုနှစ်တွင် ဂျပန်၏ ဝင့်ကျယ်လာသော ခြေလှမ်းကို မြန်မာပြည်က လူတိုင်းလိုပင် သိနေကြ၏။ ဂျပန်သည် အင်ဒိုချိုင်းနားပြည်သို့ ရောက်လာ၏။ ယိုးဒယားပြည်ပေါ်သို့ ဩဇာ ပိုမို ကူးစက်လာ၏။ အင်္ဂလိပ်တို့၏ ထိရောက်စွာ ကာကွယ်ခြင်းကို မတွေ့ရ၊ သို့ဖြင့် အမေရိကန်နှင့် အင်္ဂလိပ်ကို ဂျပန်က စစ်ကြေညာသော ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့သို့ ရောက်ခဲ့၏။ ထိုသို့ရောက်၍ တစ်လ ကျော်ကျော်ကလေးတွင် မြန်မာပြည် တံခါးဝသို့ ဂျပန် ရောက်လာ၏။ တရုတ်တို့က ဂျပန် မြန်မာပြည်မဝင်နိုင်အောင် သူတို့ စစ်တပ်များနှင့် ကာကွယ်ပေးပါမည်ဟူ၍ အတန်တန် ပြော၏။ အင်္ဂလိပ် စစ်သေနာပတိများက လက်မခံခဲ့။ မြန်မာပြည်ကို ခုခံဖို့ရန် ကိုယ့်အင်အားလည်း မရှိ၊ သူများပေးသော အကူကိုလည်း လက်မခံရှိခဲ့၏။ အင်္ဂလိပ် အစိုးရတို့၏ ဖိနှိပ်ချုပ်ချယ်သော ဝါဒစနစ်ကြောင့် မြန်မာပြည်သူပြည်သားများကလည်း ထိုစဉ်က အင်္ဂလိပ်တို့အား ထောက်ခံအားပေးလိုခြင်း မရှိ။ စစ်အားထုတ်မှု တစ်ခုလုံးကို ကျောပေးနေ၏။

ကျောပေးနေရုံသာ မဟုတ်။ များသောအားဖြင့် ဂျပန်အလာကိုပင် စောင့်မျှော်နေကြချေသေး၏။ ဂျပန်လာလျှင် အခက်ဟု ဒီးဒုတ်က အမြဲရေး၏။ ဂျပန်လာလျှင် အခက်ဟု ဂျာနယ်ကျော်က အမြဲရေး၏။ အချည်းနှီးပင်။

ဂျပန်လာမည်ကို ရာဇဝင် သဘောတရားအားဖြင့် သိသည့်အခါ ကိုယ့်တိုင်းပြည်အတွက် ကိုယ့်ကိုယ်တိုင်က လုံးပန်းမှုကို ပြမှ ဂျပန့်လက်ထဲတွင် သူထားရာက မနေရမည်ဟု ယူဆ၍ တော်လှန်ရေးလုပ်ငန်းကို လူငယ်ပိုင်းမှ တချို့က စီစဉ်ကြ၏။ (တချို့က ဂျပန်နှင့် လုံးဝ မပေါင်းလိုကြ) ကမ္ဘာ၏ လှိုင်းတံပိုးများ တက်ကြွမည် တကဲကဲရှိစဉ် မြန်မာပြည်ကဲ့သို့သော တိုင်းငယ်ပြည်ငယ်ကလေး၏ လွတ်လပ်ရေး ကြိုးပမ်းမှုသည် ကမ္ဘာ့အပြင်အပနှင့် မဆက်သွယ်လျှင်မဖြစ် ဟူသော အသိဖြင့် တရုတ်ပြည်ဘက်သို့ ထွက်၍သွားသော သခင်အောင်ဆန်းမှာ ထိုတော်လှန်ရေးသမားများ၏ အစီအစဉ်အရ အေမွိုင်မြို့တွင် ဂျပန်ပြည်သို့ ခေါ်ဆောင်သွားခြင်း ခံယူခဲ့ရ၏။

၁၉၄၁–၁၉၄၂ ခုနှစ်က ကမ္ဘာ့အခြေအနေအရ မြန်မာပြည်၏ တော်လှန်ရေး လုပ်ငန်းကို ထိထိရောက်ရောက် လုပ်လိုသူသည် ထိုအခါက အင်္ဂလိပ်အား အလိုမရှိဖြစ်နေရမည့် နိုင်ငံကြီး တစ်ခုခု။ သို့မဟုတ် အများနှင့် ဆက်သွယ်မည်သာ ဖြစ်၏။

mgyoe.com

တော်လှန်ရေးသမားများသည် အင်္ဂလိပ် လက်အောက်တွင် လွတ်လပ်ရေး မရသော အခါ အင်္ဂလိပ်ကို အလိုမရှိသော ဂျပန်နှင့် ပေါင်းကြ၏။ ဂျပန်နှင့်ပေါင်း၍ ကိုယ် လိုချင်သော လွတ်လပ်ရေးမရဘဲ အကြမ်းဆုံးသော ဖက်ဆစ်ဝါဒဖြင့် နှိပ်စက်ညှဉ်းပန်း ဖုံးလွှမ်းချုပ်ချယ်ခြင်းကို ခံယူရသောအခါ ဂျပန်ကို ကိုယ့်ချည်းသက်သက် တော်လှန် ဖို့လည်း ပြင်ဆင်ကြ၏။ ဂျပန်ကို အလိုမရှိရာ၌ လုပ်ငန်းချင်း တူသော မဟာမိတ်တို့နှင့် လည်း ပေါင်းကြပြန်၏။ ကမ္ဘာ့အခြေအနေ၏ ပြောင်းလဲမှုကြောင့် အခိုက်အတန့် အားလျော်စွာ မဟာမိတ်အဖြစ် ဆက်ဆံသူတို့သာ လူမျိုးပြောင်းသွားသော်လည်း လွတ်လပ်ရေး လုပ်ငန်းအစဉ်ကား တစ်ဆက်တစ်စပ်တည်း ဖြစ်၏။

၁၉၄၅ ခုနှစ်တွင် မြန်မာ့တော်လှန်မှုကြောင့် ဂျပန်ရန် မြန်မြန်ပြို၍ မဟာမိတ်တို့ စောစော အောင်နိုင်သကဲ့သို့ ၁၉၄၂ ခုနှစ်က မြန်မာ့တော်လှန်မှုကြောင့် အင်္ဂလိပ်တို့ မြန်မြန်ထွက်ပြေးရ၍ ဂျပန်စောစော ဝင်နိုင်ခဲ့၏။ ထိုတော်လှန်မှုမရှိလျှင် ထိုအခါက ဂျပန်အဝင်နှေးရုံသာ ရှိ၏။ ဝင်မည်ကား မုချပင် ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် အင်္ဂလိပ်တို့သည် စင်ကာပူကျကတည်းက မြန်မာ ပြည်ကို အချိန်အခါကြည့်ပြီး လက်လွှတ်၍ အိန္ဒိယမှနေပြီး ခုခံရန် စိတ်နှလုံး တုံးတုံးချ ပြီး ဖြစ်သောကြောင့် ဖြစ်၏။

သို့ဖြစ်ရာ အချုပ်မှာ ဂျပန်ကို မြန်မာပြည်သို့ ရောက်အောင် ခေါ်လာခြင်း အတွက် အပြစ်ရှိသူကို ရှာလျှင် အင်္ဂလိပ်တို့တွင်သာ တရားခံအဖြစ် တွေ့ရှိရမည် ဖြစ်ပေသတည်း။

ဂျာနယ်ကျော်၊ အုပ်တွဲ (၃)၊
မတ် ၂၃၊ ၁၉၄၆။

❐

mgyoe.com

mgyoe.com

## လယ်သမားများကို ယခုလို တရားစွဲအရေးယူနေလျှင် ယခုနှစ် လယ်လုပ်နိုင်ကြပါဦးမလား မှားနေပြီ-မှားနေပြီ

မြန်မာပြည်သည် စီးပွားရေး ဓားပြများ၏ အလယ်တွင် မျက်စိသူငယ်ဖြစ်၍ နေလေသည်။ စီးပွားရေးဓားပြများက တစ်ဖက်က အမျိုးမျိုး ထောင်းဖိ၍ တိုက်ယူနေစဉ် တစ်ဖက်၌ ငတ်မွတ်ခေါင်းပါးရေး ကပ်ဆိုးကြီးကိုလည်း ကာဆီး၍ နေရလေသည်။

တိုက်နေသော ဓားပြနှင့် ကျရောက်လတ္တံ့သော ဘေးဆိုးကြီး၏ အလယ်တွင် မျက်နှာငယ်စွာ ရောက်ရှိနေလေသည်။

မြန်မာပြည်သည် ၁၈၆၆ ခုနှစ်၌ လယ်ဧက ၁,၇၅၀,၀၀၀ သာ စိုက်ပျိုးနိုင်ခဲ့လေသည်။ ၁၈၈၆ ခုနှစ်တွင် ဧက ၄,၀၀၀,၀၀၀ ဖြစ်လာလျက် ၁၈၉၆ ခုနှစ်တွင် ၅,၇၅၅, ၀၀၀ ဖြစ်လာကာ ၁၉၁၀ ခုနှစ်တွင် ၉,၉၅၀,၀၀၀။ ၁၉၂၀ ခုနှစ်တွင် ၁၀,၃၀၉,၀၀၀၊ ၁၉၃၀ ခုနှစ်တွင် ၁၂,၃၇၀,၀၀၀။ ၁၉၄၁ ခုနှစ်တွင် ၁၂,၅၀၀,၀၀၀။ ဤသို့ စသည်အားဖြင့် စိုက်ပျိုးသည့် ဧကများ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာခဲ့လေသည်။

နိုင်ငံခြားသို့ တင်ပို့ရာ၌ ၁၈၇၁ ခုနှစ်တွင် ဆန်တန်ချိန် ၄၀၀,၀၀၀ မျှသာ ရှိခဲ့ရာမှ ၁၈၈၁ ခုနှစ်တွင် တန်ချိန် ၅၂၀,၀၀၀ ဖြစ်လာကာ ၁၉၃၁ ခုနှစ်တွင် တန်ချိန် ၃,၀၀၀,၀၀၀။ ၁၉၄၁ ခုနှစ်တွင် တန်ချိန် ၃,၅၀၀,၀၀၀ ဤသို့ စသည်အားဖြင့် နိုင်ငံခြားသို့ တိုး၍ တိုး၍ တင်ပို့နိုင်ခဲ့လေသည်။

ဤသို့တင်ပို့ခြင်းမှာ ၁၉၄၁ ခုနှစ်သည် နောက်ဆုံးနှစ် ဖြစ်ခဲ့လေသည်။

mgyoe.com

ထိုနှစ်တွင် မြန်မာပြည်က ဆန်ရောင်းရငွေ ၃၃ ကုဋေ ရရှိခဲ့လေသည်။

၁၉၄၂ ခုနှစ်မှစ၍ မြန်မာပြည်သည် ဆန်မပို့နိုင်ဖြစ်ခဲ့ရာ စစ်အတွင်းတွင် ဆန် အထွက်လည်း လျော့နည်းလာလျက် ယခု ၁၉၄၆ ခုနှစ်အထိ နိုင်ငံခြားဝင်ငွေ ဘာမျှ မရှိ ဖြစ်လာခဲ့လေသည်။

မြန်မာပြည်၏ ချမ်းသာခြင်းသည် ဂျပန်ခေတ်အတွင်းက ရခဲ့သည့် ဂျပန်စက္ကူ ကုဋေ ၃၀၀ ကျော်ဖိုးသာဖြစ်ရာ ထိုနှစ်များအတွင်းတွင် မြန်မာပြည်သည် နိုင်ငံခြားသို့ ဆန်မတင်ပို့နိုင်သဖြင့် (ဆန် တစ်ဦးတည်း မတင်ပို့နိုင်ခြင်းကိုသာ ဆိုလိုသည်။ ဤ စာရင်းတွင် ကျွန်းသစ်၊ ရေနံများ မပါဝင်ချေ) တစ်နှစ်တစ်နှစ်လျှင် ဆန်ဖိုးငွေ (၁၉၄၁ ခုနှစ် ရောင်းစာရင်းအရ) ကုဋေပေါင်း ၃၃ ကုဋေမျှ နှစ်စဉ် ဆုံးရှုံးနစ်နာ၍ လာခဲ့လေ သည်။

ဤသို့ နစ်နာခြင်းသည် ယခုအထိ ဖြစ်ပေသည်။

မြန်မာပြည်သည် "ရဖို့"ဘက်၌ ဤကဲ့သို့ ဆုံးရှုံး၍နေလေသည်။ "ရဖို့"မရှိသော် လည်း "ထွက်ဖို့"မရှိလျှင် မထောင်းတာလှသေးပေ။ ယခုမူ "အဝင်"မရှိသည့်အချိန်တွင် "အထွက်"ကလည်း မရပ်မစဲ၊ တစ်ထွက်တည်းသာ ထွက်၍နေလေသည်။ ကုန်လွန်ခဲ့ သော ဇန်နဝါရီလတွင် ရန်ကုန်စာတိုက်ကြီးမှ အိန္ဒိယပြည်သို့ မန်နီအော်ဒါ စောင်ရေ ပေါင်း ၄၅၈၀၃ ဖြင့် ပို့လိုက်သော ငွေပေါင်းမှာ ၄၉၅၄၇၄၁ ကျပ်နှင့် ၁၃ ပဲ ဖြစ်လေ သည်။ ဖေဖော်ဝါရီလ၌ အိန္ဒိယပြည်သို့ပင် မန်နီအော်ဒါ စောင်ရေပေါင်း ၃၇၀၉၂ ဖြင့် ငွေပေါင်း ၃၉၁၅၂၄၆ ကျပ်နှင့် ၁၁ ပဲ ထွက်သွားပြန်လေသည်။ မတ်လ၌ တစ်ဖန် မန်နီအော်ဒါ စောင်ရေပေါင်း ၅၀၉၁၇ ဖြင့် ငွေပေါင်း ၄၇၀၅၉၀၉ ကျပ်နှင့် ၁၀ ပဲ ထပ်မံထွက်သွားပြန်ရာ ၎င်းမှာလည်း အိန္ဒိယပြည်သို့ပင် ဖြစ်လေသည်။ ထိုသုံးလ တွင် အိန္ဒိယပြည်သို့ ပို့လိုက်သော ငွေအားလုံးကို ပေါင်းလိုက်လျှင် စုစုပေါင်း ၁၃ သန်းခွဲကျော်၍ နေလေသည်။ ထိုငွေများတွင် သင်္ဘောဖြင့် ပြန်ကြကုန်သော စစ်သား များ၏ အိတ်တွင် ပါသွားသော ငွေများ မပါသေးပေ။

မည်ရွေ့မည်မျှ ပါသွားသည်ကိုလည်း မခန့်မှန်းနိုင်ပေ။

ဤသို့အားဖြင့် "အရ"မရှိဘဲ မြန်မာပြည်သည် အထွက်ရှိနေလေသည်။

ထွက်သွားသော ဤငွေများအတွက် အစားပြန်ဝင်လာမည့်ငွေမှာ မြန်မာပြည် ၏ ဆန်အပေါ်တွင်သာ တည်၍နေလေသည်။ မြန်မာပြည်မှ ဆန်ကို ရသမျှ သိမ်းကျုံး၍ ယခု ၁၉၄၆ နှစ်၌ အိန္ဒိယသို့ တစ်ပို့တည်း ပို့နေခဲ့ရာ ဆန်တန်ချိန် မည်မျှပို့ပြီး၍

mgyoe.com

မည်သည့် ဈေးဖြင့်ရောင်းပြီး မည်မျှ ရောင်းချပြီးပြီကို အတိအကျ မသိရသေးပေ။ သို့သော် မြန်မာပြည်မှ ဝယ်ယူသည့် ဈေးမှာ မြန်မာလက်မှ "စားပြတိုက်သလို" ရယူသည့် ဈေးပင်ဖြစ်ရကား အားရကျေနပ်စရာ လုံးဝမရှိပေ။

ထိုအချိန်တွင် အထက်မြန်မာပြည်၌လည်း ဝါများ အတင်းအဓမ္မ မရောင်းမနေရ စနစ်ဖြင့် သိမ်း၍နေခဲ့လေသည်။ သိမ်းပုံသိမ်းနည်းမှာ တစ်ခါက ဤအခန်းတွင် ဖော်ပြခဲ့သည့်အတိုင်း ဖြစ်လေသည်။ ယခု ဗမာပြည်ဝါအတွက် ခန့်မှန်းခြေကို ဆိုင်ရာက ထုတ်ပြန်လိုက်ရာ ၁၉၄၅–၄၆ ခုနှစ်အတွက် ခန့်မှန်းခြေတန်ချိန်မှာ ၆၉၀၀ (အထုပ်ပေါင်း ၃၈၆၀၀) ခန့်ဖြစ်၍ ၎င်းအနက် တန်ချိန် ၄၉၀၀ (အထုပ်ပေါင်း ၂၇၄၀၀) ကို နိုင်ငံခြားသို့ တင်ပို့နိုင်လိမ့်မည်ဟု ဖော်ပြထားလေသည်။

ဤခန့်မှန်းခြေစာရင်းတွင် အထက်မြန်မာပြည်မှ အတင်းသိမ်း၍ ယူခဲ့သော ဝါချိန်စာရင်းများ ပါ မပါကို မသိရပေ။ မည်သည့်ဈေးဖြင့် ဝယ်ယူမည်။ သို့မဟုတ် ဝယ်ယူခဲ့သည် ဆိုသည်ကိုလည်း မဖော်ပြပေ။ မည်သည့်ဈေးဖြင့် တင်ပို့ရောင်းချနိုင်စရာရှိသည် ဟူ၍လည်း မကြေညာပေ။

သို့ဖြစ်၍ စိုးစဉ်းမျှ ကျေနပ်စရာမရှိပေ။

မြန်မာပြည်သည် ဤနည်းအားဖြင့် စီးပွားရေးစားပြ အထပ်ထပ် အတိုက်ခံ၍ နေရလေသည်။ တစ်ဖက်တွင် ငတ်မွတ်ခေါင်းပါးမည့် ဘေးကြီးကိုလည်း ကာဆီး၍ နေရပြန်လေသည်။ အိန္ဒိယပြည်သည် ထိုကပ်ကြီးကို ယခုပင်လျှင် ကြုံ၍နေရပြီး ဖြစ်လေသည်။ ဂျပန်ပြည်တွင် သမီးခေါက်ခေါက်ကို သတ်စားရသည့် အဖြစ်မျိုးကို ရောက်၍နေလေသည်။ တရုတ်ပြည်တွင် တစ်အိမ်သားလုံး ရေထဲသို့ ခုန်ချပြီး သတ်သေကြရသည်အထိ အဖြစ်ဆိုး၍နေလေသည်။ ပသျှူးကျွန်းဆွယ်တွင် ဆန်တန်ချိန်ပေါင်း ၃၀၀၀,၀၀၀ လို၍ နေလေသည်။ တစ်ကမ္ဘာလုံးမှာ ဒုဗ္ဘိက္ခန္တရကပ်မိစ္ဆာကြီး၏ ညှီဟောက်သော "အနံ့"ကို နီးကပ်စွာ ရှူ၍ရှူ၍ နေရလေသည်။

ဤကဲ့သို့ ဖြစ်ရှိနေသောအချိန်တွင် မြန်မာပြည်၌ အံ့ဩဖွယ် အခြင်းအရာများကို တွေ့ကြုံ၍နေရလေသည်။

အသို့နည်း။

မြန်မာလယ်သမားများသည် "အလွန့်အလွန်"အချော့အမြှူ ခံကြရမည့် ယခုအချိန်၌ "အလွန့်အလွန်"အခြိမ်းအခြောက် ခံ၍နေကြရလေသည်။ "အလွန့်အလွန်" အခြိမ်းအခြောက်ခံနေရသဖြင့် ယခု အလွန့်အလွန် စိတ်ညစ်၍ နေကြလေသည်။

mgyee.com

လယ်သမားများသည် ကုန်ခဲ့သော နှစ်အတွက် လယ်သီးစားခကို မပေးနိုင်သဖြင့် "မပေးပါရစေနှင့်"ဟု တောင်းပန်ခဲ့ကြလေသည်။ ဤတောင်းပန်ချက်ကို အမြင်ကျယ်သော လယ်ရှင်များက ကျေနပ်စွာ လိုက်လျောခွင့်ပြုခဲ့ကြလေသည်။ အမြင်မကျယ်သူများက မလိုက်လျောဘဲ နေကြလေသည်။

မလိုက်လျောရုံမက ယခုအခါ တချို့နယ်များတွင် လယ်သမားများမှာ သီးစားဥပဒေပုဒ်မ (၄၃)၊ အပိုဒ်(၂)အရ ရာဇဝတ်ကြောင်းဖြင့် တရားစွဲခြင်းခံ၍ နေရလေသည်။

တချို့နယ်များတွင် သီးစားသမားများအား လယ်မှ နှင်ထုတ်၍ နေလေသည်။

အစိုးရသည် လယ်ရှင်နှင့် လယ်သမား ကျေနပ်စွာ သင့်မြတ်မှုကို ဝင်ရောက်ဖျန်ဖြေ စေ့စပ်ခြင်း မပြု၊ လယ်ရှင်များဘက်ကပင် လိုက်၍ လယ်သမားကို "ဖိ"နေပြန်ချေသေးသည်။

တချို့နယ်များတွင် "လယ်ခွန်"များပင် စည်းကြပ်၍ နေပြန်လေသည်။ သီးစားခမပေးဘဲ နေနိုင်ခွင့်နှင့် လယ်ခွန် လျှော်ပစ်သည့် အမိန့်များ ထုတ်ပြန်ရန် ဖဆပလပြည်သူ့ ညီလာခံသဘင်ကြီး၏ တောင်းဆိုချက်ကို "မကြားချင်" ပြု၍နေလေသည်။

လယ်သမားအပေါ်၌ "အလွန့်အလွန်"သက်ညှာထောက်ထားရမည့်အချိန်တွင် "အလွန့်အလွန်" ဖိနှိပ်လျှင် အမှားကြီး မှားဖို့သာရှိလေသည်။

မကြာမီက စင်ကာပူမြို့တွင် ကျင်းပပြီးစီးခဲ့သော အရှေ့အာရှတောင်ပိုင်း အစားအစာ ကွန်ဖရင့်ကြီးက အရှေ့အာရှတောင်ပိုင်း စားနပ်ရိက္ခာ အခြေအနေ၏ ဆိုးဝါးမှုကို ဝါရှင်တန်မြို့ရှိ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးက အရေးတကြီး စဉ်းစားအရေးယူရန် ဗြိတိသျှ အစိုးရသို့ တာဝန်လွှဲလိုက်ရာ ဗြိတိသျှအစိုးရသည် ဤတာဝန်ကို ဆောင်ယူရာ၌ မြန်မာပြည်တွင် ဖြစ်ရှိနေသော အခြေအနေကို ထည့်သွင်းစဉ်းစားထိုက်ပေသည်။

အရှေ့အာရှတွင် မြန်မာပြည်သည် ဆန်အထွက်ဆုံး တိုင်းပြည်ဖြစ်ရာ ဆန်အထွက်ဆုံး တိုင်းပြည်ကို ဆန်အများဆုံး ထွက်အောင် လမ်းခင်း၍ပေးဖို့ ရှိလေသည်။

မြန်မာလယ်သမားများသည် ယခုအခါ လယ်လုပ်ချိန် နီးကပ်လာပြီဖြစ်၍ အလုပ်ခွင်သို့ ဆင်းလိုနေကြပြီ ဖြစ်လေသည်။ ၎င်းတို့ အလုပ်ခွင်သို့ မြန်မြန်ဆင်းပြီး များများလုပ်မှ ဆန်အများဆုံး ထွက်သော တိုင်းပြည်အဖြစ်သို့ ပြန်လည် ရောက်ရှိနိုင်ပေလိမ့်မည်။ အများဆုံးထွက်မှာ မြန်မာပြည်လည်းဝ၊ မြန်မာပြည်ကို အားထားနေရသည့် တိုင်းပြည်များလည်း ဝပေလိမ့်မည်။

ဤအတိုင်းဖြစ်နိုင်ရန်

mgyoe.com

(၁) သီးစားဥပဒေပုဒ်မ (၄၃)၊ အပိုဒ် (၂) အရ ရာဇဝတ်ကြောင်းဖြင့် လယ်သမားများကို တရားစွဲဆိုထားသည့် အမှုများကို ပလပ်၍ ပစ်ပါ။

(၂) လယ်သီးစားခ မပေးဘဲ နေနိုင်ခွင့်ဥပဒေကို အမြန်ထုတ်ပါ။

(၃) လယ်ခွန်လွတ်ငြိမ်းခွင့် ဥပဒေကို အမြန်ထုတ်ပါ။

(၄) လယ်သမားများအား လယ်လုပ်ရာတွင် လိုအပ်သော ကိရိယာများကို အမြန်ဆုံးရှာပေးပါ။ အထူးသဖြင့် နွားများကို မြန်မြန်ရှာပေးပါ။

ယခုအချိန် ရှိသေး၏။ အချိန်ရှိသေးသဖြင့် လုပ်နိုင်သေး၏။ သို့ဖြစ်သော ကြောင့် လုပ်ပါ။ ။

ဂျာနယ်ကျော်၊ အုပ်တွဲသစ် (၄)၊ အမှတ် (၁)၊
ဧပြီ ၂၇၊ ၁၉၄၆။

❐

mgyoe.com

mgyoe.com

## ကျောင်းသားခေါင်းဆောင်များ မိန်းမရကုန်ပြီ
### မည်ကဲ့သို့သော မိန်းမမျိုးကိုရ၍ ယခု မည်သို့ လုပ်ကိုင်နေထိုင်သနည်း

**ကျောင်းသားများအရေးကို လျစ်လျူရှု၍ မေ့နေကြပြီလော**

ကျောင်းသား အရေးတော်ပုံကြီးကို မြန်မာတိုင်း မှတ်မိကြပေလိမ့်မည်။ ထိုအရေးတော်ပုံကြီးအကြောင်းကို ပြန်လည်ဆင်ခြင်လျှင် (၁) ရေနံသပိတ်တပ်သားများ ချီတက်လာခြင်းကို သွားရောက် တွေ့ဆုံ ဟောပြောရုံဖြင့် ကျောင်းသားခေါင်းဆောင် ကိုဗဟိန်းနှင့် အကျိုးဆောင် ကိုဗဆွေကို မကွေး၌ ဖမ်းဆီးထောင်ချရာမှအစ (၂) သမဂ္ဂ ကိုလှရွှေက ကျောင်းသားအရေးတော်ပုံကြီး တစ်ခု ဖြစ်အောင် စည်းကမ်းတကျ ဆောင်ရွက်ကာ အစိုးရတို့ကို အမျိုးမျိုး အကျပ်ကိုင်ပြီး လိုလားချက်တို့ကို တောင်း၍ ရသင့်သလောက်ရပြီ ဟူ၍ အများက သဘောယူဆသည့်အချိန်တွင် သပိတ်လှန်နိုင်ရန် အမိန့်ပေးသည်ကို (၃) မြို့မ ကိုသန်းတင်က သပိတ်မလှန်ဟုဆိုပြီး တစ်ဂိုဏ်းခွဲ၍ နေခဲ့သည့် အကြောင်းခြင်းရာများကို ပြန်လည်သတိရမိကြပေလိမ့်မည်။

ယခုတစ်ဖန် မြန်မာပြည်လုံးဆိုင်ရာ ကျောင်းသား ကိုယ်စားလှယ်များသည် ရန်ကုန်တက္ကသိုလ် ကျောင်းတိုက်တွင် တွေ့ဆုံစည်းဝေးပြီးလျှင် ပညာရေး၊ နိုင်ငံရေး စသည့် အရေးတို့ကို ဆွေးနွေးဆုံးဖြတ်လျက် မိမိတို့၏ လုပ်ငန်းစဉ်ကို သတ်မှတ်ကြပေတော့မည်။

mgyoe.com



ကိုဗဟိန်း၏ အမည်သည် ကျောင်းသား အရေးတော်ပုံကြီးအတွင်းက တိုင်းပြည်ကျော်အောင် ဟိန်းခဲ့လေသည်၊ ရှေ့ကိုလည်း ဟိန်းဦးမည်ကား ယုံမှားဖွယ် မရှိပေ

ယခုကဲ့သို့ ကျောင်းသားအရေးတော်ပုံကြီး အမြင်အားဖြင့် ပြီးစီးခဲ့သော်လည်း အတွင်းအားဖြင့် ဆက်လက်၍ အခွင့်အရေး တောင်းဆိုရန် ရှိသမျှကို တောင်းလျက် အရေးယူလုပ်ကိုင်နေခဲ့ကြရာတွင် အရေးတော်ပုံကြီးဖြစ်စဉ်က နာမည်ကြီးခဲ့သော ကိုဗဟိန်း၊ ကိုလှရွှေ၊ ကိုသန်းတင်တို့တွင် မည်သူသည် မည်ကဲ့သို့ ပျက်ကွက်သည်။ အရေးယူလုပ်ကိုင်သည် အစရှိသဖြင့် များစွာ သိလိုလျက် ရှိနေကြရာ၌ ဤသုံးဦးစလုံးပင် ကိုယ်စီကိုယ်င မိန်းမရနေကြပြီဖြစ်၍ ယခုမည်ကဲ့သို့ နေထိုင်လုပ်ကိုင်နေကြသနည်း။ ၎င်းတို့ မိန်းမများသည် မည်ကဲ့သို့ သဘောထားရှိသနည်း အစရှိသော အမေးကို မေးမြန်းမိကြပေလိမ့်မည်။

ဤမေးခွန်းမှာ စင်စစ် မေးသင့်မေးထိုက်သော မေးခွန်းပင် ဖြစ်ပေသည်။

ကိုဗဟိန်းနှင့် အိမ်ထောင်ကျသူမှာ ပခုက္ကူမြို့ မြေပိုင်ရှင် ဦးဖော့၊ ဒေါ်မြ၏ သားသမီး ၁၀ ယောက်တွင် တစ်ဦးဖြစ်သော မခင်ကြီးပင် ဖြစ်ပေသည်။ ၁၉၃၉ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ကိုဗဟိန်းသည် ကျောင်းတက်သွားရာမှ မခင်ကြီးနေသော ဆရာဖြစ်သင်ကျောင်းသို့ ဝင်ရောက်ပြီးလျှင် မခင်ကြီးအား မြို့ထဲသို့ ခေါ်ဆောင်လာခဲ့လေသည်။ ၎င်းနောက် ရန်ကုန် အရေးပိုင်ရုံးတွင် လက်ထပ်ကြပြီးလျှင် ယခုအခါ ကြည့်မြင်တိုင် စမ်းချောင်း မြေနုလမ်း အိမ်နံပါတ် ၁၄ တွင် နေထိုင်လျက် ရှိပေသည်။

မခင်ကြီးမှာ ဆရာဖြစ်အောင်ရန် တစ်နှစ် ဆက်လက်သင်ကြားဖို့ လိုသေး၍ ကိုဗဟိန်းမှာလည်း ဘီအေ မအောင်သေးရာ အောင်သည့်တိုင်အောင် ဆက်လက်သင်ကြားလိမ့်မည်ဟု သိရှိရပေသည်။ ကိုဗဟိန်းမှာ အိမ်ထောင်ကျပြီ ဖြစ်သော်လည်း နိုင်ငံရေး ကျောင်းသားအရေးများကို ဆက်လက် ဆောင်ရွက်မြဲ ဆောင်ရွက်လျက် ရှိလေသည်။ မကြာမီက အိန္ဒိယပြည်သို့ သွားရောက်ပြီးလျှင် ကျောင်းသားများနှင့်

mgyee.com

အလုပ်သမားများ အခြေအနေတို့ကို စုံစမ်းခဲ့လေသည်။

မေလ ၁ ရက်နေ့က မေဒေးခေါ် အလုပ်သမားများနေ့ အထိမ်းအမှတ် ရန်ကုန်မြို့၌ လှည့်လည်ရာတွင် အမျိုးသမီး တစ်ယောက်တည်းသာ ပါဝင်ရာ ထိုသူမှာ ကိုဗဟိန်း၏ဇနီး မခင်ကြီးပင် ဖြစ်ပေသည်။ ဤမျှဖြင့် လင်မယား နှစ်ယောက်စလုံး နိုင်ငံရေး စိတ်မလျှော့ကြောင်း သိနိုင်ပေပြီ။

ကိုဗဟိန်းသည် ဓနရှင်လောက၊ ကမ္ဘာစစ်နှင့် မြန်မာပြည်ခေါ် စာအုပ် နှစ်အုပ်ကို ရေးသား၍လည်း တိုင်းပြည်၏ နိုင်ငံရေးအသိဉာဏ်ကို ဖြည့်ပေးခဲ့လေပြီ။



ကိုဗဟိန်း၏ ဇနီး မခင်ကြီးသည်
နိုင်ငံရေးစိတ်ဓာတ် ခေါင်းပါးသူ တစ်ဦး မဟုတ်။
မေဒေးလှည့်ပွဲတွင် တစ်ဦးတည်းသော
မိန်းကလေးအဖြစ်ဖြင့် ဝင်ရောက်
လှည့်လည်ခဲ့လေသည်။

ကျောင်းသားခေါင်းဆောင် ကိုလှရွှေနှင့် အိမ်ထောင်ကျသူမှာ ဖျာပုံမှ ပညာဝန်ထောက် ဦးကျော်ခင်၏သမီး မခင်ရီပင် ဖြစ်ပေသည်။ ဤဇနီးမောင်နှံတို့မှာ ယခုအခါ ကြည့်မြင်တိုင် စမ်းချောင်းရပ်၊ စမ်းချောင်းလမ်းတွင် နေထိုင်လျက်ရှိကြလေသည်။ ကိုလှရွှေမှာ ဆေးကောလိပ်တွင် အမ်ဘီဘီအက်ဘွဲ့ကိုယူရန် တစ်နှစ် ဆက်လက်သင်ကြားရဦးမည် ဖြစ်လေသည်။

ကျောင်းသားများ၏ အရေးတော်ပုံဖြစ်စဉ်က ကိုလှရွှေ၏ လုပ်ရည်ကိုင်ရည်ကို တိုင်းပြည်က သိမြင်ခဲ့ကြပြီးဖြစ်၍ အထူးဖော်ပြရန် မလိုပေ။ ကိုလှရွှေမှာ အိမ်ထောင်ပင်ကျပြီ ဖြစ်သော်လည်း ကျောင်းသားများ၏ အရေးကိစ္စဟူသမျှကို ကိုယ်ဖိရင်ဖိ လုပ်ကိုင်ဆောင်ရွက်လျက်ပင် ရှိနေခဲ့လေသည်။ ဇနီးမောင်နှံ ရာသက်ပန်ခေါ် အရေးကြီးသည့် အိမ်ထောင်မှုဆိုင်ရာ စာအုပ်တစ်အုပ်ကို ဤအတောအတွင်း ရေးသားအောင်မြင်ခဲ့လေသည်။

ကိုလှရွှေ၏ဇနီး မခင်ရီမှာ အမျိုးသမီးများ တိုးတက်ရေးဆိုင်ရာ လုပ်ငန်းအဖြာဖြာတွင် များစွာ လေ့လာနေရာ များမကြာမီ ၎င်း၏ ဆောင်ရွက်ချက်တို့ကို တွေ့မြင်ကြရတော့မည်ဟု မျှော်လင့်ရပေသည်။

mgyoe.com



ကျောင်းသားခေါင်းဆောင် ကိုလှရွှေသည် မိန်းမပင် ရစေကာမူ ကျောင်းသားကိစ္စများကို လက်မလွှတ်သေးပေ။ ကိုယ်ပိုရင်ပို ဆောင်ရွက်နေမြဲ ဆောင်ရွက်နေလေသည်။ ၎င်း၏ဇနီး မခင်ရီလည်း အမျိုးသမီးအရေးများကို လေ့လာလျက် မကြာမီ အလုပ်လုပ်ပေတော့မည်။



မြို့မ ကိုသန်းတင်ကား ကျောင်းသားအရေးတော်ပုံတွင် သပိတ်မလှန်ဖို့ များစွာ လှုံ့ဆော်ခဲ့သူ တစ်ဦး ဖြစ်ပေသည်။ ၎င်း၏ ဇနီးနှင့် ၎င်းတို့မှာ ယခုအခါ နတ်မောက်မြို့ရှိ မိဘများ၏ လယ်ယာချောင်းမြောင်းတို့ကို ထိန်းသိမ်းစောင့်ရှောက်နေကြလေသည်။

mgyoe.com

 gyoe.com 

မြို့မကိုသန်းတင်နှင့် အိမ်ထောင်ကျသူမှာ ရန်ကုန်မြို့၊ ၁၁ လမ်း၊ ကျောက်ကုန်သည် ဦးဘသစ်၊ ဒေါ်မြရင်တို့၏သမီး မအေးသင်ပင် ဖြစ်ပေသည်။ မအေးသင်မှာ စိန်ဖင့်ဆင့်ကျောင်း၌ ၁၀ တန်းတွင် သင်ကြားနေရာမှ ကျောင်းထွက်လိုက်လေသည်။

ဤဇနီးမောင်နှံနှစ်ဦးမှာ ကျောင်းသားအရေး၊ နိုင်ငံအရေးတွင် စိတ်ဝင်စားခြင်း ရှိသော်လည်း ထိထိရောက်ရောက် ဆောင်ရွက်ခြင်း မပြုနိုင်ကြသေးပေ။ ယခုအခါ ကိုသန်းတင်မှာ နတ်မောက်ရှိ မိဘများ၏ လယ်ယာချောင်းမြောင်းတို့ကို သွားရောက်ထိန်းသိမ်း ကြည့်ရှုနေရလေသည်။ သို့ဖြစ်ရာ ကျောင်းသားများ အရေးကိစ္စနှင့် အဆက်ပြတ်လျက် ရှိလေပြီ။

ဤမျှဖြင့် သိလိုသမျှကို သိရှိနိုင်ကြပြီ ဖြစ်ပေသတည်း။

ဂျာနယ်ကျော်၊ အုပ်တွဲ (၅)၊
မေလ ၁၁၊ ၁၉၄၀။

❒

mgyoe.com

mgyoe.com

သစ္စင်းဆောင်းပါး

# တံစိုးလက်ဆောင်ပေးယူခြင်းနှင့် ဂတိလိုက်ခြင်းများ

**စုံစမ်းရန်လာသော ကော်မတီအား တွေ့ဆုံအစစ်ခံကြလော**

တံစိုးလက်ဆောင်ပေးယူခြင်းနှင့် ဂတိလိုက်ခြင်းများသည် မြန်မာပြည်တွင် ဆုတ်ယုတ်လျော့ပါးသည်ဟူ၍ မရှိဘဲ များပြားတိုးတက်လျက်သာလာခဲ့သည် ဖြစ်သောကြောင့် ထိုသို့ ပြုမူ ဖြစ်ပွားခြင်းများ လုံး၀ ပျောက်ကွယ်သွားသည့်တိုင်အောင် မလုပ်နိုင်ကြပြီလော၊ အမှုထမ်းများ တံစိုးလက်ဆောင်စားမှု ပပျောက်ယုတ်လျော့ရေး အတွက် အစိုးရတို့က ခန့်ထားသော စုံစမ်းရေး ကော်မတီသည် ထိရောက်စွာ ဖြစ်အောင် မည်သို့ပြုလုပ်နည်းနည်း။ လာဘ်ပေးသူနှင့် လာဘ်ယူသူနှစ်ဦးတို့ အရင်းခံဖြစ်သော ဤတံစိုးလက်ဆောင်စားခြင်း ယုတ်လျော့ရေး ကြံရွယ်သည့် ကိစ္စမှာ အောက်ခြေသိမ်းမှ ပြင်းပြင်းထန်ထန် နှိုက်နှိုက်ချွတ်ချွတ် အပြစ်မပေးဘဲ မစုံစမ်းသမျှ ထမြောက်အောင်မြင်နိုင်ရန် အကြောင်းမမြင် အစရှိသဖြင့် လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့ထုတ် ဂျာနယ်တွင်၊ မျက်လုံးခန်းမှ ရေးသားသတိပေးခဲ့လေပြီ။

အစခပ်သိမ်းပင် ငွေရှိမှ အောင်မြင်လျက် ငွေမရှိက တရားမမှန်နိုင်တော့သည့် အတိုင်း။

**အမှန်သာ မှားကြရ၊ အခါးချိုကြတဲ့၊ ကာလညာဏ်။ ။ မြွေမှုကား ပျောက်၊ ဖားသာမောက်လို့၊ ထက်အောက်ကယ်ပြောင်းပြန်၊ လူမတရား ငွေစများမှ၊ စကားသာ မှန်တော့တယ်၊ ကျမ်းဂန်က ပေစာကို၊ လူစာကာ**

mgyoe.com

mgyoe.com

**ကဗျာရေး၍ တေးဆိုကြပြန်။ ။ ငွေနှင့်ခဲမ တန်ခိုးပြ၍၊ ဌာန ကပ်ပါး ကျားနှင့်နွားလည်း၊ ဆားနှင့်ဆပ်ပြာ၊ ဤအရာကို၊ ပမာပုံဆောင်၊ သူတော် ညှိုးလို့၊ လူဆိုးသာ အောင်တော့တယ်၊ တဘောင်သံမှာ၊ ပြောင်းပြန်ကာလ ခေတ်ဆေပ။ ။ လူပဏ္ဍိတ၊ နောက်ဆုံးကျလို့၊ ဗာလရှေ့သွား၊ တရားမညီ၊ တဘီးသာအီတော့၊ ရွှေနီနှင့် ခပ်ပြာလို၊ ပြိုင်လာလျှင် ပဏ္ဍာမဲ့သူတို့၊ ရှုံးတဲ့ကာလ။ ။**

အထက်ပါ လေးချိုးအသွားကဲ့သို့၊ ဆိုးဝါးစွာ ဖြစ်ရှိနေတော့ရာ၊ အစိုးရတို့ ခန့်ထားအပ်သော ကော်မတီသည် ယနေ့ ဇန်နဝါရီလ ၂၀ ရက်နေ့ကစ၍ နယ်ထွက် စုံစမ်းတော့မည်ဟု သိရှိရသည့်အခါ၊ ကျွန်ုပ်တို့မှာ တရားအတိုင်းဖြစ်ဖို့၊ ကြိုးစားသော လုပ်ငန်းသည်၊ ထိထိရောက်ရောက် ထမြောက်အောင်မြင်ပါစေ ဟူ၍ များစွာ ဆု တောင်းရပေသည်။ ကော်မတီမှာ စချီကတည်းက ယဉ်သကိုဆိုသည့်အလား ဘုရင်ခံ ၏ ၇ ဌာန၊ မီးရထားနှင့် အကောက်ဌာနအပြင်၊ ဒေသန္တရ အဖွဲ့တို့တွင် စုံစမ်းခြင်း ပြုခွင့်မရဖြစ်နေရာ ထိုသို့ စုံစမ်းခွင့် မပေးခြင်းသည် ကော်မတီ၏ အပြစ်ကား မဟုတ် ပါပေ။ အထက်အစိုးရတို့၏ လက်ချက်ဖြစ်ရကား အထက်အစိုးရတို့၏ ထိုသို့ ခွဲခွဲ ခြားခြား ပြုလုပ်မှုကိုသာ လေးနက်ပြင်းထန်စွာ ရှုတ်ချထိုက်ကြချေသည်။

ထိုဌာနများကို စုံစမ်းခွင့်မပေးခြင်းသည် ထိုဌာနများ၌ လာဘ်စားခြင်း၊ မျက်နှာ လိုက်ခြင်းရှိလွန်းနေ၍လော။ သို့တည်းမဟုတ် လုံးဝ မရှိဟု အစိုးရတို့က ထင်မြင်နေ၍ လော။ ။ ဤအချက်ကို အစိုးရများထံမှ ကျွန်ုပ်တို့ ပြတ်ပြတ်သားသား ကြားသိလို ပေသည်။ ထိုအချက်ကို အစိုးရတို့ ကျေနပ်စွာ မဖြေကြားနိုင်သမျှ တိုင်းပြည်က ထို ဌာနများ၏ လုပ်ပုံကိုင်ပုံကို မည်သည့်အခါမျှ အယုံတရား ထားနိုင်ကြတော့မည် မဟုတ်ချေ။ ဤဌာနများသည် ယခုကိစ္စ၌ အစိုးရတို့၏ အထူးကာကွယ်ခြင်း၊ သို့ မဟုတ် အရေးပေးခြင်းကို ခံယူရသော ဌာနများလောဟု တွေးတောခံရလျှင်ပင် အစိုးရ တို့အဖို့ ကောင်းနိုင်တော့မည် မဟုတ်ခြင်းကို ရှင်းရှင်း သိနားလည်ထိုက်ကြပေသည်။

ထိုဌာနများကို မစစ်ဆေးရခြင်းအတွက် ယခု စေလွှတ်မည့် ကော်မတီအပေါ် တွင် တာဝန်ထားခြင်းငှာ မဖြစ်နိုင်ပေ။ ကော်မတီသည် မိမိတို့ လုပ်ဆောင်ရန် စေလွှတ် ခြင်းခံရသော တာဝန်ဝတ္တရားများကို လစ်ဟင်းလျှင် ထိုသို့ လစ်ဟင်းသည့်အခါတွင် ကော်မတီအပေါ်၌ တာဝန်ချထားကြရပေလိမ့်မည်။ ကော်မတီ၏ တာဝန်ဝတ္တရား မလစ်ဟင်းရစေရန် ဆောင်ရွက်ရမည့်သူများမှာ နှစ်မျိုး နှစ်စားရှိရာ တစ်မျိုးမှာ ကော်

mgyoe.com

mgyoe.com
မတီအဖွဲ့ဝင် လူကြီးများပင်ဖြစ်လျက် ကျန်တစ်မျိုးမှာ မြို့ရွာရှိ အသင်းအပင်း၊ ကိုယ်စားလှယ်များ၊ အကျိုးဆောင် လူကြီးများနှင့် လာဘ်ပေးရသောသူများကိုယ်တိုင်ပင်ဖြစ်ပေသည်။ ဒုတိယအမျိုးတွင် ပါဝင်သည့် ပုဂ္ဂိုလ်များသည် အမှန်အကန် အဖြစ်အပျက်ဟူသမျှကို မကြောက်မရွံ့၊ မတွန့်မဆုတ် ပြောဆိုကြရလိမ့်မည်ဖြစ်ရာ ထိုသို့ပြောဆိုချက်တို့ကို ကြားသိရသည့်အခါ ကော်မတီ လူကြီးများက အရေးယူ အစီရင်ခံကြရပေလိမ့်မည်။ ယင်းကဲ့သို့ တာဝန်ဝတ္တရား နှစ်မျိုးနှစ်စားရှိရာတွင် တစ်ဦးဦးတစ်ဖက်ဖက်က ပျက်ကွက်ခဲ့သော် ထိုပျက်ကွက်သူအပေါ်တွင် ပျက်ကွက်မှုအတွက်သာမဟုတ်ဘဲ ပျက်ကွက်ခြင်းကြောင့် တိုင်းပြည်၏ ငွေအား၊ အချိန်အား၊ အလဟဿကုန်ဆုံးရခြင်း၊ ယခုမျှလောက် အရေးကြီးသော ကိစ္စကြီး အချည်းနှီး ဖြစ်ရခြင်းအတွက်ပါ လုံးဝ တာဝန်ထားကြရပေလိမ့်မည်။

သို့ဖြစ်ရကား ပျက်ကွက်ခြင်း မရှိကြစေရန် စုံစမ်းရေး ကော်မတီ၏ ခရီးစဉ်ကို အောက်တွင် ထည့်သွင်းဖော်ပြလိုက်ရပေသတည်း။

**စုံစမ်းရေးကော်မတီ၏ ခရီးစဉ်**

၁၉၄၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့၊ ညနေ ၄ နာရီ ၃၅ မိနစ် အချိန်တွင် ရန်ကုန်မြို့မှ မီးရထားဖြင့်ထွက်၍ ၎င်းလ ၂၁ ရက်နေ့တွင် မြင်းခြံမြို့သို့ ဆိုက်ရောက်လိမ့်မည်။ ၂၂ ရက် ၂၃ ရက်နှင့် ၂၄ ရက်နေ့များတွင် မြင်းခြံမြို့၌ ရပ်တန့်နေလိမ့်မည်ဖြစ်ကြောင်း။

အောက်ပါ မြို့များသို့ အစိုးရကူးတို့သင်္ဘောဖြင့် သွားရောက်လိမ့်မည် ဖြစ်ကြောင်း။

ဇန်နဝါရီလ ၂၅ ရက်နေ့၊ မြင်းခြံမြို့မှထွက်၊ ၂၆ ရက်နေ့၊ ဆင်ဖြူကျွန်းသို့ရောက်၊ ၂၇ ရက်နေ့ ဆင်ဖြူကျွန်းမြို့တွင် ရပ်တန့်နေမည်။ ၂၈ ရက်နေ့၊ ဆင်ဖြူကျွန်းမြို့မှထွက်၊ ၂၈ ရက်နေ့ မင်းဘူးမြို့သို့ရောက်။ ၂၉ ရက်နှင့် ၃၀ ရက်နေ့များ၊ မင်းဘူးမြို့တွင် ရပ်တန့်နေမည်။ ၃၁ ရက်နေ့ မင်းဘူးမှထွက် ၃၁ ရက်နေ့ သရက်မြို့သို့ရောက်။

ဖေဖော်ဝါရီလ ၁ ရက်နေ့၊ သရက်မြို့တွင် ရပ်တန့်နေမည်။ ၂ ရက်နေ့ သရက်မြို့မှထွက်။ ၂ ရက်နေ့ ပြည်မြို့သို့ရောက်၊ ၃ ရက်နှင့် ၄ ရက်နေ့များ၊ ပြည်မြို့တွင် ရပ်တန့်နေမည်။ ၅ ရက်နေ့ ပြည်မြို့မှထွက်၊ ၅ ရက်နေ့ ဟင်္သာတမြို့သို့ရောက်။ ၆ ရက်နှင့် ၇ ရက်နေ့များ။ ဟင်္သာတမြို့တွင် ရပ်တန့်နေမည်။ ၈ ရက်နေ့၊ ဟင်္သာတမြို့မှ
mgyoe.com

ထွက်၊ ၈ ရက်နေ့၊ ဓနုဖြူမြို့သို့ရောက်၊ ၉ ရက်နေ့၊ ဓနုဖြူမြို့တွင် ရပ်တန့်နေမည်။ ၁၀ ရက်နေ့ ဓနုဖြူမြို့မှထွက်၊ ၁၀ ရက်နေ့ မအူပင်မြို့သို့ရောက်၊ ၁၁ ရက်နေ့နှင့် ၁၂ ရက်နေ့ မအူပင်မြို့တွင် ရပ်တန့်နေမည်။ ၁၃ ရက်နေ့ မအူပင်မြို့မှထွက်။

ဂျာနယ်ကျော်၊
ဇန်နဝါရီ ၂၀၊ ၁၉၄၀။

❐

mgyoe.com

## ပစ်တိုင်းထောင် စာရေးဆရာကြီး
### ယခု ပိုင်းဆဲနေရာတွင် ထောင်နိုင်ဦးမည်လော

**အယ်ဒီတာပါ ဆဲရာတွင် ပါဝင်လျက်ရှိခြင်း**

ဂျော့ဘားနဒ်ရှောသည် ပစ်တိုင်းထောင်နေသော ပုဂ္ဂိုလ်ထူး တစ်ယောက်ပင် ဖြစ်ပေသည်။

ငင်း၏ အရေးအသားများမှာ သူတကာ တွေးခေါ်ရေးသားပုံမျိုးနှင့် လားလားမျှမတူဘဲ ခြားခြားနားနားကြီးပင်၊ ဆန်နဲ့ကျင်ကွဲလွဲတတ်ရာ ထိုသို့ ဆန့်ကျင်ကွဲလွဲခြင်းသည်လည်း အခြားသူများ အရေးအသားထက်ပင် ပိုမို အချက်ကျ မှန်ကန်သောကြောင့် ၎င်း၏ ထက်မြက်စူးရှသော ဉာဏ်ကို ကမ္ဘာက အတန်တန် ချီးမွမ်းသမှုပြုကြပေသည်။



ဂျော့ဘားနဒ်ရှော

တံတားအို မှောင်ကို မလျှောက်နှင့်၊ စကားဆို တောင်လို မမောက်နှင့် ဟူ၍ မြန်မာတို့၌ ရှေးစကားရှိရာ စလေဆရာက ထိုစကားကို ဗီလာပြုလျက် တံတားအို မှောင်ကို လျှောက်ရမည်၊ စကားဆို တောင်လို မောက်ရမည်၊ တံတားအို မှောင်ကို လျှောက်မှ သတိထားမည်၊ စကားဆို တောင်လို မောက်မှ အသိများမည် ဟူ၍ ရေးသားသည့်အခါ ထိုအရေးအသားမှာ တစ်နည်းတစ်ဖုံ

mgyoe.com

အချက်အပိုင်းကျကျ မှန်ကန်နေသည်ကို တွေ့ရှိရ၍ ဦးပုည၏ ဉာဏ်စွမ်းကို ချီးမွမ်းကြရသကဲ့သို့ပင်၊ ဂျော့ဘားနဒ်ရှောအားလည်း အလားတူ အတွေးအခေါ် အယူအဆ၊ အရေးအသားမျိုးကြောင့် ကမ္ဘာက အံ့သြချီးမွမ်းကြရလေသည်။

ဦးပုည၊ ဂျော့ဘားနဒ်ရှောတို့၏ ဉာဏ်မျိုးဝင်စားလျက် နှစ်များမကြာမီက လာမည့်ဘေး အဝေးက ရှောင်ရာသည် ဟူသည်ကို လာမည့်ဘေး ပြေးတွေ့ဟူ၍လည်းကောင်း၊ ရန်မလိုမှ ရန်ပြုသည် ဟူသည်ကို ရန်လိုမှ ရန်ပြုသည် ရန်မလိုက ရန်ပိုသည် ဟူ၍လည်းကောင်း၊ တစ်ဖက်တစ်လမ်း တိကျမှန်ကန်စွာ သခင်ဘသောင်း ရေးသားခဲ့၍ ချီးမွမ်းခြင်းထက် အဆိုအဆဲ အပြစ်တင်ခြင်းကို ပိုမိုခံယူခဲ့ရသည့်နည်းတူ ဂျော့ဘားနဒ်ရှောလည်း အခါခါပင် အဆိုအဆဲ အပြစ်တင်ခံရဖူးလေသည်။

သို့သော် ဂျော့ဘားနဒ်ရှောမှာ ပစ်တိုင်းထောင်ကဲ့သို့ဖြစ်ကာ မည်သည့်အခါမျှ ဂုဏ်မညစ်နွမ်း၊ ၎င်း၏ မူလစကားကို ပြင်ဆင်ရသည်မရှိဘဲ တစ်နေ့တွင် ၎င်း၏ စကားကို လေးစားသမှု၊ ဂရုပြုလာကြရခြင်းအားဖြင့် ကမ္ဘာပေါ်တွင် ၎င်းနှင့်တုဖက်ပြိုင်ဆိုင် ပြောဆိုရေးသားနိုင်သူ ရှားပါးနေလေသည်။

တစ်ခါက သတင်းစာတိုက်တစ်တိုက်က ပညာရှိပုဂ္ဂိုလ်ကြီး အသီးသီးထံသို့ သတင်းထောက် စေလွှတ်၍ (ပညာတတ်ဆိုသည်ကား အဘယ်နည်း) ဟူသော မေးခွန်းကို မေးစေရာ ပုဂ္ဂိုလ်ကြီး အသီးသီးကပင် မည်သည့်သူကို မည်သည့်အခါတွင် ပညာတတ်ဟူ၍ ခေါ်ရကြောင်းဖြင့် ရှည်လျားစွာ ဒုက္ခခံ၍ ပြောဆိုလိုက်ကြလေသည်။ ဂျော့ဘားနဒ်ရှောထံသို့ရောက်၍ မေးမြန်းကြည့်သောအခါ (ဘာ...ပညာတတ်ရဲ့ အကြောင်းကို သိချင်တယ်လား၊ ကျုပ်ဖြင့် ပညာတတ်ဆိုတာကို ဒီကမ္ဘာမှာ တစ်ယောက်မှ မတွေ့ဖူးဘူး) ဟူ၍ ပြောဆိုလိုက်သဖြင့် သတင်းထောက်မှာ ထိုစကား၏ မှန်ကန်ခြင်းကို ထိုးထွင်းသဘောပေါက်ကာ အခြားပုဂ္ဂိုလ်ကြီးများ ရှည်လျားစွာ ပြောလိုက်သော စကားရပ်တို့ကို သတင်းစာ၌ ပူးတွဲနှိုင်းယှဉ် ထည့်သွင်းဖော်ပြရန် အားနာလောက်အောင်ပင် ဖြစ်ခဲ့ဖူးလေသည်။

ယခုလည်း အင်္ဂလိပ်နှင့် ဂျာမနီတို့ စစ်မက်ဖြစ်ပွားခြင်းနှင့် စပ်လျဉ်း၍ အင်္ဂလန်ပြည်၏ စစ်မက်တိုက်ခိုက်ရခြင်း အကြောင်းရင်း ရည်ရွယ်ချက်များကို ပုဂ္ဂိုလ်ကြီး အသီးသီးတို့က ရေးသားဖော်ပြကြရန် ပစ်ချာပို့ခေါ် အင်္ဂလိပ်ရုပ်စုံ ဂျာနယ်ကြီး တစ်စောင်က တောင်းပန်၍ အသီးသီး ဖော်ပြရေးသားကြရာတွင် ဂျော့ဘားနဒ်ရှောလည်း တစ်ဦးအဝင်အပါဖြစ်နေရာ ၎င်း၏ ရေးသားချက်ကြောင့် အင်္ဂလိပ်လူမျိုးများစွာပင် ဆူပွက်ကာ အယ်ဒီတာနှင့် ဘားနဒ်ရှောကို ဝိုင်းဝန်းပြစ်တင် ကြိမ်းမောင်းနေကြလေပြီ။

mgyoe.com

mgyoe.com

**နန်းရင်းဝန်ကြီး ချိန်ဘာလိန်၏ ရှင်းလင်းဖော်ပြချက်**

နန်းရင်းဝန်ကြီး ချိန်ဘာလိန်က ယခု စစ်ကြီးကို တိုက်ခိုက်နေရခြင်းမှာ ဥရောပတိုက်ကို ဂျာမန်တို့က လောဘရမ္မက်ထွက်၍ အတင်းသိမ်းပိုက်ယူငင်မည့် ဘေးရန်ကို မပြတ်ကြောင့်ကြနေရမှုမှ ဥရောပတိုက်ကို စိတ်၏ သက်သာခွင့်၊ ကိုယ်၏ သက်သာခွင့်ပေး၍ ဥရောပတိုက် အပြည်ပြည်ရှိ လူမျိုးများအား ၎င်းတို့၏ လွတ်လပ်မှုများကို ဆက်လက်ရရှိ တည်မြဲနေနိုင်စေရန် ဆောင်ရွက်ပေးဖို့ ဖြစ်ကြောင်း၊ ဟစ်တလာဝါဒ လုံးဝ ပျက်ပြား၍ လွတ်လပ်သော ဥရောပတိုက်ကြီး ပြန်လည် တည်ထောင်နိုင်သော နေ့ကို မိမိမြင်တွေ့သွားရလိမ့်မည်ဟု ယုံကြည်ကြောင်းနှင့် ရှင်းလင်းဖော်ပြခဲ့လေသည်။

ပစ်ချာပို့တွင် ရေးသားဖော်ပြထားသော အခြားပုဂ္ဂိုလ်တို့၏ အရေးအသားများ၌ အလားတူ စစ်ရည်ရွယ်ချက်များ ဖော်ပြပါရှိရာ ဂျော့ဘားနဒ်ရှောကမူ စချီကတည်းက (စစ်နှင့်ပတ်သက် မလိမ္မာ၍ မတွင်ကျယ်သော အတွေးအခေါ်) ဟူ၍ ခေါင်းတင်ပြီးလျှင်၊

ပိုလန်တွင် တိုက်သောစစ်သည် ပြီးသွားလေပြီ။ ပိုလန်နယ်စပ်ကို ပထမဆုံး ရုရှားစစ်သား ကျော်ဖြတ် ဝင်ရောက်ပြီဆိုသည့် အချိန်မှစ၍ စစ်တည်းဟူသော စစ်ဘုရင်ထိုးပွဲတွင် သုံးကွက်ကျော်၍ မြင်နိုင်သောသူမှန်သမျှ ပိုလန်ကိစ္စ ချောရတော့မည်ကို သိမြင်ပြီး ဖြစ်ကြသည်။

ပိုလန်သည် အညံ့ခံပြီးလျှင် ဟစ်တလာ၏ ခြေရင်းတွင် ဦးခိုက်လေပြီ။ ပိုလန်၏ အရေးမှာ ပြီးဆုံးလေပြီဖြစ်၍ ကျွန်ုပ်တို့ (အင်္ဂလိပ်)များမှာ စစ်ကို ဆက်လက်တိုက်ခိုက်နေဖို့ ဆင်ခြေမပေးနိုင်တော့ပြီဟု ဟစ်တလာသည် ဆိုနိုင်သော အခြေအနေသို့ ရောက်ခဲ့လေသည်။

ထိုအခါတွင် ကျွန်ုပ်တို့သည် ပိုလန်ပြည်အား သနားညှာတာ၍ စစ်တိုက်ရပါသည် ဟူသော မဟုတ်မခံ သူရဲကောင်းတို့ တပ်ဆင်ရာဖြစ်သည့် သံချပ်ကာမျက်နှာဖုံးကို ချွတ်ပစ်လိုက်ပြီးလျှင် ကျွန်ုပ်တို့လည်း အမှန်အားဖြင့် ပိုလန်ပြည်အတွက် နစ်ပြားသား ဂရုမစိုက်ကြောင်း၊ ဟစ်တလာဝါဒကို ကမ္ဘာမှ ဖြိုဖျက် ပစ်ရမည် ဟူသော စကားကို သုံးလျက်၊ ဂျာမနီ မစွမ်းမသန်ဖြစ်အောင် ရှေးက မြှုပ်ခဲ့သော နည်းစနစ်အတိုင်း ချိုးနှိမ်ရန် တိုက်လျက်ရှိခြင်း ဖြစ်ကြောင်းနှင့် ထုတ်ဖော် ပြောဆိုရလေတော့သည်။

ထိုအတွင်း ကျွန်ုပ်တို့မှာ စစ်ဌာန၏ မဖွယ်ရာသော အာဏာဖြင့် အိမ်သားချင်းခွဲ၍ နေထိုင်ရသောအဖြစ်နှင့်တကွ စီးပွားရေး ပျက်ပြားရသည့်အဖြစ် လူများ အသွား

mgyoe.com

 mgyoe.com 

အလှ အနေအထိုင် ပျက်ပြားကျပ်တည်း ကျဉ်းမြောင်းရသည့်အဖြစ် အစရှိသည့် ဖွယ်ရာ အချက်များကို အောင့်အည်း သည်းခံနေကြရလေသည်။ မည်သည့် ရှေး အာဏာရှင်မင်းများ၊ ယခု အာဏာရှင်များသော်မျှ သတိမရကြသော အခွင့်အာဏာ အဖြာဖြာတို့ကို တာဝန်ခံပါမည်ဟု ဆိုသူမှန်က ဖျတ်လတ်နိုးကြားသော သူခိုးကိုပင် ပေးကမ်းလွှဲအပ်ကာ တိုက်စိုးနှင်းလျက် ရှိနေချေပြီ။

ကျွန်ုပ်တို့ လုပ်ငန်းဆောင်တာသည် မည်သည့် လုပ်ငန်းဆောင်တာမျိုးပင် ဖြစ်စေကာမူ ထိုလုပ်ငန်းဆောင်တာကို ရပ်စဲစေလျက် ရှိနေချေပြီ။ ကျွန်ုပ်တို့၏ ဇနီး များကို ကျွန်ုပ်တို့ထံမှ ခွဲ၍ တခြားသို့ ပို့လျက် ရှိလေပြီ။ ကလေးများကိုလည်း မိခင် များ မပါဘဲလျက် ဖြစ်စေ တစ်နေရာသို့ ယူဆောင်ပို့သလျက် ရှိလေပြီ။ ကျွန်ုပ်တို့၏ ပွဲရုံများ၊ ရုပ်ရှင်ရုံများမှာလည်း ပိတ်နေရချေပြီ။ ကျောင်းများ၊ ကောလိပ်များနှင့် အများ ပြည်သူတို့၏ စာကြည့်ခန်းများမှာလည်း စစ်အာဏာရှင် ခြေတင်စံမြန်းနေထိုင်ရာ ဖြစ်နေလေပြီ။ ကျွန်ုပ်တို့အား ကျွန်ုပ်တို့ နေထိုင်လျက်ရှိသော ဟိုတယ်များထဲမှ ဖိကို ကုပ်၍ လမ်းပေါ်သို့ ယူငင်ဆွဲထုတ်လျက်ရှိလေပြီ။ ကျွန်ုပ်တို့၏ အိမ်များမှာလည်း ပြေးလွှားလာသောသူများ အသိုက်အအုံ ဖွဲ့စည်းနေထိုင်ရာ (သာလာယံ) ဖြစ်လေ ကုန်ပြီ။ ကျွန်ုပ်တို့သည် အလုပ်ခွင်သို့ ဘေဘီအော်စတင် ကားကလေးနှင့် သွားမှ သွားနိုင်ပါ့မလားဟု စဉ်းစား၍ သွားနိုင်ပြီ။ အဖိုးလည်း ပေးနိုင်ပြီဟု သေချာတွက်ချက် ရရှိမှ စည်းစိမ်ယူရန် ဝယ်ထားသော ဗိုလ်ရုံဗိုလ်တဲများကို ကျွန်ုပ်တို့ ယခု ခြေလှမ်း လက်လှမ်း မမီနိုင်တော့လေအောင် အလွန်စရိတ်ကြီးသော အခွန်တော်ငွေ ဘတ်ဂျက် ဝန်ထုပ်ကြီးဖြင့် ဖန်တီးထားလေပြီ။ စစ်ဘေးရန်ကို ကြောက်၍ မှောင်ချထားခြင်းသည် ကျွန်ုပ်တို့အား နေထွက်မှ နေဝင်အထိ မျက်စိနှစ်လုံး စုံလုံးမမြင်အောင် ပြုလုပ်ထားခြင်း ဖြစ်သကဲ့သို့ ဓာတ်ဆီကို ချွေတာသုံးရန် စည်းမျဉ်း သတ်မှတ်လိုက်ပုံမှာလည်း ကျွန်ုပ် တို့နေရာမှ မရွေ့လျားနိုင်အောင်ပင် ဖြစ်စေခဲ့လေပြီ။

ဤသည်တို့ကား ငြိမ်းချမ်းချိန်တွင် မည်သူ တစ်ဦးတစ်ယောက်ကမျှ အယုံ တရားရှိမည် မဟုတ်သော်လည်း စစ်ဖြစ်ချိန်တွင် ထိပ်တန်းသို့ ရောက်ရှိလာကြကာ မကျင်မလည်ဘဲနှင့် စစ်ဘက်တွင် ခြယ်လှယ်နေကြသော သူရူးသူမိုက်များ၏ အာဏာ ပိုင် အုပ်စိုးမှုကြောင့် ဖြစ်ပွားပေါ်ပေါက်ရသော အချက်အလက်များပင် ဖြစ်ချေတော့ သည်။ ကျွန်ုပ်တို့က ညည်းညူကြသည့်အခါ ကျွန်ုပ်တို့အား စစ်ဖြစ်ချိန်တွင် ယခုကဲ့သို့ အဖြစ်မျိုးကို အောင့်အည်းသည်းညည်းခံကြရမည်။ ကွတ်အင်္ကျီအဖြူဝယ်ပြီး ဓာတ်ငွေ့ ကာ ကိရိယာကို သွားလေရာ ယူဆောင်သွားကြမည်ဟု အပြောခံရလေသည်။

mgyoe.com

အောင့်အည်းသည်းခံရမည် ဟူ၍ ကျွန်ုပ်တို့ ပြောကြဆိုကြ၏။ ကောင်းပါပြီ၊ အောင့်အည်းသည်းခံပါပြီ၊ ထိုအောင့်အည်းသည်းခံခြင်းသည် ဘယ်အတွက်ပါနည်း၊ စိတ်ခိုင်ခိုင်ထားကြပါ၊ ဖွဲ့ရှိပါဟု သင်တို့က ကျွန်ုပ်တို့အား ပြောကြားသွန်သင်ကြ၏။ သို့သော် ကျွန်ုပ်တို့သည် ဘာမျှမဟုတ် ဘာမျှမရှိသော အရာအတွက် စိတ်ခိုင်ခိုင်မထားနိုင်၊ ဖွဲ့မရှိနိုင်ပေ။ ကျွန်ုပ်တို့သည် အဘယ်ကြောင့် ယခုကဲ့သို့ ခံစားနေကြရပါသနည်း၊ ကျွန်ုပ်တို့သည် မည်သည့်အရာကို ပြုလုပ်မည်ဟု သန္နိဋ္ဌာန်ချထားပါသနည်း။ မည်သည့် ရည်ရွယ်ချက်အပေါ်တွင် လုပ်ကိုင်နေပါသနည်း။ ပိုလန်ပြည်ကိစ္စ ချောအောင်လုပ်ပြီးသည့်နောက် ယခု စစ်ဖြစ်နေရခြင်းသည် ဘာအတွက်နည်း။

မစ္စတာချိန်ဘာလိန်က ပြန်လည်ဖြေကြားသောအားဖြင့် ကျွန်ုပ်တို့ (အင်္ဂလိပ်လူမျိုးများ) ၏ စစ်ရည်ရွယ်ချက်ကို ထုတ်ဖော်ပြောကြား၏။ မစ္စတာဝင်စတန်ချာချီက အသံလွှင့်လျက် ပြောကြား၏။ ကျွန်ုပ်တို့ (အင်္ဂလိပ်လူမျိုးများ) ၏ ပထမ အဓိက ရည်ရွယ်ချက်မှာ ဥရောပတိုက်ကြီးကို စစ်ဖြစ်မည့် ဘေးရန်မှ လွတ်မြောက်အောင် ကယ်တင်ရန်ဟူ၍ ဖြစ်သည် ဆို၏။

ထိုသို့ ဥရောပတိုက်ကြီးကို စစ်ဖြစ်မည့်ဘေးရန်မှ လွတ်မြောက်အောင် ကယ်တင်ရေးအတွက် ယခု လိုက်နာနေသောနည်းမှာကား ဥရောပတိုက်ကြီးအား သုံးနှစ်စစ်ဖြစ်နေစေရန် ကြေညာခြင်း ဖြစ်နေပါတကား။

ဒုတိယ ရည်ရွယ်ချက်မှာ ဟစ်တလာဝါဒကို ကျူပင်ခုတ် ကျူငုတ်မကျန် ဖယ်ရှားရန်ဟု ဆို၏။

ကောင်းပြီ၊ ထို့ထက် ပိုမိုဖြစ်မြောက်ရန် လွယ်ကူနီးစပ်လျက် ထိုမျှလောက်ပင် အဓိပ္ပာယ်မရှိသော ချာချီဝါဒ *ကို ပထမ ဖြိုဖျက်ပစ်ကြလျှင် မည်သို့နေမည်နည်း။

ဟစ်တလာအား စိန့်ဟယ်လီနာသို့ မပို့နိုင်ကြလျှင် **၎င်းသည် ဆွစ်ဇာလန်၊ ဟော်လန်၊ ဘယ်လ်ဂျီယံ၊ အင်္ဂလန်၊ စကော့တလန်၊ အိုင်ယာလန်၊ ဩစတြေးလျ၊

---

* ဘိလပ်ရေကြောင်းဝန်ကြီးချုပ်၊ မစ္စတာ ဝင်စတန်ချာချီမှာ ဂျာမနီနာဇီတို့နှင့်တကွ ဟစ်တလာအား အသေအလဲ မုန်းတီးသောသူ ဖြစ်လေသည်။

** စိန့်ဟယ်လီနာမှ အာဖရိကတိုက် အနောက်ဘက် ကမ်းခြေမှ မိုင်ပေါင်းများစွာ အလှမ်းကွာဝေးသော ကျွန်းငယ်ကလေးတစ်ခုဖြစ်၍ ၁၈၁၅ ခုနှစ်က ဥရောပတစ်တိုက်လုံးကို ခြေတင်သိမ်းပိုက်လိုသည့် ပြင်သစ်ဘုရင်နပိုလီယန်ကို မဟာမိတ်များ ဝိုင်းဝန်းတိုက်ခိုက် လက်ရသိမ်းပိုက်ကာ သေသည့်တိုင်အောင် ပို့သထားရာ အရပ် ဖြစ်လေသည်။

mgyoe.com

နယူးဇီလန်၊ ကနေဒါ၊ အာဖရိက စသော တိုင်းပြည်များနှင့်တကွ ကမ္ဘာ့မြေပြင် တစ်ဝှမ်းလုံးကို သိမ်းပိုက်ယူငင်လိမ့်မည်။ ထိုသို့ သိမ်းပိုက်ယူငင်ရာတွင် စတာလင်ကလည်း ကူလိမ့်မည်ဟူ၍ ကျွန်ုပ်တို့အား ပြောကြားကြ၏။ ယခုကဲ့သို့ ပြောကြားသူများသည် စဉ်းစားဉာဏ် တစ်ရွေးသားမျှ မကျန်ရှိအောင် ကြောက်ဒူးတုန်၍ ကြောက်သွေးမွှန်နေသော သူများသာ ဖြစ်သည်ဟု ကျွန်ုပ်တို့က ပြန်၍ ပြောရလိမ့်မည် ဖြစ်၏။

စတာလင်သည် ဟစ်တလာကို မဆိုထားဘိ၊ ကျွန်ုပ်တို့ အင်္ဂလိပ်များကိုပင် ယခုလို မလုပ်အောင် တားမြစ်လိမ့်ဦးမည် ဖြစ်၏။ ဤနေရာတွင် အမေရိကန်သမ္မတ ရူးစဗဲ့ပင်လျှင် စတာလင်နှင့် တစ်သဘောတည်း ရှိမည် ဖြစ်၍ ထိုသို့ စတာလင်နှင့် တစ်သဘောတည်း ဖြစ်နေရခြင်းကိုပင် ရူးစဗဲ့မှာ အံ့ဩကောင်း အံ့ဩနေလိမ့်မည် ဖြစ်၏။

ယခု ပြောသကဲ့သို့ ဟစ်တလာလုပ်သည့်တိုင်အောင် ကျွန်ုပ်တို့ စောင့်ဆိုင်းပြီးလျှင် ဟစ်တလာ ယခုပြောသံလို လုပ်သည့်အချိန်ကျမှ စတာလင်နှင့် ရူးစဗဲ့က ကျွန်ုပ်တို့ နောက်က ကျောထောက်နောက်ခံထား၍ တန့်ရပ်ခိုင်းရန် မကောင်းပါလော။

ကျွန်ုပ်တို့ တိုင်းပြည်တွင် ပယ်ဖျောက်လိုက်ပြီဖြစ်သော ဒီမိုကရေစီ စည်းစနစ်၊ လွတ်လပ်ရေး စသည်များအတွက် အဘယ်မျှပင် ဖုံးအုပ်ကွယ်ကာသော်လည်း အချည်းနှီးပင်။ ဗာဆိုင်းစာချုပ်ကို အောင်သေအောင်သား စားသည့်အလား၊ ၁၉၁၈ ခုနှစ် ချုပ်ဆိုကြစဉ်က ကျွန်ုပ်တို့နှင့် ပြင်သစ်လူမျိုးတို့သည် ညစ်ပတ်ခဲ့ကြရာ ထိုသို့ ညစ်ပတ်ထားခဲ့သော အမှုကို ဖယ်ရှားသုတ်သင်ရန်သာ မရှိခဲ့ပါမူ ဟစ်တလာမှာ ကမ္ဘာတွင် ကျော်ကြားခြင်း အလျှင်းမရှိသော သာမန် ပန်းချီဆရာ တစ်ယောက်သာ ဖြစ်နေပေလိမ့်မည်။ ဟစ်တလာ ယခုမျှလောက် ထင်ရှားကျော်ကြား ဘုန်းတန်ခိုးကြီးမားလာခြင်းမှာ ဘယ်သူမပြု ကျွန်ုပ်တို့၏ ပြစ်မှုပင် ဖြစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ဖန်ဆင်းသဖြင့် ဖြစ်လာရသူကို ရန်မူဆဲရေး ရှုတ်ချခြင်းမှ ရပ်စဲကြကုန်၊ ကျွန်ုပ်တို့၏ ဆိုးသွမ်းသော အလုပ်တစ်ခုကို ဖယ်ရှားပစ်လိုက်နိုင်ခြင်းအတွက် ၎င်း၏ အရည်အချင်းကို အသိအမှတ်ပြုကြလေကုန်။ ကျွန်ုပ်တို့ ညစ်ပတ်ထားသော စာချုပ်ကို ဖယ်ရှားပစ်နိုင်ခြင်းအတွက် ဂျာမန်ပြည်သူပြည်သားများသည် ဟစ်တလာကို ကျေးဇူးတင်ရန်ရှိကြောင်း၊ အသိအမှတ်ပြုကြလေကုန်။

ကျွန်ုပ်တို့ ယခုလုပ်ရန်ရှိသော အလုပ်မှာ နောက်ထပ် ညစ်ပတ်သော အပြုအမူမျိုးကို ဆက်လက် လုပ်ခြင်းဖြင့် လူများအား ဖျက်ဆီးစေရန် မဟုတ်ဘဲ သူနှင့်တကွ ကမ္ဘာတစ်ဝန်းလုံးနှင့် စစ်ပြေငြိမ်းရန်ပင် ဖြစ်ချေသည်။

mgyoe.com

**အယ်ဒီတာနှင့် ဘားနဒ်ရှောကို ဝိုင်းဝန်းပြစ်တင်ကြခြင်း**

အထက်ပါအတိုင်း ဘားနဒ်ရှောက ဘွင်းဘွင်းကြီး ရေးသားလိုက်သည်နှင့် တစ်ပြိုင်နက် အယ်ဒီတာကို လည်းကောင်း၊ ဘားနဒ်ရှောကို လည်းကောင်း၊ ဝိုင်းဝန်း အပြစ်တင်ဆိုကြလေရာ တချို့သောစာများနှင့် ဘားနဒ်ရှော၏ ပြန်လှန်ချေပချက်ကို ရှေ့အပတ်ထုတ် ဂျာနယ်တွင် ထည့်သွင်းဖော်ပြမည် ဖြစ်ပေကြောင်း။

ဂျာနယ်ကျော်၊ အုပ်တွဲ (၃)၊
ဇန်နဝါရီ ၂၀၊ ၁၉၄၀။

❐

mgyoe.com

·mgyoe.com

# ထောင်ထဲရောက်နေသူများကို သနားလျှင် အကျဉ်းထောင် အုပ်ချုပ်မှု စုံစမ်းရေးကော်မတီကို ကူလော့

လွန်ခဲ့သည့် ၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလ ဥပဒေပြု အောက်လွှတ်တော် အစည်းအဝေးတွင် ဦးဘလှိုင်က မြန်မာပြည် အကျဉ်းထောင် စီရင်အုပ်ချုပ်မှုဌာန အရပ်ရပ်ကို စုံစမ်းရန် ကော်မတီတစ်ဖွဲ့ ခန့်အပ်သင့်ကြောင်းနှင့် အဆိုတင်သွင်းခဲ့ရာ အစိုးရတို့က ခန့်အပ်ပါမည်ဟု ကတိပေးခဲ့သည့်အတိုင်း ယခု ၁၉၄၀ ပြည့်၊ ဇန်နဝါရီလ ၂၅ ရက်နေ့က ကော်မတီတစ်ခု ဖွဲ့စည်းခန့်ထားလိုက်လေပြီ။ ထိုကော်မတီသည် မြန်မာပြည် အကျဉ်းထောင် စီရင်အုပ်ချုပ်မှု ယခုလက်ရှိ စနစ်ကို စစ်ဆေးကြည့်ရှု၍ တိုးတက်ကောင်းမွန်အောင် မည်ကဲ့သို့ ပြုပြင်သင့်သည်၊ ဘော်စတယ်စနစ်ဖြင့် သင်ကြားပေးနည်းနှင့် အကျဉ်းမထားရစေရန် အခြား မည်သို့သော နည်းစနစ်များ တီထွင်သင့်သည် စသည်တို့ကို အကြံဉာဏ်ပေးကြရမည်ဖြစ်ရာ မြန်မာပြည်၏ အကျဉ်းထောင် စီရင်အုပ်ချုပ်မှုသည် မြန်မာတိုင်း မြန်မာတိုင်း အထူးတလည် စိတ်ဝင်စားကြရမည့် ကိစ္စကြီးတစ်ရပ် ဖြစ်သောကြောင့် ထိုကော်မတီရှေ့တွင် မိမိတို့ အတွေ့အကြုံများနှင့်တကွ သင့်တင့်လျောက်ပတ်သော အကြံဉာဏ်များကို တတ်အားသမျှ တင်သွင်းပြောဆိုကြဖို့ အလွန် အရေးကြီးလှပေသည်။

ကော်မတီတွင် တိုင်းပြည်ကိုယ်စားလှယ်အဖြစ်ဖြင့် အောက်လွှတ်တော် အမတ်များဖြစ်သော ဦးဘလှိုင်နှင့် ဦးကျော်မြ၊ ထောင်အကြောင်း သိနားလည်သူများအဖြစ်ဖြင့် အငြိမ်းစား ထောင်ပိုင်ဝန် မစ္စတာ ဂျေအက်စ်မောရစ် သရက်မြို့ (ကလေးထောင်) ဘော်စတယ်ကျောင်း၊ ခေတ္တကျောင်းအုပ်ကြီး ဦးဘသိန်းနှင့် မြန်မာပြည် အစိုးရတို့၏ တရားရာဇဝတ်ဌာန အတွင်းဝန် မစ္စတာ အက်ပီဒုနီဆင်တို့ပါရှိလျက် အငြိမ်းစားထောင်မင်းကြီး လက်ဖတင်နင် ကာနယ်ပီကေတာရာပိုးက ဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်ရမည်

mgyoe.com

mgyoe.com

ဖြစ်ရာ ထိုမျှလောက်ဖြင့် လုံလောက်သည်ဟု မထင်မြင်က ကော်မတီသို့ အခြား လူကြီးများကို ဖြည့်စွက်ထည့်သွင်းခြင်း၊ ဆပ်ကော်မတီ ဖွဲ့စည်းခန့်ထားခြင်း၊ သက်သေ များကို စုံစမ်းခြင်း၊ နယ်လှည့်ခြင်းတို့ကို ပြုလုပ်နိုင်သည်ဟု ဆိုသဖြင့် ကျေနပ်ဖွယ် ရှိပေသည်။

အထက်ပါ ကော်မတီသည် ယခု ဖွဲ့စည်းပြီး အခြေအနေအတိုင်း လုံလောက် သည်ဟု ကျွန်ုပ်တို့ မထင်ချေ။ ထောင်များထဲသို့ ဝင်ရောက် ကြည့်ရှုစစ်ဆေးနိုင်ခွင့် ရှိသော လူကြီးများကို ကော်မတီ လူကြီးအဖြစ်ဖြင့် ခန့်အပ်၍ဖြစ်စေ၊ ဆပ်ကော်မတီ ဖွဲ့စည်း၍ဖြစ်စေ၊ အကူအညီ တောင်းခံသင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် ထို ပုဂ္ဂိုလ်များသည် ထောင်၏ လုပ်ပုံကိုင်ပုံကို အတွေ့အမြင် များသဖြင့် အသုံးဝင်သော အကြံဉာဏ်များကို မုချပေးနိုင်ကြမည် ဖြစ်ခြင်းကြောင့်ပင် ဖြစ်ပေသည်။ ထိုပုဂ္ဂိုလ်များ မှတစ်ပါး ထောင်ကျဖူးသော နိုင်ငံရေး အကျဉ်းသမားများ၊ သတင်းစာဆရာ အယ်ဒီ တာများထံမှလည်း အကြံဉာဏ်များ တောင်းယူသင့်ကြပေသည်။ ၎င်းတို့တွင်လည်း အသုံးဝင်သော အကြံပေးချက်များ မုချပင် ရှိကြပေမည်။

၁၉၃၆ ခုနှစ်က မြန်မာပြည်က များစွာ ဂရုပြုလိုက်ခြင်းရှိဟန် မတူသော အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် အိန္ဒိယပြည် အကျဉ်းထောင် ပြုပြင်ရေး စာအုပ်တစ်အုပ် ပေါ်ထွက်ခဲ့ဖူးလေသည်။ ထိုစာအုပ်တွင် အကျဉ်းထောင်များ၌ မတော် မတရားဖြစ်ပုံတို့ကို ဖော်ပြထားလျက် ထိုအဖြစ်အပျက်များ ပျောက်ကွယ်အောင် ပြုပြင် ပေးဖို့ လေးနက်သော အကြံဉာဏ်များကို ပေးထားလေသည်။ ထိုစာအုပ်ကို ရေးသူမှာ ယခု ခန့်အပ်လိုက်သော ကော်မတီတွင် ဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်ရမည့် လက်ဖတင် နင်ပီကေတာရာပိုးပင်ဖြစ်ရာ ထိုစဉ်က တိုင်းပြည်နှင့်တကွ အစိုးရတို့ကပါ များစွာ အရေးမယူခဲ့သော မိမိ၏ အဖိုးတန် ကိုယ်တွေ့ အကြံဉာဏ်ပေးချက်များကို ယခု ကော်မတီ ဥက္ကဋ္ဌအဖြစ်ဖြင့် ပြန်လည်တင်သွင်းလျက် တိုင်းသိပြည်သိ အစိုးရသိ ဖြစ်အောင် ပြုလုပ်နိုင်တော့မည့်အတွက် ကျွန်ုပ်တို့မှာ လက်ဖတင်ကာနယ်တာရာပိုး နည်းတူ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပေသည်။

လများ မကြာမီကလည်း မြန်မာပြည် အကျဉ်းထောင်များအကြောင်းကို လူများ ပိုမိုစိတ်ဝင်စားလာလောက်အောင် မြန်မာဘာသာဖြင့် ရေးသားထားသည့် ထောင့်အရ သာခေါ် စာအုပ်တစ်အုပ် ပေါ်ထွက်ခဲ့လေသည်။ ထိုစာအုပ်ကို ထိုစဉ်က ဂရုမပြုမိကြသူ များသည်၊ ဤကော်မတီကို ခန့်အပ်၍ အကျဉ်းထောင်များ စီရင်အုပ်ချုပ်မှုကို စုံစမ်းစေ

mgyoe.com

ချိန်တွင် အထူးတလည် ဖတ်ရှုစဉ်းစား အကြံဉာဏ်များ ပေးသင့်ကြပေသည်။ ထို စာအုပ်ကို ဖတ်ရှုမိလျှင် အကျဉ်းထောင်များအတွင်း နေထိုင်ကြရပုံများကို ကောင်းစွာ သိနားလည်ကာ ကရုဏာတရား မုချပင် ပွားများလျက် ပြုပြင်ပေးလိုသော စေတနာ စိတ်ထားများ ဖွားဖွား ပေါ်ပေါက်လာပေလိမ့်မည်။

ထိုစာအုပ်တွင် သခင်သင်ဆိုသူ ရေးသည့် အခန်းကဏ္ဍ တစ်နေရာ၌။

ထောင်သည် ကျွန်စိတ်ကြောက်စိတ်ကို အခြေခိုင်မြဲစေ၍ လူ့ဘဝ၏ ရှိအပ်ရအပ်မှု ကိုယ်ကျင့်သိက္ခာကို တိုက်ရိုက်တစ်ဖုံ သွယ်ဝိုက်ကာ တစ်မျိုးနှင့် အမျိုးမျိုး ဖျက်ဆီးရန် တံတိုင်းကာရံ ထားသည့် ဌာနတစ်ခု ဖြစ်ကြောင်း နိုင်ငံရေး အကျဉ်းသမား မျက်စိနှင့် ကြည့်ရှုမှသာ မြင်နိုင်၏။ ရာဇဝတ် အကျဉ်းသမားများအဖို့ကား လူ့ဘဝ၏ ချမ်းသာပျော်ရွှင်ခြင်း ကင်းကြောင်းကို သာ သိသည့်အပြင် ကိုယ်ကျင့်တရား ပျက်ပြားမှုနှင့် ကြောက်စိတ်မွေးမှု၊ ဇာတိသွေး လွင့်ပါးပျောက်ပျက်မှုကိုကား မိမိတို့ ခေါင်းထဲတွင် ဝင်မှန်းမသိ၊ တစ်စတစ်စ ဝင်နေသည်ကို မသိရှာကြပေ။ ၎င်းအတွက် ဝမ်းနည်းဖွယ်ပင်။ များရာ အားပါ၍ လည်းကောင်း၊ တစ်ဆင့်တစ်ဆင့် ကြောက်ရသူတို့၏ အာဏာကို မလွန်ဆန်ဝံ့၍ လည်းကောင်း၊ မနှစ်သက်အပ် မခင်တွယ်အပ်သည့် ပြုမူပြောဆိုနေထိုင်ကြပုံမှာ အပင်စိုက် ကြီးခိုင်းစေပြီးလျှင် ထောင်ပြင်သို့ ရောက် လျှင် ၎င်းအပင်ကြီးမှ အသီးအမျိုးမျိုးတည်း ဟူသော ရာဇဝတ်မှုများကို ထပ်မံ ပြုကျင့်ကာ ထောင်သံသရာဝယ် တဝဲလည်လည် ရောက်ကြရပေသည်။ လူ ယဉ်ကျေးတို့၏ ဇောမ စေတနာကြီးပင်တည်း။ ။ ထောင်ထဲတွင် အကျဉ်းခံ နေကြရသော တို့ဗမာများအတွက် တို့တိုင်းပြည်ကြီးသည် နေ့စဉ်နှင့်အမျှ ဇာတိသွေးတွေ ရှုံးနေရ၏။

အထက်ပါအတိုင်း ရေးသားထားချက်များကို ဖတ်ရှုရပြီးသည့်နောက် အဘယ် သူသည် ထောင်များနှင့် ထောင်သားများ၏ အရေးကို လျစ်လျူရှုနိုင်၊ လျစ်လျူရှု လာတော့မည်နည်း။ အဆိုပါ အခန်းကဏ္ဍတွင်ပင်–

အနှစ် ၅၀၊ ၆၀ မျှ အိုမင်းနွမ်းနယ်နေသော အကျဉ်းထောင် အုပ်ချုပ်ရေး လက်စွဲကြီးကို အချိန်ကာလ အခွင့်အခါ ဒေသန္တရအလျောက် ပြင်ဆင်ချက်တို့ ကို ဥပဒေပြုလွှတ်တော် အခွင့်အာဏာ ရှိသလောက် ပြုပြင်ခြင်းဖြင့် လည်း ကောင်း၊ အင်္ဂလိပ်အစိုးရတို့သည် လက်အောက်ခံ နိုင်ငံသူ နိုင်ငံသားများအပေါ်

mgyoe.com

mgyoe.com


တွင် စိတ်နေသဘောထား ပြောင်းလဲခြင်း ပြုရန်၊ မြန်မာလူမျိုးများအား အကြောင်းအားလျော်စွာ ထောင်ကျဖူးရုံမျှနှင့် ကိုယ်ကျင့်တရားကို သားစဉ်မြေးဆက်ပျက်စီးစေသော ညစ်ပတ်သည့် စေတနာကို ပြုပြင်လျက် ထောင်ဆိုသည်မှာအကျဉ်းသမားများကို နှိပ်စက်ဖျက်ဆီးရန် သဘော မသက်ရောက်စေဘဲ ကိုယ်နှုတ်အမူအရာ ယဉ်ကျေးမှု၊ စိတ်သဘောထား မြင့်မြတ်မှု အဓိကထား၍အသက်မွေးဝမ်းကျောင်း ပညာကို ထိထိရောက်ရောက် သင်ကြားပေး၍ လူသစ်ဘဝသစ်ကို ဖန်တီးပေးလိုသော မြင့်မြတ်သည့် စေတနာကို အပြောနှင့်အဟောညီညွတ်အောင် ထောင်နှင့် သက်ဆိုင်သည်ကိုသာ မပြုပြင်ဘဲ တိုင်းပြည်တစ်ပြည်လုံးတွင် ဆင်းရဲမွဲပြာမှု၊ အလုပ်လက်မဲ့မှု၊ ဝေါ်ပြတ်မှု၊ သခင်ပညာကိုသင်ကြားမှုကို အမြန် ဆောင်ရွက်သင့်ပြီ။

အထက်ပါ နှိုးဆော်ချက်ကို လေးနက်စွာ ဆင်ခြင်က မည်သူ တစ်ဦးတစ်ယောက်မျှ အေးဆေးပေါ့လျော့စွာ မနေသင့် မနေသာဘဲ ယခု ဖွဲ့စည်းလိုက်သောကော်မတီကို မိမိတို့ တတ်နိုင်သည့်နေရာက ကူညီအကြံပေးကြရန်၊ တာဝန်ကြီးစွာပင်ရှိနေကြောင်း၊ သတိပြုမိကြပေလိမ့်မည်ဟု မျှော်လင့်ရပေသည်။

အချုပ်ကို ဆိုရသော်၊ ထိုထောင့်အရသာ စာအုပ်နိဒါန်းတွင် ရေးသားဖော်ပြပါရှိသည့်အတိုင်း–

ထောင်သည် အင်္ဂလိပ်အစိုးရတို့၏ ယဉ်ကျေးခြင်းကို ပြသော အထိမ်းအမှတ် အဆောက်အအုံဖြစ်လျှင် ထိုထောင်သို့ ကျရကုန်သော သူတို့သည်ယဉ်ကျေးသောသူတို့ကဲ့သို့ မနေထိုင်ရမူ၍ တိရစ္ဆာန်လိုနေ၊ တိရစ္ဆာန်လိုစား၊တိရစ္ဆာန်လို အိပ်နေရခြင်းအတွက်၊ အလွန်ရှက်ဖွယ်ဖြစ်ရကား၊ ထောင်ဖြင့်စီးပွားရှာလိုသည့် အစီအစဉ်များကို အလေးဂရုပြုခြင်းထက် ထောင်သားများလူတန်းစေ့နေနိုင်စေမည့် အခွင့်အရေးတို့ကို အလေးဂရုပြုခြင်းက ပိုမို၍ လူယဉ်ကျေး ပီသရာရောက်ကြောင်း အမြန် နားလည်သိရှိ လုပ်ကိုင်နိုင်ကြစေရန်တတ်စွမ်းနိုင်သည့် ပုဂ္ဂိုလ်များက တတ်စွမ်းနိုင်သည့်ဘက်ကနေ၍ တတ်စွမ်းနိုင်သလို ထိထိရောက်ရောက် ဆောင်ရွက်သင့်ကြောင်း၊ တိုက်တွန်းစကား ရေးသားဖော်ပြလိုက်ရပေသတည်း။

ဂျာနယ်ကျော်၊
ဖေဖော်ဝါရီ ၃၊ ၁၉၄၀။

❒

mgyoe.com

mgyoe.com

# ခွသမားကြီး ခေါင်းဖော်နိုင်ပါဦးမည်လော

မိန်းမစာရေးဆရာတစ်ဦးက ကက်ကက်လန်အောင် ရန်တွေ့လိုက်ပုံများ


(ကမ္ဘာကျော် ပြင်သစ် အမျိုးသမီး စာရေးဆရာကြီး အိုဒက်ကွန်းအား မိန်းမများနှင့် စစ်အကြောင်း ဆောင်းပါး ရေးသားပေးပို့ရန် တောင်းရာ လိုချင်သည့် ဆောင်းပါးကိုကား မရ။ ကမ္ဘာကျော် ခွသမား စာရေးဆရာကြီး ဂျော့ဘားနဒ်ရှောအား ကက်ကက်လန်အောင် ရန်တွေ့ထားသည့် ဆောင်းပါးကိုသာ ရေးပေးလိုက်လေသည်။ ဂျော့ဘားနဒ်ရှောသည် မိန်းမများနှင့် သက်ဆိုင်သည့် မဂ္ဂဇင်းတစ်စောင်တွင် အတော်ပင် ခွကျတတကြီး မှန်အောင် ရေးလိုက်ဟန် တူလေသည်။ ထိုမူရင်းဆောင်းပါးကို မည်သည့်မဂ္ဂဇင်းတွင်ဟု ကျွန်ုပ်တို့ ရှာဖွေထောက်လှမ်း၍မရ၊ အိုဒက်ကွန်း၏ ရန်တွေ့ချေပချက်ကို ဖတ်လျက် ဂျော့ဘားနဒ်ရှော မည်သို့ ရေးမိသည်ကို ရိပ်မိသိရှိတန်သမျှ သိရှိနိုင်ကြပေမည်။

ယခုအပတ်ဂျာနယ်တွင် အိုဒက်ကွန်း၏ ဆောင်းပါးကိုသာ ဖော်ပြလိုက်လျက် ထိုဆောင်းပါးကို ဂျော့ဘားနဒ်ရှောအား ပြသ၍ ၎င်းက ပြန်လှန်ချေပသောအားဖြင့် ရေးပေးလိုက်သည့် ဆောင်းပါးကို ရှေ့အပတ်ထုတ် ဂျာနယ်တွင် ဖော်ပြမည်ဖြစ်ရာ ဘားနဒ်ရှော၏ ဤတစ်ကြိမ်အဖြေသည် အလွန်စေ့စပ်လှသော အိုဒက်ကွန်း၏ ရန်တွေ့စကားကို နိုင်အောင် ချေပနိုင်၊ မချေပနိုင် ရှေ့အပတ်တွင် သိကြရမည် ဖြစ်ပေသတည်း။ ။ အယ်ဒီတာ)။

* * *

mgyoe.com

mgyoe.com



ဂျော့ဘားနဒ်ရှော

ဤတိုင်းပြည် (အင်္ဂလန်ပြည်) နှင့် ဤစစ်တွင် မိန်းမများမှာ ရန်သူလေးဦး၏ ကိုယ်မှ အောင်နိုင်၍ လှီးဖြတ်ရယူသည့် အမှတ်အသား လေးခုပါမှ လက်ခံလက်ထပ်နိုင်မည်ဟု မိမိတို့၏ ချစ်သူတို့အား ပြောဆိုတိုက်တွန်းလေ့ရှိသည့် အာဘစ်ဆီနီယာပြည် ဒနကီလူမျိုး မိန်းမများနှင့် တထေဝ တူမျှနေကြကြောင်း၊ မည်သို့ပင်ဖြစ်စေ မိန်းမများသည် ယောက်ျားများထက်ပင် သွေးထွက်သံယိုမှုကို လိုလားနှစ်ခြိုက်ကြောင်း၊ ဒီမိုကရေစီဝါဒ တည်ထွန်းရာဖြစ်သော အင်္ဂလန်နှင့် ပြင်သစ်တို့သည် နာဇီ ဂျာမနီထက် ပို၍လည်း မကောင်း၊ ပို၍လည်း လမ်းမှန်ဘက်တွင်မရှိ အစရှိသဖြင့် ဂျော့ဘားနဒ်ရှောက ဆောင်းပါး တစ်စောင်တွင် မကြာမီက ရေးလိုက်၏။

ဒနကီလူမျိုး သတို့သမီးတစ်ဦးသည် မိမိ၏ ခင်ပွန်းလောင်းမှာ ဆင် သို့မဟုတ် ခြသေ့ တစ်ကောင်ကောင်ကို သတ်ဖြတ်ဖူးသည်ဟု လုံလောက်သော အထောက်အထားရှိလျှင် ကျေနပ်လက်ခံပေါင်းသင်းလေတော့သည်သာ ဖြစ်ကြောင်းနှင့် အာဘစ်ဆီနီယာပြည်သို့ ရောက်ဖူးသည့် ယုံလောက်သော ခရီးသည်များက ဖွင့်ဟပြောကြားကြ၏။ ဘားနဒ်ရှောမှာ အာဘစ်ဆီနီယာပြည်သို့ ရောက်ဖူးသူ မဟုတ်။ ဒနကီ အမျိုးသမီးတို့သည် ၎င်းတို့၏ ခင်ပွန်းလောင်းထံမှ ထိုအချက်ကို မျှော်လင့်ခြင်းမှာ အမဲလိုက်၍နေရသော လူမျိုးတစ်မျိုးတွင် အလွန် လိုအပ်၍ လျောက်ပတ်သင့်တင့်သော အခြင်းအရာ တစ်ရပ်ပင် ဖြစ်ပေသည်။ အမဲလိုက်၍ မိမိအိမ်ထောင်ကို မိမိ ကျွေးမွေးထိန်းသိမ်းနိုင်ပါမည်လောဟု တွေးတော စစ်ဆေးကြရမည်သာပင်။

ဤသို့ တွေးတောစိစစ်ခြင်းမျိုးမှာ ယဉ်ကျေးသော လူတို့တွင်ပင် ရှိသည်။ ဥရောပတိုက်သား ခင်ပွန်းလင်တစ်ယောက်မှာ ငွေကို အောင်မြင်စွာ အရလိုက်နိုင်ရမည့် အရည်အချင်းကို ထင်ရှားအောင် ပြရလျက် ဒနကီလူမျိုး လင်တစ်ဦးမှာ အမဲကို အောင်မြင်စွာ လိုက်နိုင်ကြောင်း ပြရမည်သာ ဖြစ်သည်။ ဤမျှဖြင့် ဂျော့ဘားနဒ်ရှော၏ ပထမ ရှုတ်ချရေးသားချက် ပြေလည်ပေပြီ။

mgyoe.com

mgyoe.com


မိန်းမများသည် ယောကျ်ားထက်ပင် သွေးကို သောက်မျိုချင်ကြောင်း (သွေးထွက်သံယို ဖြစ်စေလိုကြောင်း) နှင့် ဂျော့ဘားနဒ်ရှော ရေးသားချက်မှာ ခိုင်လုံစေရန် မည်သည့် အကိုးအကားကို ပြသနိုင်သနည်း၊ မိန်းမများသည် ယောကျ်ားများထက် သွေးထွက်သံယိုဖြစ်ခြင်းကို မလိုလား မတောင့်တကြ။ ယဉ်ကျေးသော တိုင်းပြည်များတွင် မိန်းမများမှာ ယောကျ်ားများထက် သွေးအားနည်းပါးပြီးလျှင် အကြမ်းပတမ်း ပြုမူ၍ သွေးထွက်သံယိုဖြစ်ခြင်းကို မမြင်လိုကြ။ ကြောက်ရွံ့ နောက်တွန့်တတ်ကြ၏။ သတ်ဖြတ်ရန်အတွက်၊ မည်သည့် ယဉ်ကျေးသော လူမျိုး၏ မိန်းမသားများမှ စစ်တပ်ဖွဲ့စည်းဖူးသည် မရှိ။

ကျွန်ုပ်သည် တူရကီပြည်ကို အာဏာရှင် ကီမယ်ပါရှာ နေ့ချင်းညချင်း ပြုပြင်ပြောင်းလဲမှု မပြုလုပ်သေးမီအချိန်က ကာလကြာမြင့်စွာ နေထိုင်ဖူး၏။ ရုရှားပြည်ကို လီနင်တို့ မကြီးစိုးမီကလည်း ရုရှားပြည်၌ နေဖူး၏။ ကွန်မြူနစ်များ ကြီးစိုးနေသည့် အခါကာလ၌လည်း နေဖူး၏။ ကော့ကေးရှပ် ကျွန်းဆွယ်တွင် (ယောကျ်ားများသာ ပါဝင်၍ မိန်းမ တစ်ယောက်မျှ မပါဝင်သော) အစိုးရတို့ သဘောရှိ အာမေနီယန် လူမျိုးများ၊ ဂရိတ်လူမျိုးများ၊ ရဟူဒီလူမျိုးများကို သုတ်သင်သတ်ဖြတ်နေစဉ်ကလည်း၊ ထိုကော့ကေးရှပ် ကျွန်းဆွယ်တွင် နေထိုင်ခဲ့ဖူး၏။ သတ်ဖြတ်မှုပေါင်းများစွာပင် ကျွန်ုပ်၏ မျက်စိအောက်၌ ဖြစ်ခဲ့၏။ သို့သော် မိန်းမက ယောကျ်ားများ၊ အခြား မိန်းမများနှင့် ကလေးများ၏ ခေါင်းကို အစိတ်စိတ်အမြွှာမြွှာ ခွဲခြင်း၊ ကိုယ်ကို တွဲလောင်းချည်ပြီး ကြိုးပေးခြင်း၊ တစ်ယောက်နှင့်တစ်ယောက် ပူးပြီး ရေထဲ နှစ်သတ်ခြင်း၊ အရှင်လတ်လတ် မီးကင်ဖုတ်ကြည်းခြင်း၊ အရှင်လတ်လတ် နှင်းထဲတွင် လူကို ဖောက်ထိုးမြှုပ်နှံ သတ်ဖြတ်ခြင်းတို့ကို မပြုလုပ်ခဲ့ကြပေ။ ဤနှစ်လိုဖွယ်ကောင်းသော အရာတို့ကို ဘားနဒ်ရှောတို့၏ ယောကျ်ားသားများကသာ ပြုလုပ်ကြခြင်း ဖြစ်သည်။ ကျွန်ုပ်တို့ မိန်းမသားများကား ဘယ်တော့မှ မပြု။

ဘယ်မိန်းမမှလည်း တရားစီရင်ရာတွင် နှိပ်စက်ကလူ ပြုမူသော အလေ့အထတို့ကို မတီထွင်ခဲ့။ ရံဖန်ရံခါ မိန်းမများသည် လက်စားချေလိုကြ၏။ သို့သော် ယောကျ်ားများထက် ပို၍ မပို။ ၎င်းပြင် လက်စားချေခြင်းမှာ သွေးထွက်သံယို ဖြစ်စေခြင်း မဟုတ်။

ရိုင်းသော လူမျိုးထဲမှ မိန်းမများသည် သွေးထွက်သံယိုမှုကို လိုလားကြသည် ဆိုရာမှာလည်း ဘာသာနှင့် လူမျိုးထုံးစံအရသာလျှင် သွေးထွက်သံယိုမှုကို လိုလားကြရခြင်းဖြစ်ရာ ဘာသာနှင့် လူမျိုးထုံးစံကို စတင် တီထွင်လုပ်ကိုင်ကြသည့် ဘုရား

mgyoe.com

mgyoe.com
များ၊ ဘုရင်များ၊ အကြီးအကဲများ၊ ဘုန်းကြီးများနှင့် ဆရာများသည် ယောက်ျားချည်း မဟုတ်ကြပါလော။

ဘားနဒ်ရှော နက်နက်နဲနဲ တွေးတောကြံဆ ရေးသားချက်များမှာ အဓိပ္ပာယ် မရှိခြင်း၊ တလွဲတချော် ရေးသားထားခြင်းတို့ဖြစ်ရာ ယခုအခါ ကျွန်ုပ်သည် ၎င်း၏ စာပေအရေးအသားကို စိစစ်ဝေဖန်နေခြင်း မဟုတ်။ ၎င်း၏ နိုင်ငံရေး အယူအဆကို သာ စိစစ်ဝေဖန်နေခြင်း ဖြစ်၏။

ဘားနဒ်ရှောမှာ ကိုယ့်တိုင်းပြည်ဖြစ်သော အိုင်ယာလန်က ဂရုမစိုက်သဖြင့် အလွန်ဆင်းရဲစွာဖြင့် အင်္ဂလန်ပြည်သို့ ကူးလာခဲ့၍ အင်္ဂလိပ် စာရေးဆရာများထဲတွင် ခေတ်အစားဆုံး၊ လူကြိုက်များ၍ လူအချီးမွမ်းအခံရဆုံး၊ အချမ်းသာဆုံး စာရေးဆရာ ကြီးတစ်ဦး ဖြစ်လာခဲ့၏။ သူသည် ဘာလုပ်သနည်း။ အင်္ဂလန်ပြည်တွင် မိမိ မကြိုက် သမျှသော (ဝါ) သဘော မတွေ့သမျှသော လူတိုင်းလူတိုင်းနှင့် အရာတိုင်း အရာတိုင်း ကို ပြင်းပြင်းထန်ထန် ပြစ်တင်တိုက်ခိုက်တော့၏။ မိမိပြောလိုသမျှ အချုပ်အချယ်မရှိ ပြောရခွင့်ကို အမြဲယူလျက် ထိုအခွင့်အရေးကိုရသည့်အခါ ထိုအခွင့်အရေးကို ပေးသည့် ဒီမိုကရေစီ နည်းစနစ်ကိုပင် အစိတ်စိတ်အမြွှာမြွှာ ဖြစ်အောင် အိုးမဲသုတ်၏။ ဆုတ်ဖြဲ ၏။

ဤမျှလောက် ဆိုး၍ အားမရသေး။ တစ်ဆင့် တိုးပြီး ကဲလိုက်ချေသေး၏။ သူသည် မူဆိုလီနီကို ထောက်ခံ၏။ ဟစ်တလာကို ချီးမွမ်း၏။ စတာလင်ကို နေ့စဉ်နှင့် အမျှ ချီးကျူး၏။ သူသည် အာဏာကြီးခြင်း၊ အကြမ်းဖြင့် လွှမ်းမိုးခြင်း၊ ဖိနှိပ်ခြင်းတည်း ဟူသော အပြုအမူတို့ကို မြတ်နိုး၏။ ဤအပြုအမူတို့သည် သူ့တစ်ကိုယ်လုံးကို များစွာ ပီတိ ဖြစ်စေ၏။ ဤအပြုအမူတို့ဖြင့် လူတို့ လောကကို လွှမ်းမိုးစေချင်၏။

လူ၏ စိတ်တွင် အရိုင်းစိုင်းဆုံးဖြစ်သည့် ဤရက်စက်မှု၊ ကြမ်းကြုတ်မှု၊ ဖိနှိပ် မှုကို သူသည် အဘယ်ကြောင့် ထောက်ခံနေသနည်း။ ထောက်ခံနိုင်ရအောင် သူ့မှာ ဘာဖြစ်နေသနည်း။ သူသည် နဂိုအားဖြင့် ယုတ်မာသူ မဟုတ်။ မနာလို တရား လက်စားချေလိုစိတ်လည်း မရှိ။ ကိုယ်ကျိုးကိုလည်း ရှာသူမဟုတ်။ စိတ်၌လည်း ထိခိုက်ပြောင်းလဲလွယ်သူ မဟုတ်။ နေရာတကာတိုင်းမှာလိုပင် သူသည် လူ၏ စိတ် သဘောထားကို စူးစူးရှရှ ထိထိရောက်ရောက် ထိုးဖောက်သိရှိသူ တစ်ဦး ဖြစ်၏။

သို့သော် တစ်ဖက်တွင် သူသည် အလွန်အထင်ကြီး၏။ သူ့ကိုယ်ကိုသူ အထင် ကြီး၍လည်း ကျွန်ုပ်က ဂရုမစိုက်။
mgyoe.com

mgyoe.com

ဘားနဒ်ရှောမှာ လူရှူးတို့တွင် စွဲကပ်တတ်သည့် အတ္တ စွဲကပ်လျက်ရှိရာ ယခု သူ ရှေ့ဆောင် ရှေ့ရွက်ပြုလုပ်နေသော လူများနှင့် ၎င်းတို့၏ နည်းစနစ်များကို ချီးကျူးနေခြင်းကို ထောက်၍ သူသည် လူသူတို့၏ အခွင့်အရေးကိုလည်း မထောက်ထားဘဲ မတရားပြုမှုကို ထောက်ခံအားပေးနေကြောင်း ထင်ရှားလေသည်။

လက်တွေ့အားဖြင့် ပြောရလျှင် ဘားနဒ်ရှော၏ အလွဲအမှား ရေးသားချက်တို့မှာ အရေးမပါ အရာမရောက်ပေ။ သူသည် အင်္ဂလန်ပြည်တွင် သူ့ကိုယ်ကိုသူ ပိုမို ကျယ်ဝန်းစွာ ဈေးနှိမ်ရှုတ်ချလျက် ရှိနေလေပြီ။ သူ့ကို ပြင်သစ်ပြည်က သိပင်မသိကြ။ ၎င်းပြင် ကမ္ဘာပေါ်တွင် မည်သည့်အရပ်ဒေသ၌ ဖြစ်ပျက်သော ကိစ္စမျိုးတွင်မဆို သူ၏ဩဇာ တစ်စုံတစ်ရာ သက်ရောက်စူးရှခြင်း မရှိ၊ သူသည် သူ့ကိုယ်ကလွဲ၍ အခြားမည်သည့်သူ မည်သည့်အရာကိုမျှ အမွှမ်းတင်ခြင်း မရှိ၊ ၎င်းသည် မဖြစ်နိုင်လောက်အောင် ခွကျသောသူ တစ်ဦးအဖြစ် ကျွန်ုပ်က ကန့်ကွက်လိုက်ရပေသည်။

သူသည် ယဉ်ကျေးမှုများ မပျောက်မပျက် ဆက်လက် တည်တံ့မြဲမြံစေရန် မိမိတို့၏ အသက်နှင့် စည်းစိမ်များကို စွန့်လွှတ်တိုက်ခိုက်လျက်ရှိသော တိုင်းပြည်မှန်က မည်သည့်တိုင်းပြည်တွင်မှ အဝင်အပါ မဖြစ်နိုင်ချေ။ ဘားနဒ်ရှောသည် စကားများကို ပန်းပြီး သွန်ထုတ်နေစဉ် ထိုသူများသည် အလုပ်လုပ်လျက် သေဆုံးလျက် ရှိကြ၏။

သူ၏နေရာသည် ထိုသူများ၏အကြားတွင် မဟုတ်။ သို့သော် သူ့ကို ဘယ်လိုလုပ်ပစ်ရမည်ဟု ကျွန်ုပ်လည်း မသိ။ ကြံလည်း မကြံတတ်။ သူ့အား လုံခြုံစွာ ကာကွယ်ပေးလျက်ရှိသော ဒီမိုကရေစီ နည်းစနစ်ကြီးကို သူသည် မိုးကောင်းကင်သို့ လွှင့်စဉ်ကွဲပြိုအောင် စွမ်းအားရှိသမျှ အားထုတ်နေ၏။ ဒီမိုကရေစီဝါဒသည် သူ့အား ယာယီ ထောင်ထဲတွင် ချထားမည် မဟုတ်ပေ။

သူသည် ဤစက်ဆုပ်ဖွယ်ဖြစ်သည့် အာဏာရှင်အုပ်ချုပ်ရေး လွှမ်းမိုးသော ဂျာမနီ၊ အီတလီနှင့် ရုရှားပြည်တို့သို့ သွားရောက်ခြင်း မပြုပေ။ မစ္စတာဂျိတိဂဲရက်က သူ့အား သူနှင့်အတူ မျိုးချစ်အိုင်ယာလန် ပြည်သားတို့အား အိုင်ယာလန်ပြည်သို့ ပြန်လည် ခေါင်းဆောင်ပြီး ခေါ်ဆောင်သွားရန် နှိုးဆော်ခဲ့၏။ အိုင်ယာလန်ပြည်မှာဆိုလျှင် ဂျာမန် သံအမတ်တစ်ဦးနှင့်အတူ ပြင်သစ်နှင့် အင်္ဂလိပ်တို့အား လှောင်ပြောင်ရှုတ်ချနိုင်ပေလိမ့်မည်။ သံအမတ်က ထိုလှောင်ပြောင် ရှုတ်ချသော စကားများကို (ဂျာမန်ဝါဒဖြန့်ရေးဝန်ကြီး ဒေါက်တာဂိုဘဲ) လော့ဟောဟောထံ တစ်ဆင့် ပို့ပေးပေလိမ့်မည်။ သူသည် အင်္ဂလန်ပြည်တွင် ရှာဖွေရရှိသမျှသော စီးပွားဥစ္စာတို့ကို အင်္ဂလန်

mgyoe.com

mgyoe.com

ပြည်မှ အပြင်ဘက်သို့ ယူဆောင်သွားခွင့်ရလိမ့်မည်။ အကယ်၍ သူသည် မူဆိုလိနီ၊ ဟစ်တလာ၊ စတာလင်တို့၏ အလွန်ကံကောင်းသော တိုင်းသူပြည်သား တစ်ယောက်ဖြစ်ပါက သူ့အား မုချပင် ချက်ချင်း မွဲပြာအောင် လျော်ပစ်လိုက်လိမ့်မည်။

ထိုသို့ အိုင်ယာလန်ပြည်သို့ ပြန်ရန် အကြံဉာဏ်ပေးသော်လည်း ဘားနဒ်ရှောသည် ပြောင်ပြောင်ကြီး ငြင်းပယ်ခဲ့၏။ သူသည် အင်္ဂလန်ပြည်မှာပင် ရှိ၏။ ဘုရားသခင်က သူ့ကို တမ်းတပြီးခေါ်သည့်တိုင်အောင် အင်္ဂလန်ပြည်မှာပင် ဆက်လက်ရှိဦးမည် ဖြစ်၏။ ဘုရားသခင်က သူ့အား နောက်ဆုံး ခေါ်ငင်သောအခါ ကျွန်ုပ်တို့မည်သို့ စီမံရမည် မသိဘဲ ဖြေရှင်းရန် အလွန်ခက်နေသော ပြဿနာကို ဖြေရှင်းပြီးသားဖြစ်မည် ဖြစ်ပေသတည်း။

**(ကျော့ဒ်ဘားနဒ်ရှောသည် ယခုလို အရေးခံရခြင်း မျိုးကို ဖြုံပင် မဖြုံ။ နောက်ဆုံးတွင် သူကသာ အသာယူလိုက်သည့် ပုံကို ရှေ့အပတ် ဂျာနယ်တွင် ထည့်သွင်းဖော်ပြမည် ဖြစ်ကြောင်း။ ။ အယ်ဒီတာ)**

ဂျာနယ်ကျော်၊ အုပ်တွဲ (၅)၊
မေ ၄၊ ၁၉၄၀။

❐

mgyoe.com

mgyoe.com

# အာဏာရှင်များ၏ ဇက်ကို ဆွဲနေသူများ

*ဤအမျိုးသမီးများကား အာဏာရှင်များထက်ပင် တန်ခိုးကြီးနေပေ၏။ ၎င်းတို့ပေးသမျှ အကြံဉာဏ်ကို အာဏာရှင်များ အငြင်းပယ်ဝံ့...။*

**နောက်ဆုံး ကြေးနန်းတစ်ခုအရ မြေထဲပင်လယ်ထဲသို့ ပြိတ်သျှ သင်္ဘောများ မဝင်တော့ဟုဆိုခြင်းမှာ မည်သူ့ပယောဂကြောင့်နည်း။**

အာဏာရှင်များ၏ ခြေလှမ်းကို အပြင်မှ စောင့်ကြည့်နေသူတို့၏ အတွေးအထင် အမျှော်အဆမှာ အာဏာရှင်များ၏ အတွင်းရေး အစစ်အမှန်တို့ကို သိရကြားရမည်ဆိုပါမူ တွေးထင်ယူဆချက်များ လွဲမှားနေသည်ကို တွေ့မြင်ရမည် ဖြစ်ပေသည်။

အာဏာရှင်ဟူ၍ ခေါ်ဆိုသမုတ်ခြင်းခံနေရသော ဂျာမနီ အာဏာရှင် ဟစ်တလာ၊ အီတလီ အာဏာရှင် မူဆိုလီနီ။ ရုရှားအာဏာရှင် စတာလင် အစရှိသော ကမ္ဘာ့ဗွတ်သမားကြီးများ၏ စိတ်နေစိတ်ထား အမူအရာဟန်ပန်တို့ကို ကြည့်ရှုရခြင်းအားဖြင့် ၎င်းတို့ကား လူစင်စစ်က ဘီလူးစိတ်ဝင်စားနေသူများပင် ဖြစ်ပေတကား။ အလွန်မှ ကြမ်းကြုတ်ခက်ထရော်သော လူများပေပင်ဟု တွေးခေါ်ပြောဆိုလျက် ရှိကြပေသည်။ ဤမျှ စိတ်ထက် ကိုယ်ကြမ်း ပြုမူပုံ ဆန်းလှသော ဗွတ်သမားကြီးများမှာ တစ်စုံတစ်ခုသော ကိစ္စကို ပြုလုပ်တော့မည်ဟု ကြံစည်သည်ရှိသော် အမျိုးသမီးများ၏ အကြံဉာဏ်ကို ခံယူတောင်းခံ လိုက်နာပြုမူသင့်သလောက် ပြုမူလုပ်ကိုင်နေကြသည်ကို ကြားသိရသောအခါ၌ အံ့သြမိကြပေလိမ့်မည်။

mgyoe.com

အသက် ၆၁ နှစ်အရွယ် ဝဝဖိုင့်ဖိုင့်ကြီးဖြစ်သော ဆွီဒင်ပြည် စတော့ဟုမ်းမြို့မှ ရုရှားသံအမတ်၊ အလက်ဇင်းဒရား မစ်ဟေးလိုဗန ကိုလုံတေးဆိုသူ အမျိုးသမီးကြီးမှာ ရုရှား အာဏာရှင် စတာလင်၏ တိုင်ပင်ဖော် တိုင်ပင်ဖက်၊ ဉာဏ်ပညာ ထက်မြက်လှသော အမျိုးသမီးကြီးပင် ဖြစ်ပေသည်။ မစ္စစ် ကိုလုံတေးမှာ ဆွီဒင်ပြည်တွင် ရုရှားသံအမတ်အဖြစ်ဖြင့် ခန့်ထားခြင်း ခံရသူ ဖြစ်လေရာ စတာလင်တွင် အရေးတစ်စုံတစ်ရာ ရှိလာက အဆိုပါ မစ္စစ်ကိုလုံတေးကိုသာ ခေါ်ယူဆွေးနွေးတိုင်ပင်ပြီး မစ္စစ်ကိုလုံတေး ပေးသည့် အကြံဉာဏ်များကို ယုံကြည်စိတ်ချစွာ လက်ခံသည်ကို တွေ့ရှိရပေသည်။

သို့သော် တစ်ခါကမူ စတာလင်မှာ မည်သို့ စိတ်ကူးပေါက်မိသည် မသိ၊ ရုရှားနှင့် ဖင်လန် စစ်ကိစ္စနှင့် ပတ်သက်၍ ဈေးစပ်ပြောဆိုနေခိုက် မစ္စစ် ကိုလုံတေးသည် ဆွီဒင်ပြည်မှ ရုရှားပြည်သို့ လေယာဉ်ပျံဖြင့် အရေးတကြီး ပျံသန်းရောက်လာပြီး အကယ်၍ ရုရှားစစ်သားများ၊ ဖင်လန်ပြည်သို့ ချီတက်တိုက်ခိုက်မည်ဆိုလျှင် ဖင်လန်တို့က အရှုံးပေးလိမ့်မည် မဟုတ်ကြောင်း၊ ပြင်းပြင်းထန်ထန် ပြန်လည် တိုက်ခိုက်လိမ့်မည်သာ ဖြစ်ကြောင်းနှင့် ကန့်ကွက်ပြောဆိုသည်ကို စတာလင်သည် မနာယူ၊ လက်ခံခြင်းမပြုဘဲ ဖင်လန်တို့သည် ရုရှားစစ်သားတို့အား လက်နက်ချကာ အရှုံးပေးလိမ့်မည်ဟု ပြောဆိုသော အခြားသူတစ်ဦး၏ စကားကိုသာ နားယောင်လျက် ဖင်လန်ပြည်သို့ ရုရှားစစ်သားများကို ပို့ဆောင်တိုက်ခိုက်စေခဲ့လေသည်။ ထိုအခါ စတာလင်မှာ မစ္စစ် ကိုလုံတေး၏ အကြံပေး တားမြစ်ချက်ကို မလိုက်နာခဲ့မိခြင်းသည် အမှားကြီး မှားနေတော့သည်ကို တွေ့ရလေ၏။ အကြောင်းမူ ရုရှား စစ်တပ်များမှာ ဖင်လန်တို့၏ လက်ချက်ဖြင့် အတုံးအရုံး ကျဆုံးကြကုန်သောကြောင့်ပင် ဖြစ်ပေ၏။



စတာလင်နှင့် ၎င်းအား ကြိုးဆွဲနေသော မစ္စစ်ကိုလုံတေး

ဤတွင်မှ စတာလင်မှာ နောင်တ အကြီးအကျယ် ရရှိပြီး

mgyoe.com


mgyoe.com

မစ္စစ် ကိုလုံတေး၏ စကားကို မပယ်ရှား၊ မငြင်းဆန်ဝံ့ ဖြစ်မိတော့ကာ ထိုအခါမှစ၍ မစ္စစ် ကိုလုံတေး ပေးသမျှ အကြံဉာဏ်များကို လက်မလွှတ်ဝံ့ ဖြစ်ခဲ့လေသည်။

မစ္စစ် ကိုလုံတေးမှာ စတာလင်၏ အားအကိုးရဆုံး အမျိုးသမီးကြီး တစ်ဦး ဖြစ်သည်ဟု ဆိုလျှင်လည်း မမှားပေ။ ၎င်းမှာ ရုရှား ဗိုလရှိဗစ် အစိုးရအဖွဲ့တွင်လည်း အရေးပါ အရာရောက်သော အမျိုးသမီးကြီးတစ်ဦးဖြစ်လျက် အမျိုးသမီးများအကြောင်း၊ ဘာဝအကြောင်း၊ လွတ်လပ်သော အချစ်အကြောင်း၊ ပဋိသန္ဓေ တားဆီးပိတ်ပင်ရေး အကြောင်း အစရှိသော စာအုပ်များကိုလည်း ရေးသားခဲ့ဖူးလေသည်။

အီတလီအာဏာရှင် မူဆိုလီနီမှာလည်း အရေးကြီးသော ကိစ္စဟူသမျှ မည်သူ့ကိုမျှ တိုင်ပင်လေ့မရှိ။ မည်သည့် ယောက်ျားကိုမျှလည်း အကြံဉာဏ် တောင်းဆိုခြင်း မပြု။ ၎င်းအားကိုးအားထားပြုနေသူမှာ တစ်ဦးတည်းသာ ဖြစ်ပေသည်။ ထိုသူကား အခြားသူ မဟုတ်။ ၎င်း၏သမီးကြီး ကောင့်တက်စ်ဆိုင်နိုပင် ဖြစ်လျက် ထိုအမျိုးသမီးမှာ အီတလီပြည်တွင် တန်ခိုးအကြီးဆုံး အမျိုးသမီး ဖြစ်နေသည်ကို တွေ့ရှိရပေသည်။

ယခုစစ်တွင် အီတလီသည် ကာလအတန်ကြာ လက်ပိုက်ပြီးလျှင် ကြားနေအဖြစ်ဖြင့် ကြည့်ရှုနေခဲ့ရာမှ အင်္ဂလိပ်နှင့် ပြင်သစ်တို့ကိုပင် တိုက်ရတော့မည်လိုလို တစ်ချက်တစ်ချက် လေသံထွက်လာသည်မှာ အထင်အရှား မဟုတ်သော်လည်း



မူဆိုလီနီနှင့် ၎င်း၏ သမီးကြီး အက်ဒါခေါ် ကောင့်တက်(စ်)ဆိုင်နီ

mgyoe.com

mgyoe.com

အက်ဒါခေါ် ၎င်း၏ သမီးကြီး ကောင့်တက်စ်ဆိုင်နို၏ အသံပင် မုချ ဖြစ်ရပေမည်။ မူဆိုလီနီ၏ နှုတ်ဖျားမှ လည်းကောင်း၊ ပို့ပိုလိုဒီ အီတာလယာခေါ် မူဆိုလီနီ၏ သတင်းစာခေါင်းကြီးပိုင်းမှ လည်းကောင်း၊ မကြာမကြာ ကြုံးဝါးလိုက်သော မိုးကြိုးသံ စကားများမှာ အက်ဒါက ၎င်း၏ ဖခင် နားထဲသို့ ဖြည်းညင်းသာယာစွာ သွင်းခဲ့သော တီးတိုးသံကလေးများသာ ဖြစ်ခဲ့လေသည်။

ယခုအခါ အင်္ဂလိပ်တို့သည် အီတလီ၏ သဘောထားကို မသင်္ကာ၍ မြေထဲပင်လယ်ထဲတွင် ဖြတ်သန်းသွားလာနေသော အင်္ဂလိပ် သင်္ဘောများကို ကာကွယ်ရန် လိုလားအပ်ပြီဟုဆိုကာ အင်္ဂလိပ် ကုန်သင်္ဘောများကို မြေထဲပင်လယ်မှ သွားစေမည့်အစား၊ အာဖရိကတိုက်တောင်ပိုင်း ကိပ်ပတောင်းမြို့မှတစ်ဆင့် သွားလာစေရန် စီစဉ်လေပြီ။

အက်ဒါခေါ် ကောင့်တက်စ်ဆိုင်နိုနှင့် ၎င်း၏ခင်ပွန်း အီတလီ နိုင်ငံခြားဝန်ကြီး ကောင့်ဆိုင်နိုမှာ ဂျာမနီဘက်ကို ပိုမိုယိမ်းယိုင်နေသူများဖြစ်ရာ အီတလီ စစ်ထဲသို့ ဝင်လျှင် မဟာမိတ်များဘက်က ဝင်မည်ဟု မျှော်လင့်ဖွယ်မရှိ၍ ယခုကဲ့သို့ ကြိုတင်စီစဉ်ခြင်း ဖြစ်သည်ဟု ယူဆဖွယ်ရှိရာ မူဆိုလီနီ၏ သမီး အက်ဒါ၏ ပယောဂသည် အတော်ပင် ကြီးမားလှချေ၏တကားဟု တွေးတောဖွယ် ဖြစ်နေပေသတည်း။

ဂျာနယ်ကျော်၊ အုပ်တွဲ (၅)၊
မေ ၄၊ ၁၉၄၀။

❐

mgyoe.com

mgyoe.com

## ခွသမားကြီး ဤတစ်ပွဲတွင် ရှုံးလေပြီလော

*ဂျော့ဘားနဒ်ရှော ရေးသော စာများမှာ အလွန်အချက်ကျလှ၏။ မိန်းမ စာရေးဆရာ ရေးသားချက်များမှာလည်း ချက်ကျရာ ယခု မည်သို့ ချေပမည်နည်း။*

**မိန်းမစာရေးဆရာ ရေးသမျှကို ခွန်းစေ့ပုဒ်စေ့ မဖြေဘဲ မသိရှာခြင်းကို သနားကရုဏာ သက်ရောက်ဖွယ်ဟု ချေပခြင်း**


**ယခင်အပတ်က ပြင်သစ်အမျိုးသမီး စာရေးဆရာကြီး အိုဒက်ကွန်းက ကမ္ဘာကျော် ခွသမားစာရေးဆရာကြီး ဂျော့ဘားနဒ်ရှောအား ကက်ကက်လန် အောင် ရန်တွေ့လိုက်သည့် ဆောင်းပါးကို ဤဂျာနယ်ကျော်တွင် ထည့်သွင်းဖော်ပြ ခဲ့ရာ ယခုအပတ်တွင် ထိုဆောင်းပါးရှင်အား ဘားနဒ်ရှောက ပြန်လှန်ချေပ ရေး သားသော ပြန်ကြားချက်ကို ထည့်သွင်းဖော်ပြလိုက်ရပေသည်။ ဤပြန်ကြားချက် ကို မဖတ်မီ ယခင်အပတ်က အိုဒက်ကွန်း၏ ရန်တွေ့ဆောင်းပါးကို ပြန်လည် ဖတ်ရှုကြရန် လိုပေလိမ့်မည်။ ။ အယ်ဒီတာ**

ဤကဲ့သို့သော အရေးအသားမျိုးကို ဖတ်ရှုရသူတိုင်း မသိရှာခြင်းကို သနား ကရုဏာ သက်ရောက်ကြရပေလိမ့်မည်။

အလွန် သန်မာထွားကျိုင်းနေသော ခနရှင်များ ခြယ်လှယ်ကြိုးကိုင် လက်ဝါး ကြီးအုပ်နေသည့် ပလူတိုကရေစီအုပ်ချုပ်ရေး နည်းစနစ်များကို ထိုခနရှင်များက ဒီမို ကရေစီဟူ၍ ခေါ်ဝေါ်နေကြသဖြင့် အိုဒက်ကလည်း ပလူတိုကရေစီကိုပင် ဒီမိုကရေစီ ထင်မှတ်လွဲမှားနေရှာလေတော့သည်။

mgyoe.com

mgyoe.com

ဂျော့ဘားနဒ်ရှော

ပြင်သစ် အာဏာရှင်ဘုရင် သမ္မတဖြစ်သည့် တတိယမြောက် နပိုလီယန်သည် ပါရီမြို့ကြီးကို မိမိထင်သလို ပြန်လည်ပြင်ဆင် ဆောက်လုပ်နိုင်သည်။ အီတလီ အာဏာရှင် မူဆိုလီနီသည်လည်း ရောမမြို့တော်ကြီးကို မိမိထင်သလို ပြန်လည် ပြင်ဆင် ဆောက်လုပ်နိုင်သည်။ အင်္ဂလိပ် ဘိလပ်ပါလီမန် လွှတ်တော်ကြီးမှာကား ဆဗန်းမြစ်ကလေးကို ဖြတ်ကျော်၍ တံတားကလေး တစ်ခုကိုသော်မှ မဖောက်လုပ်နိုင်ဟု ကျွန်ုပ် ရေးသားခဲ့သည်ကို အိုဒက်က ကျွန်ုပ်သည် ဂျာမနီ နာဇီပြည်၌ ပေါများစွာရှိသည့် ယာယီ အကျဉ်းထောင်များ၊ ချုပ်ချယ်နှိပ်စက် ညှဉ်းပန်းမှုများကို နှစ်ခြိုက်သည့် အနေသို့ရောက်အောင် အဓိပ္ပာယ် ကောက်ယူလေသည်။ ယာယီ အကျဉ်းထောင်များမှာ အစကနဦးက အင်္ဂလိပ်များ စတင်တီထွင်ခြင်း ဖြစ်ကြောင်းကို အိုဒက်ကို စကားမစပ် သတိပေးရဦးမည်။

ဟစ်တလာနှင့် စတာလင်ကို သွေးစုပ် ဘီလူးကြီးများဟူ၍ ခေါ်ဝေါ်ရမည့် အစား (ထိုသို့ ခေါ်ဝေါ်ခြင်းမှာလည်း ရေနွေးအိုးကို ဟင်းအိုးက ဖင်မည်းရန်ကောဟု ပြောဆိုရှုတ်ချခြင်းမျိုးနှင့် တူနေသည်)။ ကျွန်ုပ်က အာဏာရှင်တိုင်းပြည်များတွင်လည်းကောင်း၊ အတုအလိမ် ဒီမိုကရေစီ တိုင်းပြည်များတွင် လည်းကောင်း၊ မည်ကဲ့သို့ ချွတ်ချော်မှားယွင်းနေသည်ကို ရေးသားမိ၍ ကျွန်ုပ်မှာ ရဟူဒီများကို မုန်းတီးသူ၊ ဟစ်တလာကို ချီးကျူးသူ ဖြစ်သည်ဟု အိုဒက်က ယူဆရေးသားရန်တွေ့လေတော့သည်။

မိန်းမများ ကြီးမှူးသည့် ရန်လိုသော မဂ္ဂဇင်း တစ်စောင်တွင် မိန်းမများသည် ယောကျ်ားများ၏ တိုက်ခိုက်မှု လုပ်ငန်းတွင် အဘယ်မျှ စိတ်ထက်သန်နေကြသည့် အကြောင်းကို ကျွန်ုပ် ရေးသားမိခြင်းကြောင့် ကျွန်ုပ်သည် မိန်းမများအား လူသတ်ကျူးသည့် ဘီလူးအရိုင်းများဟု ထင်၍ ယောကျ်ားများကိုမူ သနားတတ်လှ နတ်ဒေဝများဟု မှတ်နေသည်ဟူ၍ အိုဒက်က ရေးသားလေတော့သည်။

mgyoe.com

mgyoe.com


ဤကား။ ယခုခါ အလွန်ခေတ်စားနေသော မှောက်လှန်ထွေပြား အမှန်ကို အမှားဟု ဖောက်ပြားတွေးမှား ရေးသားခြင်းမျှသာ ဖြစ်လေရာ များစွာ ကံဆိုးလေတော့သည်။

အချက်တစ်ချက်တွင်ကား အိုဒက်သည် အလွန် ဟုတ်မှန်စွာ ရေးလိုက်ပေသည်။

စကားများကို ကျွန်ုပ် ပန်းပြီး သွန်ထုတ်နေစဉ် လူများသည် ကိုယ့်အလုပ်ကို ကိုယ်လုပ်ပြီး သေဆုံးလျက် ရှိကြ၏။

သို့သော် ဤကဲ့သို့ ဖြစ်ရခြင်းမှာ ကျွန်ုပ်၏ အပြစ်တာဝန်လော၊

စဉ်းစား... အိုဒက်... စဉ်းစား။

ဂျော့ဘားနဒ်ရှော။
ဂျာနယ်ကျော်၊ အုပ်တွဲ (၅)၊
မေ ၁၁၊ ၁၉၄၀။

❒

mgyoe.com

mgyoe.com

# မြုပ်နေသော မင်းသားကြီး

**အစိုးရတို့သာသိကြပြီး တိုင်းပြည်ကမသိလှသော အတ္ထုပ္ပတ္တိတစ်ခု**

မျိုးချစ်စိတ် ထက်သန်သော မြန်မာအိမ်တိုင်းမှာလိုပင် အမွန်အမြတ် တရိုတသေ ဆွဲချိတ်ထားသော ဓာတ်ပုံများကို ကြည့်လိုက်လျှင် ရန်ကုန်မြို့ ဗန္ဓုလကုမ္ပဏီမှ ရိုက်နှိပ်လျက် မြင်ကွန်းမင်းသားကြီးနှင့် သားတော်နှစ်ပါးပုံတော် ဟူ၍ အမည်နာမ ရေးထိုးထားအပ်သော အောက်ဖော်ပြရာပါပုံ မုချပင် တွေ့မြင်ကြရမည် ဖြစ်ပေ၏။



mgyoe.com

mgyoe.com


ဤပုံတော်ကား မြန်မာအမျိုးသားတို့အဖို့သာလျှင် မဟုတ် နိုင်ငံခြားသားတို့ကို ပါ များစွာ အံ့သြစေသော ပုံတော်ပင် ဖြစ်ပေ၏။ မြန်မာခေါင်းပေါင်းကြီးဖြင့် အနောက် တိုင်းသားများလို ဝတ်ဆင်ထားခြင်း၊ မျက်နှာနေ မျက်နှာထားမှာ သုံးပါးစလုံးပင် ထက်မြက်ပုံရခြင်းတို့ကြောင့် ဤပုံကိုကြည့်ကာ သူတို့ဘယ်သူတွေလဲ ဟူ၍ မေးမြန်း ခြင်း ခံရပေ၏။

မင်းတုန်းမင်းတရားကြီး၏ သားတော် မြင်ကွန်း ကိုယ်တော်ကြီးနှင့် သားတော် နှစ်ပါး ပုံတော် ဖြစ်ကြောင်း ဖြေဆိုပြောပြရသည့်အခါတိုင်း နားထင်သို့ သွေးရောက် ကြသည်သာ ဖြစ်ပေ၏။

သို့သော် ထိုသို့ပြောဆိုကြသောစကားမှာ တိတိကျကျ ဟုတ်မှန်လှသည် မဟုတ်ကြောင်း၊ ရာဇဝင်လိုက်စားသူ တချို့သာ ကောင်းစွာ သိရှိကြပေ၏။

ပုံတွင် အလယ်က ရပ်နေသူမှာ ပဥ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်း တရားကြီးနှင့် တောင်ရွှေရေး မိဖုရားကြီးမှမြင်သည့် ပထမ သားတော် အကြီး မြင်ကွန်း မင်းသားကြီးပင်ဖြစ်လျက် ဘေးက ရပ်နေသူ နှစ်ဦးမှာ အရှင်မြင်ကွန်း ကိုယ်တော်ကြီး ၏ ညီတော်အရင်း မြင်းခုံတိုင် မင်းသား၏ သားတော်နှစ်ပါး ဖြစ်သဖြင့် အရှင်မြင်ကွန်း ကိုယ်တော်ကြီး၏ သားတော်နှစ်ပါး မဟုတ်ဘဲ တူတော်နှစ်ပါးသာလျှင် ဖြစ်ကြပေ၏။

မြင်ကွန်းမင်းသားကြီးကား အများသိရှိပြီးဖြစ်သည့်အတိုင်း အလွန်ထက်မြက်၍ ဇာတိသွေးဇာတိမာန်ပြင်းထန် တက်ကြွသော မြန်မာမင်းသားကြီးတစ်ပါး ဖြစ်ပေ၏။ ဘဝရှင် မင်းတုန်းမင်းတရားကြီးကား တိုင်းပြည်အုပ်ချုပ်ရေးကို ညီတော် ကနောင် မင်းသား အိမ်ရှေ့ကိုယ်တော်ကြီးအား လုံးဝလွှဲအပ်ထားရာ သားတော်ကြီးဖြစ်သော မြင်ကွန်းမင်းသားကြီးကလည်း မိမိမှာ ဘုရင်မင်းမြတ်၏ သားတော်ကြီး ဖြစ်သည့် အတိုင်း ခမည်းတော်ရိပ်ရာလွှဲပြီးနောက် မိမိသာလျှင် ထီးမွေနန်းမွေကို ဆက်ခံစိုးစံထိုက် သည်ဟူ၍ ယူဆထားရကား ဘထွေးတော်နှင့် တူတော်များစွာ ချစ်ကြည်ခြင်းမရှိ ဖြစ်ခဲ့ပေ၏။

မင်းတုန်းဘုရင်ကြီးမှာ သားတော်အလွန်များပြားလှသည်ဖြစ်၍ သားတော် အချင်းချင်း သင့်တင့်ညီညွတ်စေလိုသောဆန္ဒ ညီတော်အိမ်ရှေ့မင်းအား လေးစားစေလို သော အာသီသ အလွန်ပြင်းပြသည့်အားလျော်စွာ တစ်ခါက သားတော်များကို ခေါ်ငင် အကန်တော့ခံတော်မူရာ အကုန်မဝင်စေရဘဲ တစ်မိသားချင်း တစ်မိသားချင်းစီသာ ဝင်ရောက်စေလေ၏။

mgyoe.com

ထို့နောက် သားတော်များအား ငါ့ကို ချစ်၏လော၊ ငါ့ကို ကြောက်၏လော ဟူ၍ မေးတော်မူ၏။ သားတော်များလည်း ဘုန်းဘုန်းကို ချစ်ပါ၏ ဘုရား၊ ကြောက်ပါ၏ ဘုရားဟု တင်လျှောက်ကြပေ၏။

ဘုရင်မင်းမြတ်လည်း ညီတော် (အိမ်ရှေ့ကနောင်မင်း) ကို ချစ်ကြ၏လော၊ ကြောက်ကြ၏လောဟု မေးတော်မူပြန်၏။ သားတော်များလည်း ထားထား ဘုရားကို ချစ်ပါ၏၊ ကြောက်ပါ၏ ဘုရား ဟူ၍ လျှောက်တင်ကြပေ၏။ မြင်ကွန်းမြင်းခုံတိုင် ညီနောင် နှစ်ပါးအား နောက်ဆုံးမှ ဝင်စေ၍ အထက်နည်းအတိုင်း မေးတော်မူသည်တွင် ဘုန်းဘုန်း ဘုရားကို ချစ်ပါ၏ဘုရား။ ကြောက်ပါ၏ဘုရားဟု တင်လျှောက်ကြပေ၏။

ညီတော်အိမ်ရှေ့မင်းသားကို ချစ်ကြ၏လော၊ ကြောက်ကြ၏လောဟု မေးတော်မူသည့်အခါ၌မူ ထားထားဘုရားကို ချစ်ပါကြောင်းသာ လျှောက်တင်လျက် ငြိမ်နေကြသဖြင့် ဘုရင်မင်းမြတ်လည်း ချစ်လျှင် ကြောက်ရမည်။ ကြောက်ကြ၏လောဟု ထပ်မံမေးတော်မူ၏။ ဤတွင် မြင်ကွန်းမင်းသားက ကြောက်သင့်မှ ကြောက်ပါမည် ဘုရားဟု တင်လျှောက်သည့်အတွက် ဘုရင်မင်းမြတ်က ငါ့သားများ ကောင်းကောင်း နေကြ၊ မမိုက်ကြနှင့်။ မောင်တို့ ဘထွေးတော် (အိမ်ရှေ့မင်း) က မောင်တို့ အတက်ရှည်လျှင် တိလိမ့်မည်။ အမောက်ရှည်လျှင် ဖြတ်လိမ့်မည်။ အတောင်ရှည်လျှင် နုတ်လိမ့်မည်။ အသံကျယ်ကျယ်ရှည်ရှည် မတွန်ကြနှင့်။ အတောင်မခတ်ကြနှင့်၊ ငြိမ်ငြိမ်နေကြဟု ဆုံးမတော်မူရလေသည်။

ထိုသို့ ဆုံးမတော်မူခြင်းသည်ပင်လျှင် အလွန်ဇာတိမာန် ထက်သန်လှသော ညီနောင်နှစ်ဖော်အား ဘထွေးတော်အပေါ်တွင် တိုးတက်မကြေမချမ်းဖွယ် ဖြစ်စေတော့သည်။ သို့ဖြင့် မြန်မာသက္ကရာဇ် ၁၂၂၈ ခုနှစ်တွင် ညီနောင်နှစ်ပါး ခြားနားပုန်ကန်ကြရာ ဘထွေးတော် အိမ်ရှေ့မင်း၏ ခေါင်းကို ဖြတ်ယူပေးဆက်သည်ကို မြင်ကွန်းမင်းသားကြီးသည် ခေါင်းတော်ပြတ်တွင်ရှိသော ဆံပင်ကို အဖျားက စုချည်၍ မိမိ၏ ပခုံးတွင် အိုးစည်ကဲ့သို့ လွယ်ပြီးလျှင် မိမိ၏လူတစ်စုနှင့် ကခုန်မြူးထူးနေခဲ့ဖူးသည်ဟု မြင်ကွန်းမင်း၏ အပါးတော်မြဲ အတွင်းဝန် ဦးဘချစ်ရေး မြင်ကွန်းမင်း အတ္ထုပ္ပတ္တိ အကျဉ်းချုပ်တွင် ဖတ်ရှုရလေသည်။

## မင်းသားကြီး၏ မိဖုရားများ

မင်းသားကြီးမှာ ထိုသို့ ကခုန်မြူးထူးနေကြသည့် လွှတ်တော်ကို ဘုရင့်စစ်သည်တော်တို့ ဝန်းဝိုင်းပစ်ခတ်ခြင်းအတွက် အားချင်းမမျှ၊ ခုခံရန် အသင့်မရှိသည်နှင့် မိမိ၏

mgyoe.com

အသက်ကို ကာကွယ်လျက် ဆုတ်ခွာပြီးလျှင် မီးသင်္ဘောကလေး တစ်စင်းကို စီးကာ အင်္ဂလိပ်ပိုင် အောက်မြန်မာပြည်ထဲသို့ စုန်ဆင်းလာခဲ့လေသည်။

ထိုအချိန်အခါမှစ၍ မြင်ကွန်းကိုယ်တော်ကြီး၏ ဘဝမှာ အတွေ့အကြုံ အမျိုးမျိုး၊ စွန့်စားခန်း အဖုံဖုံတို့ဖြင့် ပြည့်နှက်လာခဲ့လေသည်။ ဤအကြောင်းများမှာ စာပေဗဟုသုတ လိုက်စားသူတိုင်း သိရှိပြီးဖြစ်၍ အထူးမဖော်ပြလိုပြီ။

မြင်ကွန်းကိုယ်တော်ကြီး၏ အဆက်အနွယ်များနှင့် စပ်လျဉ်း၍မူ လူတိုင်းပင် အပြည့်အစုံ မသိကြသေးသဖြင့် ကျွန်ုပ်တို့ စုံစမ်းသိရှိသမျှ အနည်းငယ် ရေးသားဖော်ပြလိုက်ရပေသည်။

မြင်ကွန်းကိုယ်တော်ကြီး၏ ထင်ရှားသော မိဖုရားများမှာ–

(၁) ဘဝရှင်မင်းတုန်းမင်းတရားကြီး၏ မိဖုရားတစ်ပါးဖြစ်သော ပဋ္ဌနဂိုရ် မိဖုရားနှင့် တူမ တော်စပ်သော နန်းတွင်းသူ ခင်အို။

(၂) ဘဝရှင် မင်းတုန်းမင်းတရားကြီး ကိုယ်တော်တိုင် လက်ထပ်ထိမ်းမြားပေးတော်မူသော အိမ်ရှေ့ ကနောင်မင်းသားကြီး၏ သမီးတော် တောင်ညို ထိပ်ခေါင်တင် မင်းသမီး။

(၃) အိန္ဒိယပြည်သို့ ရောက်ရှိစံနေတော်မူရာတွင် ဗာရာဏသီမြို့ မွတ်ဆလင် ကုလား သူဌေးကြီးတစ်ဦး၏ သမီး ဘီဘီဆပ်။

(၄) မြင်ကွန်းကိုယ်တော်ကြီး၏ မယ်တော် တောင်ရွှေရေး မိဖုရားကြီး၏ မောင်တော်အရင်း ဆင်ဝင်မင်းကြီး၏ သမီးတော် ခင်လေးဘုရား။

(၅) ရနောင်မောင်တုတ်၏သမီး သခင်မကလေး။

ဤသို့အားဖြင့် ငါးပါးသာ ထင်ရှားလေသည်။

## မိဖုရားများ၏ ကံကြမ္မာ

ဤသို့ ငါးပါးရှိရာတွင် မင်းတုန်းမင်း ကိုယ်တော်တိုင် မန္တလေးမြို့တော်၌ လက်ထပ်ပေးရသော တောင်ညိုထိပ်ခေါင်တင်နှင့် အိန္ဒိယပွန်ဒီချယ်ရီမြို့တွင် မယ်တော် တောင်ရွှေရေးမိဖုရားကြီးကိုယ်တိုင် လက်ထပ်ပေးသော ခင်လေးဘုရားတို့သာလျှင် ခမည်းတော် မယ်တော်တို့နှင့်တကွ ဆိုင်ရာတို့၏ အသိအမှတ်ပြုခြင်းကို ခံယူခဲ့ရပေသည်။

နန်းတွင်းသူ ခင်အိုတွင် သမီးတော်တစ်ပါး ဖွားမြင်ရာ ပြင်သစ်ပိုင် အင်ဒိုချိုင်းနားပြည် ဆိုင်ဂုံမြို့တွင် နတ်ရွာစံလေသည်။ တောင်ညိုထိပ်ခေါင်တင်တွင် သားတော်

mgyoe.com

mgyoe.com

သမီးတော် မရ မရှိ။ ထိပ်ခေါင်တင်မှာ ၁၂၂၈ ခု အရေးတော်ကြီးနှင့် စပ်လျဉ်း၍ ထောင်တွင် ချထားခြင်း ခံယူခဲ့ရလေသည်။ မောင်တော်ဘုရားနှင့် ကွေကွင်း၍ ၉ နှစ်အကြာတွင် မန္တလေးမြို့၌ နတ်ရွာစံတော်မူရှာလေသည်။

မွတ်ဆလင် ကုလားမ ဘီဘီဆပ်နှင့်လည်း သားသမီး မရခဲ့ပေ။ ဘီဘီဆပ်မှာ ဗုဒ္ဓဘာသာဝင်ဖြစ်လျက် မြင်ကွန်းကိုယ်တော်ကြီးနှင့် လိုက်၍နေရာ ဆိုင်ဂုံမြို့တွင်ပင် ကံကုန်ခဲ့လေသည်။

ခင်လေးဘုရားမှာ အခြားမဟုတ်၊ ညီတော် မြင်းခုံတိုင်မင်းသားနှင့် ပထမ သင့်မြတ်သဖြင့် ပုံတွင် တွေ့မြင်ရသော သားတော်နှစ်ပါးကို ဖွားမြင်ခဲ့သောသူပင် ဖြစ်ပေသည်။ မယ်တော်ဘုရား ကိုယ်တော်တိုင် လက်ထပ်ပေးရာ ခယ်မတော် ခင်လေး ဘုရားမှ မြင်ကွန်းကိုယ်တော်ကြီးမှာ သားတော်နှစ်ပါးနှင့် သမီးတော်ငါးပါး ရရှိခဲ့ပေသည်။ ခင်လေးဘုရားမှာ ယခုအခါ သထုံမြို့တွင် စံမြန်းတော်မူလျက် ရှိသေးလေသည်။

ရနောင်မောင်တုတ်၏သမီး သခင်မကလေးဖြင့် သားတော် သမီးတော် မရရှိခဲ့ ပေ။ မယ်တော် တောင်ရွှေရေးဆောင် မိဖုရားကြီး၊ ယင်းနောက် မြင်ကွန်းကိုယ်တော် ကြီးတို့ ဆိုင်ဂုံတွင်ပင် နတ်ရွာစံတော်မူကြရာ ကိုယ်တော်ကြီး နတ်ရွာစံပြီး ခြောက်လ လောက်အကြာတွင် သခင်မကလေးလည်း ဆိုင်ဂုံမှာပင် ကံကုန်လေသည်။

ဤကား ရာဇဝင်တွင် မှတ်တမ်းတင်ပြီး ဖြစ်သည်ဟု ဆိုရမည်ဖြစ်သော အကြောင်းအရာများ ဖြစ်လေသည်။

## တိုင်းသူပြည်သား ရှင်လူအများတို့ မသိသေးသောအချက်

ရာဇဝင်တွင် အဝင်အပါဖြစ်ဖို့ ထားဘိဦး။ တိုင်းသူပြည်သား ရှင်လူအများပင် လုံးဝ ကြားဖူး၊ သိဖူးမရှိသေးသော မြင်ကွန်းကိုယ်တော်ကြီး၏ သားတော်တစ်ပါးမှာ ယခုတိုင် အသက်ရှင်လျက် ရှိလေသည်။

မြင်ကွန်းမင်းသားကြီးသည် အတားအဆီးအမျိုးမျိုးကို ရုပ်ပြောင်းရုပ်လွှဲ ရုပ် ဖျောက်လျက် ကျော်နင်းလွတ်မြောက်ပြီးလျှင် ကိုယ်တော်တစ်ပါးတည်း အမြို့မြို့သို့ ကြွရောက် လှည့်ပတ်နေခဲ့စဉ် ရန်ကုန်မြို့ ပုဇွန်တောင်ရပ် စစ်ကဲကြီး ဦးမှုံ၏သမီး ဒေါ်ကွန်းနှင့်တွေ့၍ အကြောင်းပါလေသည်။ ထိုသို့ ပေါင်းဖက်သဖြင့် ဒေါ်ကွန်းတွင် ပဋိသန္ဓေ အရင့်အမာရှိလာချိန်တွင် ကိုဖဲဆိုသူက တိတ်တဆိတ် သွားရောက်သတင်း ပေး ဖမ်းဆီးလျက် အင်္ဂလိပ် အစိုးရလက်သို့ အပ်လေသည်။ ထိုသို့ပြုလုပ်သည့်အတွက် ထိုကိုဖဲဆိုသူမှာ စစ်ကဲများပင်ဖြစ်ပြီးလျှင် ကြည့်မြင်တိုင်၌ အနိစ္စရောက်လေသည်။

mgyoe.com

mgyoe.com

စစ်ကဲကြီး ဦးမှုံကိုလည်း မင်းသားကြီးအရေးနှင့် စပ်လျဉ်း၍ ရန်ကုန်မြို့တွင် မနေရတော့ဘဲ ဟင်္သာတမြို့သို့ ပို့လိုက်ရာ ဟင်္သာတမြို့တွင် ၁၂၃၅ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ သောကြာနေ့၊ နံနက်လေးချက်တီးအချိန်ခန့်တွင် သားတော်တစ်ပါး ဖွားမြင်လေသည်။ ဒေါ်ကွန်းလည်း ဟင်္သာတတွင်ပင် အနိစ္စရောက်ခဲ့လေသည်။ ဤတွင် မြင်းကွန်းမင်းသားကြီး၏ သားတော်ကလေးကို အဘိုးစစ်ကဲကြီး ဦးမှုံက မိမိသား ဦးခိုင်၊ ချွေးမ ဒေါ်မှုံတို့အား အပ်နှံ မွေးမြူစေလေသည်။ ဦးခိုင်၊ ဒေါ်မှုံတို့တွင် သားသမီး မရှိသဖြင့် မင်းသားကလေးအား များစွာ ချစ်ခင်ယုယကြလေသည်။

စစ်ကဲကြီး ဦးမှုံက မင်းသားကလေးအား ထိပ်တင်သန်းဟု မှည့်ခေါ်ခြင်းပြုရာ ၁၂၃၉ ခုနှစ်တွင် ထိပ်တင်သန်း၌ ကြက်ညှာရောဂါ စွဲကပ်သင့်ရောက်လျက်ရှိကြောင်း သတင်းရသည့်အခါ မြင်ကွန်းကိုယ်တော်ကြီးသည် တိတ်တဆိတ် ရောက်ရှိလာပြီးလျှင် သမားကောင်းများနှင့် ကုစေခဲ့လေသည်။

## အမည်ပြန်၍မှည့်ခြင်း

ထိပ်တင်သန်းဟူ၍ မှည့်ခေါ်ထားသည်ကို သိရှိရသောအခါ မြင်ကွန်းကိုယ်တော်ကြီးက ဤကလေးကို မြန်မာလူမျိုးများ မမှည့်သော အမည် မှည့်ချင်သည်။ သို့မှ မိမိရောက်ရာနေရာကနေ၍ အမျိုးသားချင်း တွေ့သည့်အခါ မေးမြန်းစုံစမ်း၍ သတင်းကြားလွယ်၊ သိလွယ်နိုင်မည်ဟု စစ်ကဲကြီးဦးမှုံအား မိန့်ဆိုတိုင်ပင်လျက် မောင်ဂုဏ်မာန်ဟု မှည့်လေသည်။

စစ်ကဲကြီး ဦးမှုံသည် မိမိဘဝ မပြောင်းမီ ထိပ်တင်သန်းခေါ် မောင်ဂုဏ်မာန်၏ အသက် ၇ နှစ် ၈ နှစ်ခန့်တွင် ကောင်းစွာ မှတ်သားထားစေရန် အထက်ပါ အဆက်အနွယ်တို့ကို ပြောပြခဲ့ပေသည်။ စစ်ကဲကြီး ဦးမှုန် ဘဝပြောင်းပြီးနောက် စစ်ကဲကြီး ဦးမှုံ၏သား ဦးခိုင်နှင့် အတူတူနေရာ ဦးခိုင်သည် မြို့အုပ်အလုပ်ဖြင့် ကြို့ပင်ကောက်သို့ ပြောင်းရလေသည်။ ဤတွင် မောင်ဂုဏ်မာန်သည် ကြို့ပင်ကောက် အင်္ဂလိပ်–မြန်မာ စာသင်ကျောင်းတွင် ၂ နှစ်၊ ၃ နှစ်ခန့် သင်ကြားခဲ့ရလေသည်။ နောက် ရန်ကုန်မြို့ အစိုးရဟိုက်စကူးကျောင်းတွင် အသက် ၁၄ နှစ်၊ ၁၅ နှစ်လောက်စ၍ စာသင်ရာ အသက် ၁၇ နှစ်၊ ၁၈ နှစ်ခန့်တွင် ဦးဂုဏ်မာန်ကို စောင့်ရှောက်မွေးစားသော မြို့အုပ် ဦးခိုင် အနိစ္စရောက်လေသည်။ သေဆုံးရာတွင် အလောင်းကို မသဂြိုဟ်မီ မသာကို အရေးပိုင် မစ္စတာမက်ဆွဲရောက်လာ၍ မြို့အုပ်အလောင်း သဂြိုဟ်ရန် စီစဉ်ပြီး

mgyoe.com



မြင်ကွန်းကိုယ်တော်ကြီး၏ သားတစ်ပါးဖြစ်သော ရာဘက် ရာဇဝတ် တရားသူကြီး ဦးဂုဏ်မာန်

ဦးဂုဏ်မာန်၏ အဘအရင်းကို သိပါသလားဟု မေးလေသည်။ ဤတွင် ထိပ်တင်သန်းခေါ် ဦးဂုဏ်မာန်က စစ်ကဲကြီးဦးမှုံ မသေမီအခါက မိမိအဘအရင်းသည် မြင်ကွန်းမင်းသားကြီး ဖြစ်ကြောင်း၊ အမိမှာ စစ်ကဲကြီး ဦးမှုံ၏ သမီး ဒေါ်ကွန်း ဖြစ်ကြောင်း၊ မြို့အုပ်ဦးခိုင်မှာ ဦးမှုံ၏သား ဒေါ်ကွန်း၏ မောင်ငယ် ဖြစ်ကြောင်းနှင့် ပြန်လည်ပြောပြခဲ့လေသည်။

မစ္စတာမက်ဆွဲက ကောင်းပါပြီဆို၍ ကျောင်းဆက်နေရမည်။ တစ်လ ၂၀ ကျပ်ရမည်ဟု ပြောပြီး ဦးဂုဏ်မာန်ကို အစိုးရ ဟိုက်စကူးကျောင်းတွင် ဆက်လက်စာသင်ပြန်စေလေသည်။ တစ်လ ၂၀ ကျပ်နှင့် စာသင်နေရာ အသက် ၂၁ နှစ်တွင် ကျောင်းက ထွက်ချင်သဖြင့် ကျောင်းအုပ်ကြီး မစ္စတာရိုစ်အား ကျောင်းက ထွက်ချင်ကြောင်းပြောရာ မစ္စတာရိုစ်က မင်း ဘာအလုပ်လုပ်ချင်သလဲဟု မေးလေသည်။

mgyoe.com

ကျွန်တော်က မြေတိုင်းဘက်က အလုပ်ကို လုပ်ချင်သည်ဟုပြော၍ အစိုးရထံ စာရေးဦးမည်၊ ဆိုင်းဦးဟု ပြောပြီးနေရာ ရက် ၂၀ လောက်ကြာသည့်အခါ ဟံသာဝတီ မြေတိုင်းကျောင်းတွင် မြေတိုင်းအတတ် သင်ခွင့်ရခဲ့လေသည်။ မြေတိုင်းအောင်သည့်အခါ ဟံသာဝတီ မြေတိုင်းရုံးတွင် သုံးလ၊ ပဲခူး မြေတိုင်းလယ်ဝန်ရုံး၌ သုံးလ အလုပ်သင်ကြားပြီး သံလွင်ဒိစတြိတ် ဖာပွန်သို့ ဒိစတြိတ်ဆာဗေယာ မြေတိုင်းအရာရှိအဖြစ်နှင့် ပို့လိုက်လေသည်။ ဤအလုပ်နှင့် လေးနှစ်ကြာသည့်အခါ မြို့အုပ် ဖြစ်ခဲ့လေသည်။

ခမည်းတော် မြင်ကွန်းမင်းသည် ပြင်သစ်ပိုင် အင်ဒိုချိုင်းနား ဆိုင်ဂုံမြို့တွင် စံနေတော်မူစဉ် သားတော် ဦးဂုဏ်မာန်ထံ လူယုံတော် သုံးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ် အခွင့်သာသည့်အခါတိုင်း လွှတ်၍ ဆုံးမခြင်း၊ တိုင်းပြည်ရေးများကို မေးမြန်းဆောင်ရွက်ရန် ခိုင်းစေခြင်း ပြုတော်မူခဲ့လေသည်။

## ကျောက်ညှပ်တွင် တွေ့ကြစို့

၁၂၇၀–၇၁ နှစ်ခန့်လောက် သားတော် ဦးဂုဏ်မာန်ထံလာရာ ကျောက်ညှပ်တွင် ချိန်းလေသည်။ အရေးပိုင် ခွင့်မပြု၍ မသွားနိုင်ရှိသည့်အတွင်း ဖခမည်းတော် မဟောင်စွန်သို့မရောက်မီ အင်္ဂလိပ်မင်းက ဖမ်းမည်သတင်းရ၍ ဆိုင်ဂုံမြို့သို့ ပြန်လည်ကြွမြန်းသွားခဲ့ရလေသည်။ ထိုအချိန်ကစ၍ အင်္ဂလိပ်အစိုးရတို့သည် ဦးဂုဏ်မာန်အား အမြို့မြို့သို့ ပြောင်းရွှေ့ပေးခဲ့လေသည်။ ဦးဂုဏ်မာန်ကို ဖာပွန်သို့ ပြန်ပို့ရန် လျှောက်ထားသည့်အခါ ဖာပွန်သို့ မြို့ပိုင်အဖြစ်နှင့် ပြန်လည်သွားရောက်နေနိုင်ခွင့် ရခဲ့လေသည်။ ဖာပွန်တွင် နှစ်နှစ်ကျော်၊ သုံးနှစ်ခန့် ကြာသည့်အခါတွင် သားနှစ်ယောက်နှင့် သမီးများကို နားသခြင်းပြုလေသည်။ ဖာပွန်တွင် သားအကြီး ကိုးနှစ်သား၊ သားအငယ် ခုနစ်နှစ်၊ သမီးနှစ်ယောက် ငါးနှစ် သုံးနှစ်စီ၊ ပေါင်းလေးယောက်ကို ရှင်ပြုနားသခြင်းပြုရာ မြင်ကွန်းကိုယ်တော်ကြီးသည် ရွှေဒင်္ဂါးနှစ်ပြားစည်း ၁၀ ပြားကို လူယုံတော်နှင့် ပို့ခိုင်း၍ ၎င်းတို့ကို ရောင်းပြီး ရှင်ပြု နားသလိုက်ခဲ့လေသည်။

ဦးဂုဏ်မာန် အသက် ၄၀ လောက်တွင် မြို့အုပ်အဖြစ်နှင့် ကော့ကရိတ်တွင် ရောက်ရှိနေရာ တရုတ်ပြည်မှလှည့်၍ တုတ်ဓားတစ်စင်းကို ခမည်းတော် မြင်ကွန်းကိုယ်တော်ကြီးက ဓားတွင် တရုတ်ဘာသာဖြင့် ရေး၍ လက်ဆောင်တော် ပို့ဖူးလေသည်။

တရုတ်ဘာသာဖြင့် ရေးသော အဓိပ္ပာယ်မှာ အင်ဒိုချိုင်းနား ဆိုင်ဂုံမြို့၊ မြင်ကွန်းမြို့စား ဦးသီလဝက သားတော် ထိပ်တင်သန်းခေါ် မောင်ဂုဏ်မာန် အမြဲကိုင်ရန် ပို့သနားတော်မူလိုက်သည်ဟု တရုတ်များ ဘာသာပြန်ဆိုပြောပြ သိရှိရပေသည်။

mgyoe.com

ဦးဂုဏ်မာန်သည် ကော့ကရိတ်မြို့နယ်တွင် မြို့ပိုင်အဖြစ်နှင့် လေးနှစ်ခန့်လုပ်ရာ အထက်လူကြီးနှင့် ရန်ဖြစ်ကြ၍ အလုပ်မှ ထွက်လိုက်လေသည်။ အစိုးရက တစ်လကို ငွေ ၇၄ ကျပ် ၃ ပဲ ပင်စင်ပေးထားစဉ် မန္တလေးမြို့၌ နိုင်ငံရေးကို သုံးနှစ်ခန့်မျှ ဆောင်ရွက်နေခဲ့လေသည်။ ထို့နောက် ရှမ်းပြည်တောင်ပိုင်းတွင် အောင်ပန်းသို့ ရာဘက်ရာဇဝတ် တရားသူကြီးအလုပ်နှင့် ပြောင်းလုပ်လာရာ ယခုတိုင်လုပ်လျက် ရှိနေသည်ကို တွေ့ရလေသည်။ ယခုသော် ဦးဂုဏ်မာန် ဟူသော အမည်ဖြင့် မဟုတ်ဘဲ ထိုအမည်ကိုပင် အခေါ်လွယ်သော အသံဖြင့် ဦးဂုဏ်မှန်ဟူ၍ပင် အများခေါ်ဝေါ်လျက် ရှိကြသည်ကို ကြားသိတွေ့မြင်ခဲ့ရပေသတည်း။

ဂျာနယ်ကျော်၊ အုပ်တွဲ (၅)၊ အမှတ် (၇)၊
ဇွန် ၈၊ ၁၉၄၀။

❐

mgyoe.com

mgyoe.com

## ဟစ်တလာ၏ အခါပေး ဂျာမန် ဦးပုည

ပိုလန်ပြည်၊ ဟော်လန်ပြည်၊ ဘယ်လ်ဂျီယံပြည်နှင့် ပြင်သစ်ပြည်တို့ကို ဟစ်တလာ တိုက်ခိုက် သိမ်းယူခဲ့သည်မှာ များစွာ မကြာမြင့်ခဲ့သေးချေ။ ကုန်းတပ်ဖြင့် တစ်မျိုး၊ လေတပ်ဖြင့် တစ်သွယ်၊ အထက်နှင့်အောက်၊ ညှပ်ကာပိတ်ကာ ကြမ်းကြမ်းကြီး တိုက်ခိုက်ခဲ့ခြင်းဖြင့် ထိုပြည်ကလေးများမှာ ဟစ်တလာ၏ ခြေဖဝါးအောက်သို့ ဆိုက်ရောက်လျက် ရှိချေပြီ။

သို့တိုက်ခိုက်ရာ၌ ဟစ်တလာအား အခါပေးနေသူတစ်ဦး ရှိလေသည်။ ထိုသူသည် အများသောသူတို့က ဟစ်တလာ၏ အကြံပေးအခါပေးဟု ပြောဆိုနေကြသော ပြန်ကြားရေးဝန်ကြီး ဂိုဘဲလ်လည်း မဟုတ်။ နိုင်ငံခြားဝန်ကြီး ရစ်ဘင်ထရော့လည်း မဟုတ်ပေ။ ဂိုဘဲလ်၊ ဂိုးအားရင်း၊ ရစ်ဘင်ထရော့တို့ အခါပေးတိုင်း ဟစ်တလာသည် လုပ်လေ့လုပ်ထ မရှိပေ။ ကျွန်ုပ်တို့ ယခုဖော်ပြလိုက်သောသူ အချိန်အခါပေးမှသာလျှင် ဟစ်တလာသည် မိမိ၏ လေတပ်၊ ကုန်းတပ်များကို စေလွှတ်တိုက်ခိုက်ခြင်း ပြုလေသည်။



ဟစ်တလာ

ထိုသူ၏အမည်မှာ ဂျာမန်ဘာသာအားဖြင့် ဟာစိုနာဘင်ဖြစ်၍ အင်္ဂလိပ်သို့ ပြန်သော် မစ္စတာဆတ္တာဒေးဖြစ်လေရာ မြန်မာလိုခေါ်ဆိုလျှင် ဦးစနေပင်ဖြစ်လေသည်။ ထိုသူမှာ ဟစ်တလာအဖို့ အခါပေး ဦးပုညပင် ဖြစ်လေသည်။

mgyoe.com



ဂိုးအားရင်း

ဟစ်တလာသည် ထိုသူက အခါမပေးမချင်း မည်သည့် တိုင်းပြည်ကိုမှ ချီတက် တိုက်ခိုက်ခြင်း မပြု။ ဦးစနေမှာ ကိုယ်လုံးကိုယ်ထည် သေးသေးသွယ်သွယ်ပင် ဖြစ်လင့်ကစား ရုပ်ရည်မှာ အိုမင်းနေပုံရပေသည်။ ၎င်းမှာ ရာသီဥတုအကြောင်းကို ဒိုးကဲ့သို့ မွှေနှောက်နိုင်အောင် တတ်ကျွမ်းနားလည်သော ရာသီဥတု ဝိဇ္ဇာကြီးတစ်ဦး ဖြစ်သဖြင့် ဟစ်တလာ၏ လျှို့ဝှက်သော လက်နက်တစ်ခု သဖွယ် ဖြစ်နေပေသည်။


ယခုအခါ ဟစ်တလာ၏ လက်အောက်သို့ ရောက်ရှိနေကြပြီဖြစ်သော တိုင်းပြည်ကလေးများအား ဟစ်တလာ၏ စစ်တပ်ကြီးများ ချဉ်းနင်းဝင်ရောက် တိုက်ခိုက်သိမ်းပိုက်ကြသည့် ရာသီဥတုကို ပြန်ပြောင်းကြည့်ရှုမည်ဆိုလျှင် ဦးစနေ၏ အခါပေးပုံ နည်းကျမှန်ကန်ခြင်းများကို တွေ့မြင်ရမည် ဖြစ်ပေသည်။

ချက်ကိုစလိုဗေးကီးယားပြည်ကလေးကို ဟစ်တလာသည် ၎င်း၏ သံချပ်ကာ မော်တော်ကားကြီးများ ခြောက်သွေ့နေသော မြေပေါ်တွင် လွယ်ကူစွာ မောင်းနှင်ချီတက်နိုင်သော ခြောက်သွေ့သည့် ဥတုကို ရွေးချယ်ကာ သိမ်းပိုက်ခဲ့၏။

ပိုလန်ပြည်ကို တိုက်ခိုက်ခဲ့စဉ်အခါကလည်း နေရောင်ခြည် တောက်နေသော ခြောက်သွေ့သည့် ဥတုပင် ဖြစ်ခဲ့၏။ ၎င်း၏ သံချပ်ကာ မော်တော်ကားကြီးများသည် စွတ်စိုထိုင်းမှိုင်းနေသော မြေပြင်ကို မတွေ့ရဘဲ ကောင်းမွန်ချောမောစွာပင် ရှေ့သို့ တိုးနိုင်လျက် ၎င်း၏ လေယာဉ်ပျံများသည်လည်း ဘေးရန်ကင်းစွာဖြင့် ထင်းထင်းကြီး မြင်တွေ့နေရသော မြေပြင်ကို ဗုံးကြဲတိုက်ခိုက်နိုင်ခဲ့ကြ၏။

mgyoe.com

ဂျာမနီ၏ တစ်ဖက်ရန်သူတို့က ဂျာမန်တင့် မော်တော်ကားကြီးများ ရွံ့ညွှန်ထဲတွင် နစ်ကုန်ကြပြီ။ ဂျာမန် လေယာဉ်ပျံများသည်လည်း မိုးသက်လေပြင်းကြောင့် မပျံသန်းနိုင်။ ဗုံးမကြဲနိုင် ဖြစ်ကုန်ကြစေရန် မိုးမြန်မြန်ကျပါစေဟု ဆုတောင်း စောင့်မျှော်နေသည့် အချိန်တွင် ဟစ်တလာမှာ "ကိစ္စမရှိပါဘူး၊ မိုးတော်တော်နဲ့ လာမှာ မဟုတ်သေးပါဘူး" ဟူသော ၎င်း၏ အခါပေး ဦးစနေ၏ စကားများကို ယုံစားလျက် ၎င်း၏ စစ်တပ်ကြီးများကို ကြိမ်တို့မြဲတို့ကာ နှင်ခဲ့လေသည်။



ရစ်ဘင်ထရော့

နော်ဝေးပြည်ကို တိုက်ခိုက်ခဲ့သည့် ရာသီဥတုမှာမူ တစ်မျိုးတစ်ဖုံ ဖြစ်ခဲ့၏။ ထိုရာသီမှာ လေထန်သော မိုးရာသီပင် ဖြစ်နေသော်လည်း ဟစ်တလာ၏ စစ်တပ်တို့မှာ အနှောင့်အယှက်၊ အခက်အခဲ မတွေ့ရဘဲ နော်ဝေးပြည်ထဲသို့ ခြေချနိုင်ခဲ့ကြ၏။ ဗြိတိသျှ လေယာဉ်ပျံများသည်သာလျှင် အောက်တွင် မည်သို့ စခန်းသွားနေကြပြီကို မမြင်နိုင် မသိနိုင် ဖြစ်ခဲ့ကြလေသည်။

ထို့နောက်ကား ဟော်လန်ပြည်၊ ဘယ်လ်ဂျီယံပြည်နှင့် ပြင်သစ်များကို တိုက်ခိုက်ခဲ့စဉ်အခါပင် ဖြစ်ပေ၏။ ထိုပြည်များမှာလည်း ဟစ်တလာ၏ ကုန်းတပ်၊ လေတပ်၊ လေထီးတပ်များ ချောချောမောမော ဝင်ရောက်တိုက်ခိုက်နိုင်သော သွေ့ခြောက်နေသည့် ဥတုရာသီ၌ပင်လျှင် တိုက်ခိုက်သိမ်းယူခြင်း ခံခဲ့ရချေ၏။

ထိုအချိန်ကာလ ဥတုအခါသမယကို ဟစ်တလာကိုယ်တိုင်သော်လည်းကောင်း၊ ၎င်း၏ စစ်ဘုရင်မှူးကြီးများသည်လည်းကောင်း၊ ရွေးချယ်ခဲ့ခြင်း မဟုတ်ပေ။ သည်ရာသီမှာဖြင့် သည်ပြည်ကို တိုက်လေ၊ ဟိုရာသီမှာဖြင့် ဟိုပြည်ကို တိုက်လေ ဟူသော ဂျာမန်ဦးစနေ၏ အခါပေးချက်အတိုင်းသာ တိုက်ခိုက်ခဲ့ခြင်း ဖြစ်၏။ ဤသည်တို့ကို ကြည့်ရှုခြင်းအားဖြင့် ဦးစနေ၏ ရာသီဥတု ခန့်မှန်းတိုင်းထွာချက်မှာ မှန်ကန်နေရကား နာဇီအရာရှိ အရာထမ်းတို့မှာ ဦးစနေအား လျှို့ဝှက်သော လျှို့ပညာရှင်ကြီးတစ်ပါးဟူ၍ ယုံကြည်နေကြ၏။

အမှန်စင်စစ်ကား ဦးစနေ၏ အကဲခတ်ပညာမှာ လျှို့ဝှက်သော ပညာမဟုတ်ပေ။ တိုင်းနိုင်ငံတိုင်းတွင် ဂျာမန်သူလျှိုများ အကွက်ကျ ထားရှိထားခြင်းဖြင့် ဤကဲ့သို့

mgyoe.com

မှန်ကန်သောအခါကို ပေးနေနိုင်ခြင်း ဖြစ်ပေ၏။ ထိုသူလျှိုတို့၏ ဝတ္တရားမှာ စစ်တက်၊ စစ်ဆင်ခြင်း သတင်းများကို ပေးပို့ရန်မဟုတ်။ ၎င်းတို့ ရောက်ရှိနေသော ပြည်များမှ ရာသီဥတုကို တွက်ချက်နိုင်သော အထောက်အထားတို့ကို အမြဲ ပေးပို့နေရန်သာ ဖြစ်ပေ၏။ ဦးစနေမှာ အဆိုပါ သူလျှိုများ ပေးပို့လိုက်သော အထောက်အထားဖြင့် ဂဏန်းတွက်ကာ ဥတုရာသီကို မှန်းဆနိုင်ခြင်း ဖြစ်လေသည်။

ဦးစနေ၏ အလုပ်ခန်းထဲတွင် ကမ္ဘာအရပ်ရပ် တိုင်းနိုင်ငံများ၏ ရာသီဥတုကို အလွယ်တကူပင် သိရှိနိုင်သော မြေပုံများရှိလျက် မည်သည့်နိုင်ငံ၏ ရာသီဥတုမှာ မည်သည့်လသို့ရောက်လျှင် မည်သို့မည်ပုံ ပြောင်းလဲသွားမည်ကို တွက်ချက် ကြည့်ရှု စစ်ဆေးနိုင်လေသည်။ ဦးစနေသည် ထိုမြေပုံများကို ကြည့်ရှုလျက် တစ်ကိုယ်တည်း တွက်ချက်၏။ ထပ်ကာထပ်ကာ တွက်ချက်၏။ ထို့နောက် ဟစ်တလာအား "ဒီလမှာ ရာသီဟာ ဒီလိုရှိလိမ့်မယ်။ ခင်ဗျား စစ်တပ်များ လွှတ်ချင်ရင် လွှတ်ပေတော့" ဟု အခါပေးလေသည်။

ဤအခါများတွင် ဟစ်တလာသည် ၎င်းပြုလုပ်ခဲ့သော အလုပ်များကို ထ၍ ရှောင်တခင် လုပ်တော့လေသည်။

ဂျာနယ်ကျော်၊ အုပ်တွဲ (၆)၊
ဩဂုတ် ၁၇၊ ၁၉၄၀။

❐

mgyoe.com

mgyoe.com

## ဂျာမန်ဗုံးသမားများလက်ချက် ဒုက္ခဖြစ်ရပုံ သိရှိလိုသလား

*လေကြောင်းမှ စစ်တိုက်ခြင်းသည် ကြောင့်ကျရန်အကြောင်း ထောင်သောင်းမက ပေါ်ပေါက်လာစေ၏။ အခြေပျက်အနေပျက် ဖြစ်ရသူများသည် ဘယ်ဆီဘယ်ဌာန၌ ခိုမှီရာ ရပါမည်နည်း။ အိပ်ရာနေရာရပါမည်နည်း။ စားဖွယ်သောက်ဖွယ် ရပါမည်နည်း။ တချို့သော ရပ်ကွက်များမှာ အဖြေကို သိကြ၏။ တချို့သော ရပ်ကွက်များမှာ အဖြေကို မသိရှာကြ။*

### သားသည်အမေတစ်ဦး၏ တွေ့ရကြုံရပုံများ

လေယာဉ်ပျံ တစ်စင်းပေါ်မှ လူတစ်ယောက်သည် ခလုတ်တစ်ခုကို ဆွဲလိုက်၏။ လေးလံသော သံမဏိနှင့် တောက်လောင်သော မီးရှူးသည် လေထဲမှ ဖြတ်သန်း၍ အောက်သို့ စိုက်ဆင်းသွားခဲ့၏။ တစ်ခဏမျှ ကြာသောအခါ မီးတောက်မီးလျှံကြီးများ၊ သံမဏိများနှင့် အုတ်ကျိုးအုတ်ပဲ့များသည် လေထဲသို့ ဗရမ်းဗတာ မြောက်တက်ပါလာကြလေကုန်၏။ ထိုအဖြစ်သည် တစ်ခဏတာကလေးမျှသာ ကြာ၏။ သို့သော် ထိုတစ်ခဏတာကလေးအတွင်းမှာပင်လျှင် လူများ၏ အိမ်များနှင့် အသက်များမှာ ပြိုကွဲပျက်စီးခြင်းသို့ ရောက်ကြရတော့၏။ ဤကား တစ်ညပြီးတစ်ည ညစဉ်ညဆက် ဖြစ်ပျက်လျက်ရှိသော အခြင်းအရာ ဖြစ်နေချေတော့၏။

ဘိလပ်ရှိ ဆင်းရဲသားရပ်ကွက်များမှ မြို့သူမြို့သားများမှာ ဖြူဖပ်ဖြူရော် မျက်နှာများဖြင့် နောက်တစ်နေ့ နံနက်စောစောတွင် ညက ပုန်းအောင်းခိုကိုးနေသော မြေအောက်လိုဏ်ခေါင်းများ၊ ဘုရားရှိခိုးကျောင်းများ၏ မြေအောက်လိုဏ်ခေါင်းနှင့် အခန်းများ၊ ပြည်သူအများ ခိုလှုံရန် ဆောက်လုပ်ထားသော လေဘေးကာကွယ်ရေး

mgyoe.com

mgyoe.com

စခန်းများထဲမှ ကိုယ်စီကိုယ်င ထွက်ခွာလာခဲ့ကြရ၏။ အေးမြသော လမ်းများပေါ်သို့ ရောက်သောအခါ သူ့ခများများမှာ ချမ်းသဖြင့် အတန်ငယ် ခိုက်ခိုက်တုန်လျက်ရှိရှာကြ၏။ တချို့သော မိန်းမများမှာ ညဝတ်အင်္ကျီပေါ်တွင် အပေါ်အင်္ကျီ တစ်ထပ်တည်းသာ ဝတ်ထားရှာကြ၏။ တချို့သော ကလေးသူငယ်များမှာ ညက ဂျာမန် ဗုံးကြဲလေယာဉ်ပျံများ လာရောက်ချိန်တွင် ကပျာကသီ လက်လှမ်းမီရာ ဆွဲယူလာနိုင်ခဲ့သော အဝတ်အစားများထဲမှ လျော်ရာလျော်ရာတို့ကို ဝတ်စားဆင်ယင် ပေးထားကြရရှာ၏။

နံနက်စောစောတွင် လမ်းမများထဲတွင် လေထဲ၌ လေယူရာတိမ်း ယိမ်းနွဲ့လှုပ်ရှား လွင့်ပါးလိုက်ပါနေရသော တစ္ဆေများပမာ သူ့ခများများမှာ လွင့်ပါးသွားလာနေကြရရှာပေ၏။ သူတို့သည် ပြတင်းပေါက် မရှိတော့သော အိမ်များ၊ အိမ်ရှေ့ခန်းမ မရှိတော့သော အိမ်များ၊ အမိုးအကာ မရှိတော့သော အိမ်များ၊ အမှိုက်ပုံကြီးပမာ ပြိုကွဲပျက်စီးသွားကြရရှာပြီဖြစ်သော အိမ်များကို ဖြတ်သန်းသွားရင်း တွေ့မြင်ကြရပေ၏။ မိမိတို့အိမ်များလည်း မည်သို့ ဖြစ်နေပါလိမ့်မည်နည်း ဟူ၍ သိလိုစိတ်ဖြင့် တွေးတောစဉ်းစားကြည့်မိကြပေ၏။



ဒုက္ခသည် သားသည်အမေမှာ ဤနေရာတွင်လာ၍ ခိုလှုံရာရရှာပေ၏။
"ပုလိပ်က ကျွန်မကို ဒီကို လွှတ်လိုက်ပါတယ်။ ကျွန်မတို့ လမ်းထဲက အင်ဂျင်နီယာတွေ ဗယ်မပစ်ရသေးခင်တော့ ဒီမှာပဲ ခိုလှုံရာရလိမ့်မယ်လို့ ညွှန်လိုက်ပါတယ်"

mgyoe.com

## နိုကိုးစရာ အိမ်မရှိ၍ တဝဲလည်လည်ဖြစ်ပုံ

ထိုအတောအတွင်းတွင် မိမိတို့ ယခင်က ကွေ့ချိုးနေကျ လမ်းကွေ့ကလေးသို့ ရောက်ရှိကြပေ၏။ ထိုလမ်းထောင့်တွင် ဇရာမ သံခမောက် ဦးထုပ်ကြီးကို ဆောင်းထားအပ်သော ပုလိပ်တစ်ယောက်ကို တွေ့မြင်ကြရပေ၏။ ကြိုးကြီးတစ်ချောင်းသည် လမ်းဘေး ဤတစ်ဖက်မှသည် ထိုတစ်ဖက်သို့ ဆန့်တန်းကာ ရှေ့သို့တိုး၍ ဝင်မလာနိုင်အောင် ကန့်လန့်ကြီးဖြစ်လျက်ထားသည်ကို တွေ့မြင်ရပေ၏။



အိမ်ခြေမဲ့နေသော ကလေးများအပို့ အဝတ်သစ်များ ရပေ၏။
"ကျွန်မအိမ်မှ သုတ်သီးသုတ်ပျာ ထွက်လာခဲ့ရပါတယ်။ ကလေးပို့ အင်္ကျီတစ်ထည်ချင်းထဲပဲ ပါလာခဲ့ပါတယ်။ ဒါပေမဲ့ ဒီရောက်တော့လည်း အဝတ်အစားလဲပေးစရာ အရသား"

ဝင်လိုလျက် မဝင်ရ၊ လမ်းမကြီးကို ပိတ်ဆို့ထားခဲ့လေပြီ။

ယခင်က မိမိတို့နေအိမ်၏ အုတ်များသည် ယခု မြေမှုန့်များ ဖြစ်နေကြကုန်ပြီလောဟူ၍ တွေးတောစိုးရိမ်နေကြရလေပြီ။ ယခင်က မိမိတို့အိမ်၏ သစ်သားထုပ်များ၊ တန်းများ၊ ပြတင်းပေါက်များသည် ယခု ကျိုးပဲ့လွင့်စဉ်လျက် သိသိမွမွ ကြေမွနေကုန်ပြီလောဟူ၍ ပူပန်နေကြရလေပြီ။ သို့မဟုတ်လျှင်လည်း ထိုနေရာတွင် အချိန်စေ့မှ ပေါက်ကွဲမည့် ဗုံးကြီးတစ်လုံးမှာ ကြဲချသွား၍ ယခုကဲ့သို့ ဆီးတားထားလေသလား ဟူ၍ တွေးတောရမ်းဆနေကြရလေပြီ။

mgyoe.com

မည်သို့ပင် ဖြစ်စေကာမူ ထိုသူများမှာကား ကိုယ်တွင်ဝတ်ထားသည့် အဝတ် အစားမှတစ်ပါး အခြား ဘာဆိုဘာမျှမရှိ၊ ပကတိ လမ်းထဲတွင် တဝဲလည်လည် ဆောက်တည်ခိုလှုံရာ မရ၊ ခြေသလုံးအိမ်တိုင် ဖြစ်နေကြရလေပြီ။ သူ့ခများများ ဘာလုပ် ကြရမည်နည်း၊ ပုလိပ်ဖြစ်သူပင်လျှင် ဘာလုပ်ကြရမည်ကို ပြောမပြနိုင်။ မိမိတို့ထက် ကံကောင်းသော မိတ်ဆွေသင်္ဂဟများ၊ ဆွေမျိုးညာတိများ၊ အိမ်နီးပါးချင်းများဆီသာ သွားကြပါတော့ ဟူ၍သာ ပုလိပ်ခများများမှာလည်း အကြံဉာဏ်ပေးနိုင်ရှာပေတော့၏။

တချို့သော သတင်းစာများက ယခု ပုံးကြဲခံရခြင်းသည် စင်စစ်အားဖြင့် ဆင်းရဲ သူများကို များစွာ မထိခိုက်လှကြောင်း၊ ယုတ်စွအဆုံး ချမ်းသာသောသူများထက် သက်သာကြောင်း ရေးသားကြေညာကြသည် မဟုတ်လော။ အလွန် ခံ့ညားထည်ဝါ လှသော တိုင်းသတင်းစာကြီးကလည်း "အိမ်ခြေရာမဲ့ ဖြစ်ရလေကုန်သော ဆင်းရဲသား များသည် မိမိတို့အတွက် အိမ်သစ်အိမ်ကောင်းများ ရရှိမည့် မျှော်လင့်ချက်ဖြင့် ဝမ်းသာ ခြင်းရှိသည်ထက် ဘုရင်နှင့် မိဖုရား၏ စံအိမ်မှာ ပုံးကြဲထိမှန်ရခြင်းအတွက် ပိုမို ဝမ်းနည်းခြင်းရှိဖို့ဘက်က ပို၍များကြောင်း" ဖြင့် ရေးသားလိုက်သည် မဟုတ်တုံလော။



ခိုလှုံရာစခန်းတွင် ညစာစားသောက်ချိန်။

"နေ့လယ်ဆိုရင် နေ့လယ်စာ ပူပူနွေးနွေး ရပါတယ်။ သိုးသားကို ကင်ပြီး အာလူးကလေးနဲ့ နောက် ဆန်နဲ့ လုပ်ထားတဲ့ ပူတင်းလည်း ရပါတယ်။ ကလေးကို အရင် ခွံ့ပေးရတာပေါ့လေ"

mgyoe.com


mgyoe.com

လမ်းထောင့်တွင်တွေ့ရသော သတင်းထောက် တစ်ဦးကလည်း "ဒီလူတွေဟာ ဗိုးတွေ တဖြုန်းဖြုန်း တဒိုင်းဒိုင်း ကျနေတာတောင် အပြုံးအရယ် မပျက်ဘူး၊ ရယ်နေကြတာပဲ။ နောက်ဆုံးမှာတော့ သူတို့မှာက များများစားစား ဆုံးပါးစရာမှ မရှိဘဲကိုး" ဟူ၍ ပြောလိုက်ချေသေး၏။

ထိုသို့ သတင်းစာများက ပြောကြားသော်လည်း ထိုလမ်းထောင့်တွင် အသက် ၂၁ နှစ်မျှ ရှိသေးသော မစ္စက်ကယ်ရီးလင်းဝရိုက်ဆိုသူ အိမ်ထောင်သည် မိန်းမတစ်ဦးသည် အိပ်ခန်းထဲတွင်သာ စီးလေ့ရှိသော ဖိနပ်ကို စီးထားရင်း ကလေးကို တစ်ဖက်သော လက်ဖြင့် ချီပွေ့လျက် တစ်ဖက်သော လက်ဖြင့် အဝတ်အစားထည့်သော စက္ကူသားရေ လက်ဆွဲအိတ်ကို ကိုင်ထားပြီးလျှင် ပုလိပ်၏ မျက်နှာကို အားကိုးသော အမူအရာဖြင့် မော်၍ ကြည့်နေသည်ကို တွေ့ရပေ၏။ တစ်ဝက်တစ်ပျက်မျှ ပွင့်ဟလျက်ရှိသော ပါးစပ်၏ ထောင့်နှစ်ဘက်မှာ ပြုံးနေသလိုလို အပေါ်ဆီသို့ တွန့်တက်၍ နေကြရာ စကားကိုလည်း ဆတ်တောက်တောက် ပြောနေခြင်းကို ထောက်လျှင် စိတ်လက်ရွှင်ပြုံးနေသူ တစ်ဦးဟု ထင်မှတ်ဖွယ် ရှိနေပေရာ သို့သော် စင်စစ်ကေန်အားဖြင့် ထိုသူငယ်မကလေးသည် ရွှင်ပျပါ၏လော။ သူ၏ ပါးစပ်နှင့်အသံ ယခုလို အနေအစား ပျက်နေခြင်းသည် စိတ်မပျက်ဘဲ ရွှင်မြူးမြဲ ရွှင်မြူးနေခြင်းကြောင့် မဟုတ်မူ၍ အံ့သြထိတ်လန့်ခြင်းနှင့် စိုးရိမ်ပူပန်ခြင်းကြောင့်ပင် ဖြစ်လေသလော။ ဤမေးခွန်းများကား လိုမည် ဖြစ်ပေ၏။ ထိုသူငယ်မကလေးတွင် မည်ကဲ့သို့ ဖြစ်ပျက်ခဲ့သည်ကို စစ်ဆေးကြည့်ရှုကြစို့။

အိမ်ထောင့်ရှင် သူငယ်မကလေးက "ကျွန်မ စတက်ပနေကအိုရှင်းလမ်းမှာ နေဖူးပါတယ်။ ကျွန်မ ယောကျ်ားက အရှေ့ပိုင်းမှာ တာဝန်ကျ အလုပ်လုပ်နေရတော့ ကျွန်မလည်း ကျွန်မကို ဆိုင်ရာက အခေါ်တောင် မစောင့်တော့ဘူး။ သူ စနေနေ့ ထွက်သွားရတယ်ဆိုရင်ပဲ ကျွန်မလည်း တနင်္လာနေ့မှာ ထွက်လာပြီး မြစ်ရေခပ်တဲ့ အသီးကို ဆွတ်တဲ့ အလုပ်လုပ်တာပဲ။ ဒီနှစ် လုပ်ရတာ အကျပ်သား။ ညညဆိုရင် ထမင်းကလေးချက်ဖို့တောင် မီးမထွန်းရ။ တဲတွေမှာလည်း လေဝင်ပေါက်တွေတောင် ညညဆိုရင် ပိတ်ဆို့ထားကြရတဲ့ အခါကြီး ဖြစ်နေတယ်။ နေ့ဘက်များဆိုရင် ကျွန်မတို့ ခေါင်းပေါ်မှာ လေယာဉ်ပျံချင်း လေယာဉ်ပျံချင်း တိုက်လိုက်ကြ၊ စက်အမြောက်နဲ့ ပစ်လိုက်ကြနဲ့။ တစ်ချိန်လုံး အတိုင်းသား မြင်နေကြရတာပဲ။ ဒါပေမဲ့ ကျွန်မတို့ အလုပ်တော့ မပျက်ခဲ့ပါဘူး။ သုံးတင်းပြည့်တယ်ဆိုရင် တစ်သျှီလင် ရတော့တာပဲ။

mgyoe.com



နေရထိုင်ရပုံမှာ လူမြင်သူမြင်။
"ကလေးအတွက် လဲစရာ အဝတ်ကလေးရတာပဲ ကျေးဇူးတင်လှပါပြီ။ နေရတာ လူမြင်သူမြင် ကျလွန်းလှပေမဲ့ လမ်းမှာ နေရတာထက်တော့ တော်သေးတာပဲ"

ကျွန်မနဲ့ ကျွန်မမိတ်ဆွေ တစ်ယောက်ဟာဖြင့် တစ်နေ့ကို တင်း ၆၀ တောင် ဆွတ်လို့ပြီးတယ်၊ ကျွန်မတို့ နှစ်ယောက်ရတာကို ဝေမျှယူနေကြတာပဲ။ တနင်္ဂနွေ နှစ်ပတ်လောက် ဆွတ်လိုက်တယ်ဆိုရင်ပဲ အဲဒီအကွက် တစ်ကွက်တော့ ပြောင်သွားတာပဲ။ ကျွန်မတို့ကို တခြား အကွက်တစ်ကွက်ပြောင်းပြီး ဆွတ်မလားလို့ မေးတယ်။ ဒါပေမဲ့ ကျွန်မ ယောကျ်ားက သူရောက်ပြီး စစ်မှုထမ်းနေရတဲ့ တောင်ပိုင်းဆီကို ကျွန်မ လာနေစေချင်တဲ့ ဆန္ဒရှိလေတော့ အဲဒီအတောအတွင်းမှာ ကျွန်မရဲ့ အမေကြီးနဲ့ ခဏလာနေတာပေါ့။ အဲ ညကတော့ လမ်းအလယ်ကောင်ကြီးမှာ အချိန်စေ့မှပေါက်မယ့် ဗုံးကြီးတစ်လုံး လာကျနေတော့တာပါပဲ။ ကျွန်မလည်း အများခိုလှုံဖို့ လုပ်ထားတဲ့ လေဘေးဌာနထဲ ဝင်ပြီး ခိုနေရတာပေါ့။ နောက်တော့ အစောင့်တွေ ရပ်ကွက်အုပ်တွေ လာတဲ့ပြီး ကျွန်မတို့ကို အိမ်မပြန်ဘဲ နေကြဦးလို့ ပြောတော့တာပဲ။ နောက် ဘာမှ မသိရသေးခင် ပြန်သွားရင် စိုးရိမ်ရတယ်လို့ ပြောတာပဲ။ အဲဒီတော့ ကျွန်မလည်း ကလေးတစ်ဖက်၊ သေတ္တာတစ်ဖက်နဲ့ ဒီနေရာကို ရောက်လာခဲ့ရတာပဲ။ ကျွန်မတို့ကို

mgyee.com



အားလပ်ချိန်။ ။ အိမ်မှုကိစ္စလုပ်စရာမရှိဘူး ဆိုတော့ အချိန်ဟာ အကုန်ခဲသား။ ဂျူလီယာက အားလပ်ချိန်ဆိုရင် ဇာထိုးတော့တာပဲ။ လီလီယံ ဆိုတာကတော့ စာတစ်ရေးထဲ ရေးနေတာပဲ။ ကျွန်မတော့ ကလေးနဲ့သာ အချိန်ကုန်ရတာပဲ"

အချိန်နဲ့ပေါက်တဲ့ ဗုံးအကြဲခံရတဲ့ လူတွေရယ်ဆိုပြီး စာတိုစာရှည် မပေးဘူးပေါ့လေ။ အဲဒါကြောင့် ကျွန်မလည်း ဘယ်ဆီသွားရမှန်း မသိတော့ဘူး။ သူတို့ မေးမြန်းတော့လည်း ပုလိပ်ကို မေးကြည့်ပါ။ ပုလိပ်တွေသိမှာပဲလို့ ပြောကြတယ်။ ပုလိပ်တွေက အကြောင်းစုံ ပြောပြနိုင်သတဲ့ရှင့်။ ဒါကြောင့် ဒီကို ရောက်လာရတာ" ဟူ၍ ပြောပြလေသည်။

လမ်းထောင့်ရှိ ရောမ သံခမောက်ဦးထုပ်ကြီး ဆောင်းထားသော ပုလိပ်ကြီး ခေါင်းကိုကုတ်လေပြီ။ အချိန်စေ့ရောက်မှ ပေါက်ကွဲမည့် ဗုံးများဘေးရန်မှ ပြေးလွှား သွားလာရသူများ၏ ပြဿနာသည် ရှုပ်ထွေးကြီးလေးလာခဲ့လေပြီ။ ဗုံးများ ကြဲချ၍ လောလောလတ်လတ် အိမ်များ ပျက်စီးသဖြင့် ဒုက္ခရောက်ကြရသော သူများ၏ ကိစ္စမှာ ဖြေရှင်းရန် လွယ်ကူချေသေး၏။ ဤသူတို့ကို မည်သို့ ကူညီလမ်းညွှန်နိုင်ပါအံ့နည်း။

"နေဦးလေ၊ လက်မှတ်ပေးတဲ့ အရာရှိလာတော့မှ စားဖို့နေဖို့နေရာ ဘယ်ဆီများ မှာ ရှိတယ်ဆိုတာ သူပြောနိုင်မှာပဲ။ အစိုးရ ဖွင့်ပေးထားတဲ့ စခန်းတွေအနက် ဘယ်စခန်း မှာ နေရာလပ်ရနိုင်မယ် ဆိုတာ သူမှသိမှာပဲ။ ပြီး နောက်တစ်စခန်း တစ်နေရာ ရွှေ့နေနိုင်ဖို့ရာအတွက်ကို အိမ်နေရာချထားရေး ဌာနမှာ တစ်ခါသွားပြီး မေးပေတော့။

mgyoe.com

mgyoe.com

အဲဒီကမှတစ်ခါ။ စားနပ်ရိက္ခာစားနိုင်တဲ့ စာရင်းသစ်ထဲမှာ ကိုယ့်နာမည်ပါဖို့နဲ့ ဆိုင်ရာစာရင်းဖွင့်ဖို့ အစာပေးရေးဌာနရုံးကို သွားချေဦး။ ကိုယ့်အဝတ်အစားတို့၊ အိမ်ထောင်ပရိဘောဂတို့ ဘာတို့ညာတို့ ရချင်လို့ရှိရင်ဖြင့် မြို့တော်ခန်းမကဖြစ်ဖြစ် အရပ်ထဲက ပင်စင်အငြိမ်းစားဌာနကဖြစ်ဖြစ် သတ်မှတ်ပေးထားတဲ့ ပုံစံစာရွက်ကလေးတွေမှာ လိုရာရာကို ရေးထည့်ပြီး တင်လိုက်၊ အဲဒီလျှောက်လွှာကလေးဟာ အကူအညီပေးရေး အရာရှိဆီ ရောက်သွားလိမ့်မယ်။ သိပ်ပြီး အရေးတကြီးကို လိုနေပါတယ်လို့ အကြောင်းခိုင်ခိုင်လုံလုံ မပြနိုင်ရင်တော့ အဲသလို လျှောက်တဲ့ဥစ္စာတွေကို စစ်မပြီးခင် မရနိုင်ပေဘူးတဲ့။ အကြောင်းခိုင်ခိုင်လုံလုံ ပြနိုင်ရင်တော့ဖြင့် စစ်အပြီးမှ ကိုယ်ရနိုင်မယ့် လျော်ကြေးထဲက စပေါ်အဖြစ်နဲ့ ငွေအနည်းအကျဉ်းတော့ရမှာပဲ။ ဝယ်ပြုပြီး စားဖို့ သောက်ဖို့ ပိုက်ဆံ အရေးတကြီး လိုနေတယ်ဆိုရင်တော့ အကူအညီပေးရေး ဘုတ်အဖွဲ့ဆိုတာ ရှိလေရဲ့။ အဲဒီကို လျှောက်ထားပေတော့" ဟူ၍ ပြောပြညွှန်ကြားနိုင်ပေသည်။


"ဘာဖြစ်လို့ သူတို့တွေဟာ ကြော်ငြာစာရွက်တွေကို ကပ်ပြုပြီး မထားရတာတဲ့လဲ။ အိမ်ခြေယာမဲ့ဖြစ်တဲ့ လူတွေဟာ ဘယ်အရာရှိဆီကိုသာ သွားရမယ် ဘာမယ်ဆိုတာ



စတက်ပနေမြို့တော်ဝန် လာရောက် ကြည့်ရှုစဉ်။
"ကျွန်မတို့ ဘယ်လိုနေကြထိုင်ကြတယ်ဆိုတာ မြို့တော်ဝန် လာကြည့်ရှာပါတယ်၊ ကျွန်မတို့တော့ တော်ပါရဲ့ တချို့နေရာမှာဖြင့်ရင် လူတွေ အများကြီး ခိုလှုံရာမရဘဲ တဝဲလည်လည် သောင်တင်နေကြရှာတယ်"

mgyoe.com

mgyoe.com

ရေချိုးပေးရာတွင် သူစိမ်းတစ်ရံဆံ၏ ကူညီခြင်း။
"အစောင့်အရှောက် မိန်းမတွေဟာ အစစအရာရာ လုပ်ပေးကြရှာပါတယ်။ ကလေး တောင်းယူပြီး ရေချိုးပေးကြသေးတယ်။ ကျွန်မ ကလေးကတော့ အကြိုက်ပေါ့ရှင်"

သိရတာပေါ့။ နို့ပြီးတော့လည်း ကိုယ့်မှာ ဘယ်လိုအခွင့်အရေးရှိလို့ ဘယ်ဟာဘယ်ဟာ ရထိုက်တယ် ဘာတယ်ပေါ့လေ။ အဲဒါတွေလည်း သိရတာပေါ့။ ပြီး... ဆွေတွေ၊ မျိုးတွေကလည်း သူတို့ ဘယ်ဆီမှာရောက်နေတယ်၊ ဘာဖြစ်နေတယ်ဆိုတာ သိရအောင် ဘယ်မှာ ဘယ်မှာ စုံစမ်းရင်ဖြင့် သိနိုင်လေရဲ့။ အဲဒါမျိုးတွေကို သေသေချာချာ ကြော်ငြာစာရွက်ကြီးတွေ ကပ်ထားဖို့ သိပ်ကောင်းတာပဲ။ ဘာပြုလို့ ကပ်မထားကြတာလဲ" ဟူ၍ ထိုအိမ်ထောင်ရှင် ဒုက္ခသည်မကလေးက မေးမြန်းသည်တွင် ပုလိပ်ကြီးက "မသိပါဘူး၊ သူငယ်မရယ်။ သူတို့မှာလည်း အကြောင်းတွေရှိဦးမှာပေါ့လေ" ဟူ၍သာ ဖြေကြားနိုင်လေတော့သည်။

"နို့ ကျွန်မ ထမင်းတစ်နပ်စားရဖို့ ဘယ်သွားရမှာလဲ။ ကလေးအတွက်လည်း အနှီးကလေး လဲပေးချင်သေးတယ်။ အဲဒါက ဘယ်ဆီ ဘယ်လမ်း ဘယ်စခန်းမှာ ရနိုင်မှာလဲ။ ပြီး... ညကျတော့ အိပ်ဖို့ အိပ်ရာကလေး တစ်နေရာလည်း လိုချင်သေးတယ်။ ဘယ်မှာ ရနိုင်ပါ့မလဲ"

"မသိဘူး၊ သူငယ်မရေ့။ စာသင်ကိုသာ မေးကြည့်ချေတော့"

mgyoe.com

သို့ဖြင့် အိမ်ထောင့်ရှင် ဒုက္ခသည်မကလေးမှာ ကလေးကို ခါးစောင်းတင်ကာ လက်ဆွဲအိတ်ကလေးကို တစ်ဖက်ကကိုင်လျက် လမ်း၏ အခြားထောင့်တစ်ဖက် စာသင်ဆိုသူရှိရာသို့ ဖြတ်သန်းလာခဲ့ရပြန်လေ၏။ စာသင်လည်း ဒုက္ခသည်မကလေး ၏ အဖြစ်အပျက်တို့ကို နားထောင်ပြီးလျှင် မိမိ အကြံပေးလမ်းညွှန်နိုင်ကြောင်း၊ ဒုက္ခသည်မကလေး၏ ကံမှာ အလွန်ကောင်းနေသည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ ၎င်း၏ ရပ်ကွက်ထဲတွင် အချိန်စေ့မှ ပေါက်ကွဲမည့် ဗုံးများကျရောက်၍ တိမ်းရှောင်လာရသော ဒုက္ခသည်များအတွက် ခိုလှုံရန် သီးသန့်ထားသော နေရာကလေးတစ်ခု ကံအားလျော်စွာရှိကြောင်း ပြောပြပြီးလျှင် ထိုနေရာသို့ ညွှန်ကြားလိုက်သဖြင့် ထွက်လာခဲ့ရာ ကောင်းမွန် ဆိုက်မြိုက်စွာ ရောက်ရှိခဲ့ပေ၏။

ဤနေရာတွင်ကား မိမိ၏ ခုနစ်လသား ကလေးအတွက် အဝတ်အစား လဲပေးရန် ထောင်ပုံရာပုံရှိသော အဝတ်ပုံကြီးထဲမှ တော်မည့်အင်္ကျီကို ရှာဖွေပေးသော အပျော်တမ်း မိန်းမအလုပ်သမား အမျိုးမျိုးကို တွေ့ရှိရပေ၏။ အောက်ထပ်တွင် အခင်း



မအိပ်ပူးသော အိပ်ရာပေါ်တွင် အိပ်ရသော ပထမည။
"ကျွန်မ ကလေးကတော့ တစ်နေ့လုံး အသစ်အဆန်းချည်း တွေ့နေရတာပဲ။ ဗုံးကြောင့် ထွက်လာရ၊ လူသစ်တွေ တွေ့ရ၊ မမြင်ပူးတာတွေ မြင်ရ၊ အိပ်ရာသစ်ပေါ်မှာ အိပ်ပျော်တန် ကောင်းပါရဲ့"

mgyoe.com

mgyoe.com

အကျင်းမရှိသော စားပွဲများချထားရာ ၎င်းတို့မှာ အိမ်ခြေယာမဲ့ ဖြစ်နေသူတို့ ခေတ္တ အသုံးပြု တည်းခိုလဲလျောင်းရန် ဖြစ်သည်ကို တွေ့ရှိရပေ၏။

ဤအိမ်ထောင့်ရှင်မကလေး မစ္စက်ဝရိုက်ကား ကံကောင်းလှသူ တစ်ဦး ဖြစ်သည်ဟု ဆိုရမည် ဖြစ်ပေ၏။ အခြားသော နေရာများတွင် အချိန်စေ့မှ ပေါက်ကွဲမည့်ဗုံး ကျရောက်၍ ပြေးလွှားလာရသူများမှာ ဒယ်အိုးများ၊ ပန်းကန်ပြားများ၊ သို့မဟုတ် သံစည် များကို ကိုင်လျက်ဖြစ်စေ၊ များသောအားဖြင့် အူတကြုတ်ကြုတ် အစာဟောင်းလောင်း ဖြင့်ဖြစ်စေ၊ အစားအစာ လာရောက်ပေးမည်ဆိုသော မတ်တတ်စားဖိုရုံများကို တသီ တတန်းကြီး စောင့်ဆိုင်းလျက် လမ်းမကြီးတွင် ရပ်တန့်နေကြရသည်ကသာ များပေ၏။

အိပ်ချိန်သို့ ရောက်သည့်အခါ၌လည်း အိပ်စရာနေရာ မရှိ၊ ခုတင် ညောင် စောင်း လဲလျောင်းဖွယ်ရာ တစ်စုံတစ်ရာ မမြင်။ လာပြီး ခေါ်ပါလိမ့်မည်ဟုဆိုသော ဘတ်စ်ကားများ အလာကိုသာ အတိုင်းအရှည်မသိ စောင့်စားမျှော်လင့်ရင်း ကျောင်း ကြမ်းပြင်များပေါ်၌ လူပေါင်း ရာထောင်စုရုံး၍ တစ်ညလုံး ထိုင်ကာ နေကြရရှာသည် ကသာ များလှပေ၏။ ဘတ်စကားများ ပေါ်လာပြန်သောအခါ အလွန်နောက်ကျနေ



"ကံကောင်းသူများကား မိတ်ဆွေသင်္ဂဟများထံ သွားရောက် မှီခိုနေထိုင်နိုင်ကြသဖြင့် ပြုံးနိုင်ရယ်နိုင်ကြသေး၏"

mgyoe.com

သည်ကသာ များလှပေ၏။ သို့ဖြစ်သဖြင့်လည်း ကျွန်ုပ်တို့ ဖော်ပြခဲ့သော အိမ်ထောင်ရှင် ဒုက္ခသည်မကလေးမှာ ကံကောင်းသေးသည်ဟု ဆိုခဲ့ကြရခြင်း ဖြစ်ပေ၏။

အိမ်မရှိယာမရှိ အခြေမဲ့အနေမဲ့ ဖြစ်ကြရသောသူများ၏ ပြဿနာမှာ အလွန်ကြီးပြီး အလွန်ကျယ်ဝန်းသော ပြဿနာကြီးတစ်ရပ် ဖြစ်ပေ၏။ ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် ကျရောက်ပြီးနောက် ယခုပေါက် ယခုကွဲနှင့် ယခုချက်ချင်း လက်ငင်းပင် ဖရိုဖရဲ ပြိုကွဲပျက်စီးရသော အိမ်များမှ ထွက်ပြေးလာရသော ဒုက္ခသည်များ၊ ယခုချက်ချင်း မပေါက်မူ၍ အချိန်စေ့မှ ပေါက်ရန် ကိုယ့်အိမ်နားတွင်ကျရောက်နေသော ဗုံးကြောင့် တိမ်းရှောင်လာခဲ့ရသော ဒုက္ခသည်များဟူ၍ နှစ်မျိုးနှစ်စားရှိရာ၌ ထိုနှစ်မျိုးနှစ်စားစလုံးအတွက် သက်သာချောင်ချိရေးနှင့် စပ်လျဉ်း၍ ကြိုတင်စီစဉ်ထားမှုမှာ အလွန်နည်းပါးလှသဖြင့် ယခုကဲ့သို့ ဖြစ်ကြရခြင်းဖြစ်ပေ၏။ ထိုဒုက္ခသည်များ၏ စားရေးသောက်ရေး၊ နေရေးထိုင်ရေးကိစ္စမှာ အလွန်အရေးကြီးနေရာ ထိုကိစ္စများကို စီစဉ်ဆောင်ရွက်ရန် အသစ်ခန့်ထားခြင်းခံရသည့် မစ္စတာဟာင်နရီဝီးလင့်သည် အလွန်ခဲယဉ်းပင်ပန်းစွာ ဆောင်ရွက်စီစဉ်ပေးနေရလျက် ရှိပေ၏။

"ကျုပ်ရဲ့ အလုပ်က အတော်တော့ ဆန်းတဲ့အလုပ်ပဲ။ ဒီအလုပ်ကို ခန့်လိုက်လို့ အရက် ၂၀ လောက် ကြာတယ်ဆိုရင်ပဲ ဗုံးဘေးကြောင့် ပြေးလာရတဲ့ လူတွေကို မြို့တော်ကြီးရဲ့ အပြင်ကို ထုတ်နိုင်တဲ့ အခွင့်အာဏာ ကျုပ်ဆီမှာ မရှိတာကို တွေ့ရတော့တာပဲ" ဟူ၍ ဟာင်နရီဝီးလင့်က ပြောပြပေသည်။ အထက်ဖော်ပြရာပါ အိမ်ထောင်သည်မကလေးကဲ့သို့ အလုပ်ကအပြန် မြို့တော်ထဲသို့ ပြန်အဝင်တွင် ကိုယ့်အိမ်ကိုယ် မသွားနိုင်သောအဖြစ်မျိုးနှင့် တွေ့ကြုံရသူတို့အား အကူအညီပေးရန် ထိထိရောက်ရောက် မဖြစ်နိုင်ရှိနေချေသည်။ ဗုံးကြဲရာတွင်ပါသွား၍ အိမ်သစ်ကို မြို့တော်ကြီးထဲမှာပင် ပြန်လည်ဆောက်ချင်သောသူများ၏အတွက်ကလည်း တစ်ခက် ဖြစ်နေချေတော့သည်။ ဘိလပ်အရှေ့ပိုင်းရပ်ကွက်တွင် ဗုံးကြောက်ခမန်းလိလိ အကြဲခံရဖူးသူများမှာ အနောက်ပိုင်းရပ်ကွက်၌ နေရာထိုင်ခင်းပေးသော်လည်း မနေလိုကြပေ။ တချို့သော မိန်းမများမှာမူ ကိုယ့်လင်ကို ကိုယ်စွန့်ခွာ မသွားချင်ကြ၍ ပေတေပြီးနေကြရာ ၎င်းတို့အား လုံခြုံရာသို့ ပို့ပေးနိုင်သော အခွင့်အာဏာလည်း မစ္စတာဟာင်နရီဝီးလင့်တွင် မရှိဖြစ်နေချေသတည်း။

ဂျာနယ်ကျော်၊ အုပ်တွဲ (၇)၊
ဇန်နဝါရီ ၄၊ ၁၉၄၁။

❐

mgyoe.com